# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောကဌ် ရန်တုံ့မှုခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမှုသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောကဌ် ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၄)


# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောင္ဃသမအစည်းအဝေး ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ၄၇ ပါးစုံညီ သောင္ဃသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးခင်မောင်ဝင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁*


# နှစ် (၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနား နေပြည်တော်၌ ကျင်းပ




**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်များ နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အခမ်းအနား၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက် အားပေးကြသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာ နှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ချင်းတိုင်းရင်းသား တိုင်းရင်းသူလေးများက လုပတဲ့ချင်းပြည် အဖွင့်သီချင်းကိုသီဆို၍ နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက် စကားပြောကြားရာတွင် ချင်းအမျိုးသားနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး၊ အထူးသဖြင့် ချင်းတောင်တန်းကနေ ကျွန်မတို့ကို ဖျော်ဖြေဖို့အတွက် ဆင်းလာတဲ့ ချင်းတိုင်းရင်းသားများအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အခုဆိုရင် နေပြည်တော်မှာ ချင်းတိုင်းရင်းသားများနေ့ ကျင်းပတာကို အခေါက်ခေါက်အခါခါ ကျွန်မတက်ရောက်ခဲ့ပါတယ်။ တစ်ခါပဲ ပျက်ကွက်ခဲ့ပါတယ်။


*စာမျက်နှာ ၄ ကော်လံ ၁*





မြန်မာ့အလင်း

# ဒီရေတောထိန်းသိမ်း ကာကွယ်ရေး

ဒီရေတောတို့သည် သဘာဝပတ်ဝန်းကျင်အတွက် အထူးအထောက်အကူပြုပါသည်။ ဤဒီရေတောတို့မှ လူသားတို့အတွက် များစွာသော အထောက်အပံ့တို့ကို ဖန်တီးပေးပါသည်။ ဒီရေတောတို့က လူသားတို့အတွက် ဖန်တီးပေးလိုက်သော အထောက်အပံ့တို့သည် ငွေကြေးပမာဏအရပြောရမည်ဆိုပါက နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၈၆ သန်းခန့်ပင်ရှိသည်ဟုပညာရှင်တို့က တွက်ချက်ပြကြပါသည်။

ဒီရေတောတို့သည် မျိုးစုံသော ငါး၊ ကဏန်း၊ ပုစွန်နှင့်ခရုတို့ ပေါက်ဖွားရာ နေရာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒီရေတောတို့သည် ကမ်းရိုးတန်းတစ်လျှောက်ရှိ လူသားတို့အတွက် စားနပ်ရိက္ခာဖန်တီးပေးရာ ရင်းမြစ်တစ်ခုဖြစ်ပါသည်။ လေ့လာမှုတစ်ခုအရ ဒီရေတောတို့အနီးရှိ ကျောက်တန်းတို့၌ ငါး၊ ပုစွန်ပေါက်ပွားမှုသည် ဒီရေတောမရှိသော နေရာတို့ထက်အဆပေါင်း (၂၅ ) ဆများသည်ဟု သိရှိရပါသည်။ ဒီရေတောတို့သည် အင်းဆက်တို့၏ဒဏ်ကို တွန်းလှန်နိုင်သည်ဖြစ်၍ ကမ်းရိုးတန်းဒေသရှိ ပြည်သူတို့သည် ဒီရေတောတို့ကို ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် ထင်းအဖြစ်အသုံးပြုကြပါသည်။ ဒီရေတော၏ အရွက်တို့ကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြပါသည်။ ဒီရေတောတို့သည် ကျရောက်လာမည့် မုန်တိုင်းတို့၏ အန္တရာယ်ကိုလည်းလျော့ပါးစေပါသည်။ဤအချက်တို့ကို ကြည့်ရုံမျှဖြင့် ဒီရေတောတို့၏ တန်ဖိုးကို သိနိုင်မည် ဖြစ်ပါသည်။

ယခုအခါ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ ဒီရေတောများ ပြန်လည်ထူထောင်နိုင်ရန်အတွက် စီမံကိန်းတစ်ရပ်ကိုချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤစီမံကိန်းသည် ငါးနှစ်စီမံကိန်းဖြစ်ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ပို၍ပြည့်ပြည့်စုံစုံ တင်ပြရမည်ဆိုပါက ဤစီမံကိန်းသည် မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိသော ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ သတ္တမမြောက် ဒီရေတောရေိယာ အထူထပ်၊ အကျယ်ပြန့်ဆုံးနိုင်ငံဖြစ်၍ ဒိန်းမတ်နိုင်ငံက ဤစီမံကိန်းအတွက် အလေးထားကူညီဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ဒိန်းမတ်နိုင်ငံက ဤကဲ့သို့ အလေးထားကူညီဆောင်ရွက်နေခြင်း၏ အခြေခံအကြောင်းရင်းတစ်ရပ်သည် မြန်မာနိုင်ငံ၏ ဒီရေတောများ ပျက်စီးဆုံးရှုံးလာသောကြောင့် ဖြစ်ပါသည်။

တိုင်းပြည်၏ပြောင်းလဲလာသော အနေအထားတို့အရ မြို့ပြများချဲ့ထွင်ခြင်းအပါအဝင် မြေအသုံးချမှုပုံစံပြောင်းလဲခြင်းနှင့် ထင်း မီးသွေးတို့အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကြောင့် မြန်မာနိုင်ငံ၏ ဒီရေတောတို့ ပျက်စီးဆုံးရှုံးလာခြင်း ဖြစ်ပါသည်။ ဤစီမံကိန်းလုပ်ငန်းများ၌ ဒီရေတောများပြန်လည်စိုက်ပျိုးခြင်းအပြင် ဒီရေတောများအား ကာကွယ်ပေးမည့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများကိုလည်း ဖန်တီးသွားမည်ဖြစ်ပါသည်။ထို့မျှမက ဒေသခံပြည်သူများကိုယ်တိုင် စုစည်းလုပ်ကိုင်သည့် ပြည်သူအစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ခြင်းနှင့် ထင်းအသုံးနည်းစေမည့် စွမ်းအားမြင့် မီးဖိုထုတ်လုပ် ဖြန့်ဖြူးခြင်းကဲ့သို့သော ဘက်စုံလုပ်ငန်းများကိုပါ ယှဉ်တွဲဖော်ဆောင်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤစီမံကိန်းအောင်မြင်ရေးအတွက် ပူးတွဲဆောင်ရွက်လျက်ရှိသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ဒိန်းမတ်နိုင်ငံတို့အား ဂုဏ်ပြုပါကြောင်းလေးစားစွာ တင်ပြအပ်ပါသည်။ ။



ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် ဈေးကြီးလမ်းမပေါ် လေဟာပြင်ညဈေးရှေ့၌ မှုခင်းအသိပညာပေးယာဉ်ကြီးဖြင့် ရပ်ကွက်နှင့် လမ်းသွားလမ်းလာကြည့်သူတို့အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်က မှုခင်းဖြစ်ရပ်များ ကြိုတင်သိရှိကာကွယ်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးဟောပြောစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ စည်းဝေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၁/ ၂၀၁၈) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ပညာရှင်များတက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဘိဓေမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဆရာတော် အဘိဓေမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသက အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(အပေါ်ပုံ)**

**အစည်းအဝေးဆုံးဖြတ်ချက်များ**

ဆက်လက်၍ ၁၇-၉-၂၀၁၇ ရက်တွင် ကျင်းပခဲ့သော တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/ ၂၀၁၇) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူသည်။ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/ ၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက တင်ပြသည်။

ထို့နောက် ဗဟိုပညာရေးအဖွဲ့(၁/ ၂၀၁၈) အစည်းအဝေး၏ တင်ပြချက်များအပေါ် တက်ရောက်လာကြသူများက ဝေဖန်ဆွေးနွေးဆုံးဖြတ်ခြင်း၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့(ရန်ကုန်၊ မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ ဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ရေးဆွဲရေး ကိစ္စတင်ပြခြင်း၊ သုဝဏ္ဏဘူမိမြို့တော်ဟောင်းနေရာများ လေ့လာရေးခရီးစဉ် ကြွရောက်ခြင်းကိစ္စတင်ပြခြင်းနှင့် အထွေထွေဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် သဘာပတိဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားကာ အစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

**ပေးအပ်လှူဒါန်း**

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ရန်ကုန်၊ မန္တလေးနှင့် အုပ်ချုပ်ရေးဗဟိုအဖွဲ့အတွက် ကွန်ပျူတာ ၁၅ စုံကို မိခင်ကြီး သုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်ဆွေအား အမှူးထား၍ ဦးကျော်ဇေယျာဝင်း+ ဒေါ်ဆွေလပြည့်စိုး၊ မပွင့်ဖြူဟန်(ခ)မပွင့်ဖြူစိုး၊ သမီးမနှင်းအဥ္စလီ မိသားစုက ပေးအပ်လှူဒါန်းပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**

# မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်၌ တောဓလေ့အသွင် သင်္ကြန်ညဈေးပွဲတော် ထည့်သွင်းကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

ယခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်တွင် ကျုံးအရှေ့ဘက် ၆၆ လမ်းပေါ်၌ တောဓလေ့အသွင် သင်္ကြန်ညဈေးပွဲတော်ကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

အဆိုပါ ဈေးပွဲတော်ကို သင်္ကြန်ကာလအတွင်း မန္တလေးမြို့သို့ လာရောက်ကြသည့် နိုင်ငံတကာခရီးသွားဧည့်သည်များ အပန်းဖြေရင်း ပျော်ရွှင်ကြည်နူးမှုရရှိစေရန်နှင့် မြန်မာမှုဓလေ့များကို လေ့လာနိုင်စေရန် ရည်ရွယ်၍ ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကျင်းပမည့် သင်္ကြန်ညဈေးပွဲတော်တွင် မြန်မာ့ရိုးရာအစားအစာရောင်းချသည့် ဆိုင်တန်း၊ ရုပ်သေးဖြင့် ကပြဖျော်ဖြေမည့် အစီအစဉ်များ၊ ရုပ်ရှင်ပိတ်ကားဖြင့် ဂန္ထဝင်မန္တလေး အငွေ့အသက်ပါသည့် ရုပ်ရှင်ကားဟောင်းများပြသခြင်းတို့ ပါဝင်မည်ဖြစ်ပြီး အလှပြကားများ၊ အလှပြမဏ္ဍပ်များဖြင့် ဖျော်ဖြေတင်ဆက်လိုပါကလည်း ကြိုဆိုအားပေးကြောင်း ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၀-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၅၅/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၅ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၀ ・ ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၄ ・ ၉ |
| ထိုင်း | တစ်ဘတ် | ၄၂ ・ ၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၆ |
| တရုတ် | တစ်ယွမ် | ၂၀၉ ・ ၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ ・ ၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

၁ ရှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြား

ဤဓမ္မ၊ အဓမ္မ ဆုံးဖြတ်ပေးရန် စောဒနာအပ်သော ကျမ်းစာများကို လေ့လာကြည့်ရှုရာ ယခင်စာပေစိစစ်ရေး၏ ပျော့ကွက်၊ ဟာကွက်ကြောင့် ဖြစ်ရသည်ကို တွေ့မြင် သိရှိခဲ့ရပါကြောင်း၊ ထိုကျမ်းစာအုပ်များကို စိစစ်ကြည့်ရှုရာ စာပေစိစစ်ရေးမှ ခွင့်ပြုချက်ဖြင့် ရိုက်နှိပ်အပ်သော ကျမ်းစာအုပ်များဖြစ်ခြင်းကြောင့် အဓမ္မမဟုတ် ဓမ္မသာဖြစ်သည်ဟု သောနေထားသည်ကိုလည်း တွေ့မြင်သိရှိခဲ့ရပါကြောင်း။

စာပေစိစစ်ရေးဖြင့် စိစစ်သော ကာလကပင် ထိုကဲ့သို့ ပျော့ကွက် ဟာကွက်မျိုးရှိခဲ့ပါလျှင် ယခုကာလတွင် ဆိုဖွယ်ရာမရှိတော့ကြောင်း၊ သို့ဖြစ်ရာ





သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေး ပထမနေ့ကျင်းပရာ ဆရာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ သတင်းစဉ်

လျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

## ကျမ်းစာအုပ်များ စိစစ်ရေး

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူရာတွင် ယနေ့ကျင်းပသော အစည်းအဝေး၌ စာစောင်များ၊ ကျမ်းစာအုပ်များ စိစစ်ရေးနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို လျှောက်ထားလိုပါကြောင်း။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၂) အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့ ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို(က)မှ (ဆ)အထိ (၇)ချက် ပြဆိုထားပါကြောင်း၊ ထို(၇)ချက်တို့တွင် အပိုဒ်ခွဲ(ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်"ဟု ဆိုထားပါကြောင်း၊

ထိုအပိုဒ်ခွဲ(ဂ)ပါ ရည်ရွယ်ချက်၌-

(၁) ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန်၊

(၂) ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်-

ဟု စကားနှစ်ရပ်ရှိရာ ဒုတိယစကားရပ်တွင် လျှောက်ထားမည် ဖြစ်ပါကြောင်း၊

ယခု မကြာသေးသော နှစ်များအတွင်း ဓမ္မ၊ အဓမ္မအငြင်းပွားမှုခင်းများ ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ထိုဓမ္မ၊ အဓမ္မ အငြင်းပွားမှုခင်းများကို ဖြေရှင်းဆုံးဖြတ်ရသော ဝိနိစ္ဆယကိစ္စသည် လွယ်ကူသောကိစ္စမဟုတ်ဘဲ ကြီးလေးသော တာဝန်ကြီးတစ်ခု ဖြစ်ပါကြောင်း။

ယခင် ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေးတွင် "ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ စာပေများရေးသား ထုတ်ဝေရာတွင် ပိဋကတ်တော်နှင့်အညီ ဖြစ်စေရေးနှင့် ပတ်သက်၍ "တင်၊ ထုတ်" စနစ်ဖြင့်သာ ဆောင်ရွက်ရေး မေတ္တာရပ်ခံရန်" ဆုံးဖြတ်ခဲ့ကြရပါကြောင်း၊ ထိုဆုံးဖြတ် မေတ္တာရပ်ခံချက်ကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေး ဆောင်ရွက်နိုင်မည်ဆိုပါက စာစောင်များ ကျမ်းစာအုပ်များနှင့် စပ်လျဉ်း၍ ဓမ္မ၊ အဓမ္မအငြင်းပွား မှုခင်းများဖြစ်ပွားဖွယ် အကြောင်း ရှိတော့မည်မဟုတ်ပါကြောင်း၊ ယင်းသို့ဖြစ်ပါက ဓမ္မ၊ အဓမ္မ အဆုံးအဖြတ်ပေးရမည့် ကြီးလေးသော တာဝန်ကြီးတစ်ခု ပေါ့သွားမည်ဖြစ်ပါကြောင်း။

## ရိုသေလေးစားမှုရှိလာအောင်

ယခုအခါ ရဟန်းရှင်လူအများစုသည် ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှု နည်းပါးလာကြပါကြောင်း၊ ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှု နည်းပါးလာခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာ မတည်တံ့နိုင်ခြင်း၏ အကြောင်း ဖြစ်သည့်အတွက် မိမိတို့၏ တပည့်ရဟန်း၊ သာမဏေများ၊ ဒကာဒကာမများ ရတနာသုံးပါးအပေါ်၌ ကြည်ညိုရိုသေလေးစားမှုရှိလာအောင် သွန်သင်ဆုံးမပေးကြဖို့ တာဝန်သည် တပည့်တော်တို့၏ တာဝန်ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်လူငယ်၊ မောင်မယ်ကလေးများ ဘုရား၊ တရား၊ သံဃာအကြောင်း သိမြင်အောင်၊ သာသနာစစ်၊ သာသနာမှန်ကို ကြည်ညိုတတ်အောင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ လက်ရှိအခြေအနေအောက် အရှိန်အဟုန်မကျဆင်းအောင် တည်တံ့ခိုင်မြဲ၍ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ယခုအခါ ရဟန်းရှင်လူအများစုသည် မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာသုံးပါး ကိုယ်ကျင့်တရား၌ ရိုသေလေးစားမှု နည်းပါးလာကြပါကြောင်း၊ အချို့သော ရဟန်းသာမဏေများသည် မကြည်ညိုသေးသောပုဂ္ဂိုလ်များ ကြည်ညိုအောင်၊ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များ ဆတက်ထမ်းပိုးတိုး၍ ကြည်ညိုအောင် မပြုကျင့်ကြဘဲ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များ အကြည်ညိုပျက်အောင်၊ မကြည်ညိုသေးသောပုဂ္ဂိုလ်များ မကြည်ညိုသည်ထက် မကြည်ညိုအောင် ရှင်ရဟန်းတို့နှင့် မလျော်သော သာသနာ့ဂုဏ်သိန်ညှိုးမှိန်စေမည့် အလုပ်များကို ပြုလုပ်နေကြသည်ကို ဆရာတော်များ တွေ့မြင်ကြားသိနေကြမည် ဖြစ်ပါကြောင်း၊

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ညွှန်ကြားလွှာ(၇၂) အပိုဒ်(၂) အပိုဒ်ခွဲ(က)ပါ စည်းကမ်းကျင့်ဝတ်(၉)ချက်ကို လိုက်နာကျင့်သုံးကြရန်၊

ကျောင်းထိုင်ဘုန်းကြီးများသည် အပိုဒ်ခွဲ(ခ)ပါ စည်းကမ်းကျင့်ဝတ်(၅)ချက်ကို လိုက်နာကျင့်သုံးကြရန်၊

ရဟန်းသာမဏေများ လိုက်နာရန် စည်းမျဉ်းဥပဒေ (၃၁)ချက်ကို (အထူးအားဖြင့်) ယင်းစည်းမျဉ်းဥပဒေ(၃၁)ချက်တို့တွင် အပိုဒ်(၇၊၈၊၂၅၊၂၇၊ ၂၉)တို့ကို လိုက်နာကျင့်သုံးကြရန်-

ဟူသော ဤအချက်သုံးချက်ကို မဖြစ်မနေ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

နောက်တစ်ချက် လျှောက်ထားလိုသည်မှာ ဓနအင်အား အသင့်အတင့်ရှိသည့် ဝိသမလောဘသမားအချို့တို့သည် အသံချဲ့စက်၊ မော်တော်ယာဉ်စသော အထောက်အကူပြုပစ္စည်းများ ထူထောင်၍ အလှူခံသမားငှားကာ ဘုရားတည်ရန်၊ သာသနာ့ဗိမာန်ကြီး ဆောက်ရန်၊ ကျောင်းတော်ကြီး ဆောက်ရန် စသည်အကြောင်းပြလျက် အလှူခံနေကြသည်မှာ နိုင်ငံအနှံ့ဖြစ်နေပါကြောင်း၊ ထိုသို့သော အလှူခံအတုအယောင်များ ပပျောက်သွားအောင် အာဏာပိုင်အဖွဲ့အစည်းများနှင့် လက်တွဲလျက် တက်တက်ကြွကြွ ဆောင်ရွက်သင့်ပါကြောင်း။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာလေးဖြာသော ပရိသတ်တို့ အချင်းချင်း အပြန်အလှန် ရိုသေလေးစားမှု မရှိကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ မထားကြ၊ အဆုံးအမ အဆိုအမိန့်စကားကို လေးလေးစားစား မနာယူကြ၊ အမှီအခိုအကြီးအကဲအရာ၌ မထားကြဘဲနေကြလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ မတည်တံ့နိုင်ဘဲ အလျင်အမြန် ကွယ်ပျောက်သွားနိုင်ပါကြောင်း။

## ကာလရှည်ကြာ တည်တံ့နိုင်မည်

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့ အချင်းချင်း အပြန်အလှန် ရိုသေလေးစားကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားကြလျက် အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူကြ၊ အမှီအခိုအကြီးအကဲအရာ၌ ထားကြလျက် နေကြလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ တည်တံ့နိုင်မည် ဖြစ်ပါကြောင်း။

တပည့်တော်တို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့လည်း အဖွဲ့ဝင်အချင်းချင်း အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်းအချင်းချင်း ရိုသေလေးစာမှုရှိနေကြမှ အလေးဂရုပြုထိုက်သည့်အရာ၌ ထားနေကြမှ၊ အထက်အဖွဲ့အစည်း၏ ညွှန်ကြားမိန့်မှာချက်များကို အောက်အဖွဲ့အစည်းက လေးစားလိုက်နာလျက် အောက်အဖွဲ့အစည်း၏ တင်ပြချက်များကို အထက်အဖွဲ့အစည်းက လေးလေးစားစား ဂရုတစိုက် လိုက်လျောဆောင်ရွက်ပေးကြ၊ အထက်အဖွဲ့အစည်းကို အောက်အဖွဲ့အစည်းက အမှီအခိုအကြီးအကဲအရာ၌ ထားကြမှ၊ အောက်အဖွဲ့အစည်းကိုလည်း အထက်အဖွဲ့အစည်းက မှီခိုရာအားထားရာ အထောက်အကူပြုရာ မိမိတို့၏ အင်အားအဖြစ် ထားကြမှသာ တပည့်တော်တို့၏ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်လျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလရှည်ကြာကောင်းစွာ တည်တံ့နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ အမှူးရှိသော ဆရာတော်အရှင်မြတ်တို့က စံပြအဖြစ်ဖြင့် ဦးဆောင်၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့ ဒိဋ္ဌာနုဂတိ လိုက်လာကြစေရန် သုံးပါးရတနာကျင့်သိက္ခာနှင့်အညမညဂါရဝ တရားငါးပါးတို့ကို ရိုရိုသေသေ လေးလေးစားစား ကျင့်သုံးလိုက်နာတော်မူကြလျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့အောင် ဆောင်ရွက်တော်မူကြပါရန် လေးစားစွာ လျှောက်ထားအပ်ပါကြောင်း ဩဝါဒကထာမြွက်ကြားသည်။

## အန္တရာယ်ပြုရာ ရောက်နေ

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် နိုင်ငံတော်အတွင်း ၁၃၇၉ ခုနှစ် ဝါဆိုသံဃာစာရင်းအရ ရဟန်းသာမဏေ စုစုပေါင်း ၅၂၀၃၂၆ ပါး ရှိပါကြောင်း၊ အဆိုပါ ရဟန်းသာမဏေများတွင် ရဟန်းသိက္ခာ၊ သာမဏေသိက္ခာတို့ကို စောင့်စည်းလျက် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ ထွန်းကား ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိသော ရဟန်းသာမဏေအရေအတွက်မှာ အလွန်များပြားပါကြောင်း၊ အဆိုပါ ရဟန်းသာမဏေများထဲမှ အချို့သော ရဟန်းသာမဏေများသည် သာသနာတော်၏ ကျေးဇူးဂုဏ်ကို မစောင့်၊ မိမိတို့ နောင်ရေးကိုလည်း သတိမရောက်ဘဲ သာသနာတော်တစ်ရပ်လုံးကို မထီမဲ့မြင် ပြုမူနေထိုင်ပြီး သာသနာ့ဝန်ထမ်း ရဟန်းအချင်းချင်းကိုလည်း မငဲ့၊ ဒါယကာ၊ ဒါယိကာမများ၏ သဒ္ဓါတရားကို ဖျက်ဆီးလျက် သမဏသာရုပ္ပမဖြစ်သော ကာယကံမှု၊ ဝစီကံမှုများ၏ သဒ္ဓါတရားတို့ကို ကျူးလွန်နေကြပါကြောင်း၊ ထိုသို့ ကျူးလွန်နေခြင်းကြောင့် အခြားသီတင်းသုံးဖော် ရဟန်းကောင်း၊ သာမဏေကောင်းတို့၏ အကျင့်သိက္ခာကို မှေးမှိန်ရာရောက်စေသည့်အပြင် မြတ်စွာဘုရားသာသနာတော် အဓွန့်ရှည်မှုကိုလည်း အန္တရာယ်ပြုရာ ရောက်နေပါကြောင်း။

မျက်မှောက်ကာလတွင် အချို့သော ဘုရားစေတီဂေါပကအဖွဲ့များသည် ဘုရားစေတီတော်များအတွက် ဗုဒ္ဓဘာသာဝင်အများစုက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းထားသော အလှူတော်ငွေများကို ဘုရားစေတီဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒကို ခံယူခြင်းမပြုဘဲ မိမိတို့ကိုယ်ကျိုးအတွက် သုံးစွဲနေကြသည်များကိုလည်း ကြားသိနေရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အတွင်းရှိ ဘုရားစေတီတော် ဂေါပကအဖွဲ့များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားပြီးဖြစ်သော ညွှန်ကြားလွှာ အမှတ်(၃၆)နှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်စေရေးနှင့် ဗုဒ္ဓဘဏ္ဍာတော်များ မဆုံးရှုံးစေရေးအတွက် ကြပ်မတ်ကွပ်ကဲနိုင်ရန် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သို့ ညွှန်ကြားသင့်ပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံ ပြည်ပနိုင်ငံများမှ အဖွဲ့အစည်းများ၊ သံတမန်များ မကြာခဏ လက်ရောက်တွေ့ဆုံ ဂါဝရပြုလျက်ရှိသည့်အနက် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိစေရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၏ ဖိတ်ကြားချက်အရ ၇-၁-၂၀၁၈ ရက်နေ့မှ ၁၄-၁-၂၀၁၈ ရက်နေ့အထိ မြန်မာနိုင်ငံသို့ သာသနာပြုခရီးလာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ၊ ရှန်ဟိုင်းဒေသကြီး ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ၊ ရှန်ဟိုင်းမြို့ ကျင်အန်းဘုရားကျောင်း ပဓာနနာယကဆရာတော် Mr. Hui Ming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံ လာရောက်တွေ့ဆုံဂါရဝပြု ဆွေးနွေးရာတွင် **"မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် တရုတ်နိုင်ငံမဟာယာန ဗုဒ္ဓဘာသာအဖွဲ့တို့ကြား သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ပူးပေါင်းဆောင်ရွက် လိုပါကြောင်း၊ နေပြည်တော်တွင် နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒများနှင့်အညီ ဗုဒ္ဓဘာသာ ကမ္ဘာအနှံ့ပြန့်ပွားစေရန်အတွက် နိုင်ငံတကာ ဗုဒ္ဓဓမ္မစင်တာ တည်ဆောက်လိုပါကြောင်း"** စသည်ဖြင့် တင်ပြလျှောက်ထားခဲ့ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက **"နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ဗုဒ္ဓဘာသာထွန်းကားရေး**

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများ တောင်ပေါ်ခေါင်ရည်ချိုမြမြ သီချင်းကို အတူတကွ ပါဝင်ဆင်နွှဲကြစဉ်။ သတင်းစဉ်

❑ ရှေ့ဖုံးမှ

ဒီလိုနေ့မျိုးမှာ ကျွန်မတို့ဟာ အစဉ်အမြဲ တည်နိုင်တဲ့ အတွေးအခေါ်တွေနဲ့ ပတ်သက်လို့လည်း ပြောစရာရှိတာတွေကို ပြောတယ်။ ဒါပေမယ့်လည်း မထပ်အောင်လို့ စဉ်းစားပြီး ပြောရပါတယ်။ ဒီတစ်ခါလာလည်း ဒီမိန့်ခွန်းပဲ၊ ဒီတစ်ခါလာလည်း ဒီမိန့်ခွန်းပဲဆို အင်မတန်မှ ပျင်းစရာကောင်းပါတယ်။ ဒါပေမယ့်လည်း ဘယ်နှခါပဲပြောပြော ပြောလို့မကုန်နိုင်တဲ့ ကိစ္စကတော့ ကျွန်မတို့ရဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပတ်သက်တာပဲ ဖြစ်ပါတယ်။

**အင်မတန်တန်ဖိုးထား**

ကျွန်မတို့ဟာ ပြည်ထောင်စုစိတ်ဓာတ်ကိုအားပေးတဲ့ တိုင်းရင်းသားများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ တိုးတက်ရေးအတွက်၊ ပြည်ထောင်စုကြီး ခိုင်မြဲရေးအတွက်ဆိုရင် တိုင်းရင်းသားများအားလုံး ပါဝင်ပြီးတော့ ကူညီဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတာကြောင့် ကျွန်မတို့ရဲ့ ချင်းတိုင်းရင်းသားများရဲ့ညီအစ်ကို မောင်နှမစိတ်ကို အင်မတန်မှ တန်ဖိုးထားပါတယ်။ တိမ်ဖျားအထက်ကရှိတဲ့ တောင်တန်းမှာရှိမှ ကျွန်မတို့ရဲ့ ညီအစ်ကိုမောင်နှစ်မများ ဘယ်လိုပဲ၊ ဘယ်နှခါပဲ တွေ့ရတွေ့ရ အပြုံးနဲ့ ကျွန်မတို့ကို ကြိုဆိုခဲ့ပါတယ်။

ချင်းတိုင်းရင်းသားများဟာ ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာ အဓိကမဟုတ်ပါဘူး။ သူတို့ရဲ့ နွေးထွေးတဲ့ တိုင်းရင်းသားတွေကို အလွမ်းပြေအောင်လို့ နွေးထွေးမှုနဲ့ မေတ္တာနှင့် စေတနာနဲ့ ကြိုဆိုပြီးတော့ ဝန်းရံပေးရမယ်။ ထိုနည်းလည်းကောင်းပဲ မြေပြန့်ကနေပြီး တောင်ပေါ်ကို ရောက်သွားတဲ့အခါကျရင် တောင်ပေါ်က တိုင်းရင်းသားများက မြေပြန့်က တက်လာတဲ့ ညီအစ်ကို



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချင်းတိုင်းရင်းသားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ် ချီးမြှင့်စဉ်။ သတင်းစဉ်

စိတ်ဓာတ်နဲ့ ကျွန်မတို့အပေါ်မှာ ကြိုဆိုချင်တဲ့ စေတနာက အဓိကဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ဘယ်နှခါပဲ ချင်းတောင်ကို ရောက်ရောက် အခုချင်းပြည်နယ်လို့ ဆိုပေမယ့် ကျွန်မတို့စိတ်ထဲမှာ ချင်းတောင်ဆိုတာ ပိုပြီးတော့ လှပပြီး ပိုပြီးတော့ စွဲလမ်းစရာ အခေါ်အဝေါ်လေးဖြစ်ပါတယ်။ ချင်းတောင်ကို ရောက်တိုင်း ရောက်တိုင်း ကျွန်မတို့ စိတ်ချမ်းသာရပါတယ်။ ဒီလိုအချင်းချင်း စိတ်ချမ်းသာမှု ပေးနိုင်တယ်ဆိုတာ ပြည်ထောင်စုသားများရဲ့အဓိက တာဝန်တစ်ခုလို ကျွန်မတို့ ယူဆပါတယ်။

ချင်းတိုင်းရင်းသူလေးများဆိုတဲ့ သီချင်းကို နားထောင်တဲ့အခါကျတော့ တောင်ပေါ်က ကျွန်မတို့ရဲ့ တိုင်းရင်းသားများက မြေပြန့်ကို ဆင်းလာတဲ့အခါကျရင် မိမိတို့ရဲ့ တောင်တန်းတွေကို လွမ်းကြတယ်။ ကျွန်မတို့မြေပြန့်က တောင်ပေါ်တက်သွားတဲ့ တိုင်းရင်းသားတွေကလည်း တောင်ပေါ်ရောက်သွားတဲ့အခါ ကိုယ်ရဲ့မြေပြန့်ကို လွမ်းကြတယ်။

ဒါပေမယ့် ကျွန်မတို့ တိုင်းရင်းသားအချင်းချင်းလုပ်ပေးရမှာက မြေပြန့်သူတွေက တောင်ပေါ်က ဆင်းလာတဲ့ မောင်နှမများ အလွမ်းပြေအောင်လို့ နွေးထွေးမှုနဲ့ ကြင်နာမှုနဲ့ ဖြံ့လွှမ်းပေးရမှာဖြစ်ပါတယ်။ ဒါက နောက်ဆုံးတော့ ကျွန်မတို့ရဲ့ တာဝန်ပဲဖြစ်ပါတယ်။

**မလွဲမသွေတိုးတက်မှာဖြစ်**

အချင်းချင်းအပေါ်မှာ စေတနာမေတ္တာထားပြီးတော့ အချင်းချင်းရဲ့ အလွမ်းတွေပြေအောင်လို့ ကူညီပေးဖို့ပါပဲ။ ဒီလိုသာ ကျွန်မတို့ လုပ်သွားနိုင်မယ်ဆိုရင် ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးက မလွဲမသွေတိုးတက်မှာ ဖြစ်ပါတယ်။ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ကျွန်မတို့ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားပြီးတော့ လိုချင်တဲ့ ကျွန်မတို့ရဲ့ ပန်းတိုင်ကိုရောက်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ပန်းတိုင်က ဘာလဲဆိုတော့ အားလုံးအတွက် လုံခြုံမှု၊ တိုးတက်မှု၊ ငြိမ်းချမ်းမှုကို အာမခံနိုင်တဲ့ ပြည်ထောင်စုကြီးတစ်ခုကို ထူထောင်ဖို့ပါပဲ။

ဒီလို ပြည်ထောင်စုကြီးထဲမှာမှ ကျွန်မတို့ ညီအစ်ကို မောင်နှမများအားလုံးက ကိုယ့်အတွက်တင် မဟုတ်ဘဲ ကိုယ်ရဲ့ နောင်လာနောက်သားတွေအတွက် စိတ်ချလက်ချနေထိုင် သွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့သာ တစ်ယောက်နဲ့တစ်ယောက် အလွမ်းတွေကို ဖြေပေးနိုင်ဖို့ အခွင့်အရေးတွေရမှာဖြစ်ပါတယ်။ ထူးခြားတဲ့ ချင်းတိုင်းရင်းသားများရဲ့ အမျိုးသားနေ့ အခမ်းအနားနဲ့ ပတ်သက်လို့ ထူးခြားချက်တစ်ခုကတော့ ပထမဆုံးအကြိမ် ကျွန်မ တက်ကတည်းက ပညာထူးချွန်တဲ့ ကျောင်းသားကျောင်းသူလေးများကို ဂုဏ်ပြုပေးရတဲ့ တာဝန်ကို ဝမ်းပန်းတသာနဲ့ပဲ ယူခဲ့ရပါတယ်။ ဒီဟာက အခြားအမျိုးသားနေ့တွေနဲ့မတူဘူး။ ချင်းတိုင်းရင်းသားများဟာ ပညာကိုအင်မတန်မှ ပိုပြီးတော့ အလေးထားသလိုဖြစ်နေပါတယ်။ ဒီလိုပြောချင်းအားဖြင့် အခြားတိုင်းရင်းသားတွေက ပညာကိုအလေးမထားဘူးလို့ ပြောလိုတာ မဟုတ်ပါဘူး။ ချင်းတိုင်းရင်းသားများ အမျိုးသားနေ့မှာဆိုရင် ဒီဟာလုပ်ခဲ့တဲ့ အစဉ်အလာလေးကို ကျွန်မတို့က တန်ဖိုးထားခြင်းအားဖြင့် ပြောတာဖြစ်ပါတယ်။

**ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူ**

အဲဒီလို ချင်းတိုင်းရင်းသားများနေ့မှာဆိုရင် ပညာထူးချွန်တဲ့ လူငယ်များကို ဂုဏ်ပြုတဲ့အခါ ပညာကိုအားပေးရမယ်။ ကိုယ့်တိုင်းရင်းသားတွေ တင်မကဘူး။ ပညာဆိုတာဟာ ကျွန်မတို့ပြည်ထောင်စုတစ်ခုလုံးကို အကျိုးပြုနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆောင်ရွက်တယ်လို့ ကျွန်မတို့ ဒီလိုပဲ နှလုံးသွင်းထားပါတယ်။ ဒါကြောင့်မို့ အဲဒီလိုဂုဏ်ပြုရတာကို ကျွန်မအနေနဲ့ အများကြီးပဲ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူတယ်။ ကျွန်မတို့နိုင်ငံရဲ့ ရှေ့အနာဂတ်ဟာ ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အရည်အချင်းပေါ်မှာ တည်ပါတယ်။

ချင်းပြည်နယ်မှာ ဆိုရင်လည်း သယံဇာတများပေါကြွယ်ဝတဲ့ အလှအပတွေအများကြီးရှိပါတယ်။ ကျွန်မတို့တစ်နိုင်ငံလုံးမှာ သယံဇာတများ ပေါကြွယ်ဝတဲ့ လှပတဲ့ ပြည်ကြီးဖြစ်ပါတယ်။ ဒါပေမယ့် တကယ့် တကယ် သယံဇာတကတော့ ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေပဲ ဆိုတာကတော့ အထူးပြောဖို့မလိုပါဘူး။ ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားများရဲ့ အရည်အချင်း တိုးတက်ရေးအတွက် လှမ်းတဲ့ ခြေလှမ်းမှန်သမျှဟာ တကယ့် ပြည်ထောင်စုစိတ်ဓာတ်ပဲလို့ ကျွန်မတို့ ယူဆပါတယ်။ ချင်းတိုင်းရင်းသားနေ့မှာဆိုရင် ကျွန်မ အောက်ချင်းငှက်တွေရဲ့ အကြောင်းကို နှစ်ခါသုံးခါလောက် ပြောပြီးပြီ။ တောင်ဇလပ်ပန်းတွေအကြောင်းလည်း နှစ်ခါသုံးခါလောက် ပြောပြီးပြီ။

**ချင်းပြည်နယ်လှနေဖို့ကြိုးစား**

ဒါတွေ ထပ်ထပ်ပြီးတော့ မပြောချင်ဘူး။ သို့သော်ငြားလည်း အောက်ချင်းငှက်ရဲ့ သစ္စာရှိမှုကို ကိုယ်စားပြုတဲ့ စိတ်ဓာတ်၊ တောင်ဇလပ်ရဲ့လန်းဆန်းလှပမှုကို ကိုယ်စားပြုတဲ့ အတွေးအခေါ်ဒါတွေက ထာဝရတည်ရှိနေမှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဒုတိယသမ္မတကြီး ဦးဟင်နရီဗန်ထီးယူကဆိုရင် အထူးသဖြင့် အောက်ချင်းငှက်များ ပြန်လည်ပြီးတော့ ချင်းတောင်တန်းတွေမှာ ဝဲပျံလှပနေဖို့အတွက်၊ တောင်ဇလပ်ပန်းတွေ တစ်တောင်ပြီး တစ်တောင် ချင်းပြည်နယ်ဟာ လှနေဖို့အတွက် ကြိုးစားနေတယ်ဆိုတာ သိပါတယ်။ ဒီ့အပြင်လည်း ဒုတိယသမ္မတကြီးအနေနဲ့ သီချင်းထဲကလို ခေါင်ရည်ခါးခါးလေး ဆိုတာကို သဘောကျသလားမသိဘူး။ စပျစ်သီးပျိုးထောင်ရေးကိုလည်း အင်မတန် စိတ်ပါတယ်လို့ ကျွန်မနားလည်ပါတယ်။ ဒါကိုလည်း ကျွန်မ အားပေးရမှာပါ။ ဒါခေတ်နဲ့အညီပေါ့။ အရင်တုန်းကတော့ ခေါင်ရည်ခါးခါးလေးပေါ့။ နောက်ပိုင်းတော့ စပျစ်ကချဉ်တယ်ထင်ပါတယ်။ ချဉ်ချဉ်လေးလို့ ပြောရပါ့မယ်။

**အများကြီးအားကိုး**

ကျွန်မက ခေါင်ရည်နဲ့လည်း သိပ်ပြီးတော့ မကျွမ်းကျင်ဘူး။ စပျစ်ရည်နဲ့လည်း သိပ်မကျွမ်းကျင်ဘူး။ ဒါပေမယ့်လည်း ကျွန်မတို့နိုင်ငံကလည်း အဘက်ဘက်က အမျိုးမျိုးအစုံစုံ အသစ်အဆန်း တိုးတက်ဖို့၊ တီထွင်ဖို့၊ လမ်းသစ်တွေဖွင့်ဖို့ အင်မတန် လိုအပ်နေပါတယ်။ အဲ့ဒီဟာအတွက် ကျွန်မတို့ရဲ့ ချင်းတိုင်းရင်းသားများကလည်း ဝိုင်းဝန်းကူညီပေးမယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့်တော့ လူငယ်များပေါ့။ ကျွန်မတို့က လူငယ်များကို အများကြီးအားကိုးပါတယ်။ ကျွန်မတို့နိုင်ငံမှာဆိုရင် ၆၀ ရာခိုင်နှုန်းကျော် နိုင်ငံသူ နိုင်ငံသားများဟာ အသက် ၁၅ နှစ် နဲ့ ၃၅နှစ် ကြားမှာရှိတယ်လို့ နားလည်ထားပါတယ်။ ကျွန်မတို့ရဲ့ အနာဂတ်ဟာ လူငယ်များရဲ့လက်ထဲမှာပါ။

ဒါကြောင့်မို့ ကျွန်မတို့ တိုင်းရင်းသား လူငယ်များအားလုံးဟာ ဒီအနာဂတ်လှပဖို့အတွက် ပထမဦးဆုံး အခြေခံကတော့ တစ်ဦးပေါ်တစ်ဦး မေတ္တာထားဖို့၊ လေ့ကျင့်ပေးဖို့လိုပါတယ်။ အဲ့ဒီ မေတ္တာပေါ်မှာ အခြေခံပြီးတော့ တစ်ယောက်ကို တစ်ယောက်ကူညီဖို့ အများကြီးလိုပါတယ်။ တချို့ကတော့ ချင်းပြည်နယ်ဟာ ဆင်းရဲတယ်။ နွမ်းပါးတယ်။ ဥပမာဆိုရင် ရန်ကုန်တိုင်းဒေသကြီးဟာ ပိုပြီးတော့ ချမ်းသာတယ်ဆိုပေမယ့် တကယ်တော့ ကျွန်မတို့နိုင်ငံဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် ချမ်းသာတဲ့နိုင်ငံ အမည်စာရင်းထဲမှာ မပါသေးပါဘူး။ အဲဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် ကူညီကြရမှာ ဖြစ်ပါတယ်။

**စည်းလုံးမှုလို**

ဆင်းရဲနွမ်းပါးတဲ့ မိသားစုကြားမှာ ပိုပြီးတော့ စည်းလုံးမှုကိုလိုသလို ကျွန်မတို့နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်တာကြောင့်မို့ ကျွန်မတို့ရဲ့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများဟာ ပိုပြီးတော့ စည်းလုံးမှုကို လိုပါတယ်၊ တစ်ယောက်နှင့် တစ်ယောက် ကူညီဖို့လိုတယ်။ ကိုယ်ရဲ့ အရည်အချင်းကို မြှင့်တင်ပြီးတော့ အခြားကိုယ်ရဲ့တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ အရည်အချင်းတွေကို မြှင့်တင်ပေးဖို့ ကြိုးစားစေချင်ပါတယ်။ ကျွန်မတို့ဟာ အမျိုးသားနေ့ လာတဲ့အခါမှာ၊ အမျိုးသားစိတ်ဓာတ်ဆိုတာဟာ ကိုယ့်လူမျိုးကို ချစ်တယ်ဆိုပေမယ့် အခြားလူတွေကို မုန်းတဲ့ စိတ်ဓာတ်မဟုတ်ပါဘူး။ ကျွန်မတို့ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ကျွန်မတို့ ပြည်ထောင်စုကြီးကို ချစ်ပေမယ့် တခြားနိုင်ငံတွေကိုမုန်းတဲ့ စိတ်ဓာတ်လည်း မဟုတ်ဘူး။ တစ်ကမ္ဘာလုံးကို စေတနာနဲ့၊ မေတ္တာနဲ့ မြင်ပြီးတော့ ကူညီနိုင်အောင်လို့၊ တိုးတက်အောင် လုပ်ပေးနိုင်အောင်လို့ ကျွန်မတို့ကိုယ် ကျွန်မတို့ ပြုစုပျိုးထောင်အောင် လုပ်ပေးချင်တဲ့ စိတ်ဓာတ်ပဲလို့ ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ နှလုံးသားထဲမှာ စွဲပြီးတော့ ထားစေချင်ပါတယ်။

*စာမျက်နှာ ၆ သို့*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းတိုင်းရင်းသူ နိုင်ငံ့လက်ရွေးစင် အားကစားသမားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်




အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ချင်းတိုင်းရင်းသား နိုင်ငံ့လက်ရွေးစင် အားကစားသမားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ် ညစာစားပွဲကျင်းပ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် ချီးမြှင့်သည်။

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

**အခမ်းအနားဖွင့်လှစ်**

ထို့နောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်အထိမ်းအမှတ် ညစာစားပွဲကို မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Dr. Nikolay Lisdopadov က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြု အမှာစကား ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulachnikovနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင် Mr. Rudolf Yanson တို့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ ညစာသုံးဆောင်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရုရှားရိုးရာ ကျေးလက်ဂီတအနုပညာရှင်များနှင့် “ငွေရောင်တူရိယာကြိုးများ” ဂီတတူရိယာအဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို အားပေးကြည့်ရှုပြီး ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်နှင့် ဦးကျော်တင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဦးဝင်းမော်ထွန်း၊ ဦးမောင်မောင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ကိစ္စရပ်များအပေါ် မြန်မာနိုင်ငံ၏ ဆောင်ရွက်ထားရှိမှုများအား ပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာမှ စီးပွားရေးကိုယ်စားလှယ်များ ပါဝင်သော Chief Executives Organization(CEO)အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီမိုကရေစီကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ် အခြေအနေစသည့် ကိစ္စရပ်များအပေါ် မြန်မာနိုင်ငံ၏ ဆောင်ရွက်ထားရှိမှုများအား ဆွေးနွေးပြောကြားသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ပညာရေး၊ သတင်းမီဒီယာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် ကဏ္ဍများနှင့် ပတ်သက်၍ မေးမြန်းချက်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြေကြားဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြပြီး နိုင်ငံတကာစီးပွားရေးကိုယ်စားလှယ်အဖွဲ့၌ အဖွဲ့ဝင် ၆၁ ဦး ပါဝင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတကာမှ စီးပွားရေးကိုယ်စားလှယ်များ ပါဝင်သော Chief Executives Organization (CEO) အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။
သတင်းစဉ်



နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးစဉ်။ သတင်းစဉ်



ချင်းတိုင်းရင်းသား တိုင်းရင်းသူလေးများက လှပတဲ့ချင်းပြည် အဖွင့်သီချင်းသီဆို၍ နှစ် (၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

**အနာဂတ်အတွက် သင်ခန်းစာ**

ယခုဆိုရင် (၇၀)ပြည့်နှစ် (၇၀) ပြည့်နှစ်ဆိုတာက ကျွန်မတို့ လွတ်လပ်ရေးရတဲ့ နှစ်နဲ့ တစ်နှစ်ထဲပေါ့။ ကျွန်မတို့ လွတ်လပ်ရေးရတာလည်း နှစ် ၇၀ ရှိပြီ။ ချင်းအမျိုးသားနေ့ကို အသိအမှတ်ပြု ကျင်းပခဲ့တာလည်း နှစ် ၇၀ ရှိပြီ၊ နှစ် ၇၀ ဆိုတာ မနည်းပါဘူး။ ၇၅ နှစ် ဆိုရင် ရာစုနှစ်တွေရဲ့ လေးပုံ သုံးပုံဟာ ကုန်သွားပြီး ဖြစ်ပါတယ်။ ဒီအခြေအနေထဲမှာ ကျွန်မတို့ ပြည်ထောင်စုကြီး ဘယ်လောက် တိုးတက်ခဲ့သလဲဆိုတာ ဒီလိုအမျိုးသားနေ့တွေ ရောက်လာတဲ့အခါ ပြန်ပြီးတော့ သုံးသပ်စေချင်တယ်။ ဒီလိုနေ့မျိုးက အတိတ်ကို ပြန်သုံးသပ်ပြီး အနာဂတ်အတွက် သင်ခန်းစာတွေကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ရမှာ ဖြစ်ပါတယ်။

ကျွန်မတို့ ၇၅ နှစ်၊ နှစ် ၇၀ ပေါ့နော်၊ ရာစုနှစ်တစ်ခုရဲ့ လေးပုံ သုံးပုံလောက် ဒီကြားထဲမှာ ဘယ်လောက်တိုးတက်မှုတွေ ရှိခဲ့သလဲဆိုတာ၊ တိုးတက်မှုတွေရှိဖို့အတွက် ကျွန်မတို့ တစ်ဦးချင်း၊ တစ်ဦးချင်း ဘယ်လောက်လုပ်ခဲ့သလဲဆိုတာ ပြန်ပြီးတော့ စဉ်းစားစေချင်ပါတယ်။ တချို့တွေက ဥပမာအားဖြင့် အစိုးရဘာလုပ်နေသလဲ။ အစိုးရဘာလုပ်နေသလဲဆိုတာ မေးပိုင်ခွင့်ရှိပါတယ်။ အစိုးရများရဲ့တာဝန်အရ ပြည်သူလူထုက ဒီလိုမေးခွန်းတွေ မေးလို့ရှိရင် ရင်ဆိုင်ဖို့အတွက် ဖြေဆိုတယ်။ ဒါပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ်လည်းပြန်မေးရမယ်။ တစ်ဦးချင်း တစ်ဦးချင်းပေါ့။ တို့ဘာလုပ်ခဲ့သလဲ။ တို့ဖြေစရာမရှိဘူး။ တိုးတက်ရေးအတွက် ဘာလုပ်ခဲ့သလဲ။

**စဉ်းစားသုံးသပ်ရမယ့်နေ့**

ချင်းတိုင်းရင်းသားများဟာ တစ်ဦးချင်း၊ တစ်ဦးချင်း တို့ချင်းပြည်နယ် တိုးတက်ရေးအတွက် ဘာလုပ်ခဲ့သလဲလို့ မေးသလိုပဲ၊ ပြည်နယ်တစ်ခုချင်း တစ်ခုချင်းကလည်း တို့ပြည်ထောင်စုကြီး တိုးတက်ဖို့အတွက် ဘာလုပ်ခဲ့သလဲ။ တို့ရဲ့ ပြည်ထောင်စုသားအချင်းချင်း မေတ္တာထားဖို့အတွက် ညီညွတ်မှုခိုင်မာမှုအတွက် ဘာလုပ်ခဲ့သလဲဆိုတာ ပြန်ပြောင်းပြီး စဉ်းစားသုံးသပ်ရမယ့် နေ့မျိုးဖြစ်တယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။

**မတူကွဲပြားတဲ့လှပမှု**

အဲဒါကြောင့် ဒီလိုနေ့မျိုး တက်ရတာဟာ ကျွန်မ အနေနဲ့တော့ ပြည်ထောင်စုတိုင်းရင်းသား အချင်းချင်းကြားမှာရှိတဲ့ ဆက်စပ်မှုတွေ၊ မေတ္တာတွေ ပိုမိုပြီးတော့ ခိုင်မြဲအောင်လုပ်ပေးနိုင်မယ့် အခွင့်အလမ်းတစ်ခုရတယ်လို့ပဲ ယူဆပါတယ်။ ဒီလိုအခွင့်အလမ်းဆိုတာ လူတိုင်းမှာ ရှိပါတယ်။ ကိုယ်သုံးသပ်ဖို့ပဲ အရေးကြီးတာပါ။ ချင်းတိုင်းရင်းသားနေ့မှာဆိုရင် ကျွန်မတို့အနေနဲ့ ချင်းတိုင်းရင်းသားများရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ ဆက်စပ်တဲ့ သီဆိုမှုတွေ၊ အကတွေကို ရှုစားရမယ်။ ဒီဟာတွေကို ကြည့်ပြီးတော့ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးရဲ့ မတူကွဲပြားတဲ့ လှပမှုတွေ ဘယ်လောက်စုံလဲ၊ ဘယ်လောက် တန်ဖိုးထားဖွယ်ရာ ကောင်းလဲဆိုတာ ကျွန်မတို့ ခံစားရမှာပါ။

**အလှအပတွေနဲ့ ပြည့်စုံနေ**

ဒါကြောင့် နေပြည်တော်ထိ ဆင်းလာတဲ့ တောင်တန်းပေါ်က တိုင်းရင်းသားများကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်မတို့အနေနဲ့လည်း ချင်းတောင်တန်းပေါ်ကို ရောက်သွားတဲ့ အခါကျလို့ဆိုရင် ကိုယ်နဲ့ရပ်ရွာမတူတဲ့ ရပ်ရွာကို ရောက်နေတယ်လို့ မခံစားရဘဲနဲ့ ထူးထူးခြားခြား အလှအပတွေနဲ့ ပြည့်စုံနေတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုဒေသတစ်ခုကို ရောက်နေတယ်လို့ခံစားရပါတယ်။ ကျွန်မတို့ ချင်းတိုင်းရင်းသားများက နေပြည်တော်ကိုပဲ ဆင်းလာဆင်းလာ အခြားမြေပြန့်က ဘယ်ကိုပဲဖြစ်ဖြစ် ဆင်းလာဆင်းလာ ကိုယ်ရဲ့ ပြည်ထောင်စုကြီးရဲ့ တစ်စိတ်တစ်ဒေသကို ရောက်လာတယ်၊ ကိုယ်ရဲ့ ရပ်ရွာနဲ့ မတူပေမယ့်လည်း တူသကဲ့သို့ ကိုယ်နဲ့ဆိုင်တဲ့နေရာဖြစ်တယ်လို့ စိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ယူစေချင်ပါတယ်။

**စာချုပ်လက်မှတ်ထိုး**

ဒါကြောင့်မို့ တိုင်းရင်းသားများရဲ့ အမျိုးသားနေ့ အခမ်းအနားများကို ဆင်နွှဲတဲ့အခါမှာ အားလုံးအတူတူ တစ်ယောက်အပေါ် တစ်ယောက် မေတ္တာထားဖို့၊ ကျွန်မတို့ ပြည်ထောင်စုတိုးတက်ရေးအတွက်၊ ခိုင်မြဲရေးအတွက် ကူညီကြဖို့ မေတ္တာရပ်ခံတဲ့အခါမှာ တစ်ပြိုင်နက်တည်းမှာပဲ ကျွန်မတို့ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း ဝိုင်းဝန်းပြီးပံ့ပိုးဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ချင်းအဖွဲ့များက စောစောစီးစီး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ထိုးတဲ့အထဲမှာ ပါပါတယ်။ ဒါပေမယ့် ကျွန်မတို့ အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ထိုးတယ်ဆိုတာ ပထမခြေလှမ်းလောက်ပဲ ရှိပါသေးတယ်။ နောက်သွားရမယ့်လမ်းက ရှည်တယ်။ ရှည်တဲ့လမ်းမှာဆိုရင် အဖော်အပေါင်းတွေနဲ့ လမ်းလျှောက်ရတဲ့အခါကြရင် ရှည်မှန်းမသိပါဘူး။

**ငြိမ်းချမ်းရေးရဖို့အတွက်**

ဒါကြောင့် ငြိမ်းချမ်းရေးလမ်းဆိုတာက မရှည်အောင်လုပ်ဖို့ အရေးကြီးပါတယ်။ အကြောင်းကြောင်းကြောင့် ရှည်ခဲ့ရင်လည်း လျှောက်လှမ်းရာမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ လျှောက်လှမ်းနိုင်ဖို့၊ အားလုံးဝိုင်းပြီးတော့ ပံ့ပိုးပေးဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ အခု ငြိမ်းချမ်းရေးကို လျှောက်ခဲ့တာဆိုတာလည်း နှစ် ၇၀ ပေါ့၊ ကျွန်မတို့ လွတ်လပ်ရေးနဲ့ အတူတူပဲ၊ ချင်းတိုင်းရင်းသားများရဲ့ အမျိုးသားနေ့လည်း အတူတူပါပဲ။ နှစ် ၇၀ ရှိပါပြီ။ နှစ် ၇၀ ရှိခဲ့ပေမယ့် ကျွန်မတို့ မရသေးပါဘူး။ ရဖို့ နောက်ထပ်နှစ်(၇၀)စောင့်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်တဲ့ကိစ္စပါ။ ကျွန်မတို့ရဲ့ လူငယ်များဟာ အင်မတန်မှလုံခြုံတဲ့ အနာဂတ်အတွက် အာမခံချက်ရှိအောင်လို့ ငြိမ်းချမ်းရေးရဖို့အတွက် တစ်ဦးချင်း၊ တစ်ဦးချင်းကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ကူညီကြပါလို့ ကျွန်မက အခွင့်ကြုံတုန်း မေတ္တာရပ်ခံလိုပါတယ်။

ကူညီမယ်ဆိုရင် ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီး ခိုင်မြဲမယ်၊ သာယာမယ်၊ တိုးတက်မယ်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုတိုင်းရင်းသူ တိုင်းရင်းသားများ အားလုံးလည်း သာသာယာယာ ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ တိုးတက်မှုကိုရရှိကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မ ထပ်လောင်းပြီးတော့ ညီအစ်ကိုမောင်နှမစိတ်နဲ့၊ ပြည်ထောင်စုစိတ်နဲ့ အားလုံး ဒီချင်းအမျိုးသားနေ့မှာ ငြိမ်းချမ်းရေးရဖို့အတွက်၊ ပြည်ထောင်စုကြီး ခိုင်မြဲတည်တံ့ဖို့အတွက် ဝိုင်းဝန်းကြိုးစားကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကို ချချင်ပါတယ် ဟု ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ချင်းပြည်နယ်အတွင်း လူမှုအကျိုးစီးပွားဖြစ်ထွန်းအောင် ကူညီခဲ့သူများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် Ph.D ပါရဂူဘွဲ့ရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကန်ပက်လက်မြို့နယ်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအကအဖွဲ့က တိုင်းရင်းသားရိုးရာအကဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက “တောင်ပေါ်ခေါင်ရည်ချိုမြမြ”၊ “ချင်းတောင်တန်းမှကြိုဆိုပါ၏” သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က အားကစားပြိုင်ပွဲ အမျိုးမျိုးတွင် နိုင်ငံတော်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြို့နယ်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ခေးသိုင်းအက၊ ဝါးညှပ်အက၊ ချင်းရိုးရာအကများဖြင့် လည်းကောင်း၊ တေးသံရှင်များက ချင်းပြည်နယ်အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်းဖြင့် လည်းကောင်း ကပြသီဆို ဖျော်ဖြေတင်ဆက်ကြပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် **“တောင်ပေါ်ခေါင်ရည်ချိုမြမြ”** သီချင်းကို အတူတကွ သီဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

**အလို့ငှာ နိုင်ငံတကာဗုဒ္ဓဓမ္မစင်တာ ဆောက်လုပ်ရန် မူအားဖြင့် သဘောတူညီပါကြောင်း ”** မိန့်ကြားတော်မူခဲ့သည်ကို သိရှိရပါကြောင်း ၊ ထို့ပြင် Mr.Hui Ming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တပည့်တော်ထံသို့လည်း လာရောက်တွေ့ဆုံကာ အဆိုပါကိစ္စကို ထပ်မံဆွေးနွေးကြရာ တပည့်တော်က “ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာထွန်းကားရေးအတွက် ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာတို့ ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထွန်းကားပြန့်ပွားနိုင်မည်ဖြစ်၍ နိုင်ငံတကာဗုဒ္ဓဓမ္မစင်တာတစ်ခု နေပြည်တော်တွင် တည်ဆောက်ရန် သဘောတူညီပါကြောင်း၊ မြေနေရာရရှိစေရေးအတွက်လည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကိစ္စရပ်များအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ဦးဆောင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားမည်” ဟု ပြန်လည်ဆွေးနွေးခဲ့ပါကြောင်း၊

**အကောင်းဆုံးပံ့ပိုး**

အဆိုပါကိစ္စနှင့် ပတ်သက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ကလည်း နိုင်ငံတော်အစိုးရထံ တင်ပြကာ လိုအပ်သည်များ ဆောင်ရွက်ပေးရန် အသင့်ရှိပါသည်ဟု ပြန်လည်ဖြေကြားခဲ့ပါကြောင်း၊ Mr. Hui Ming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်လိုပါကြောင်း လျှောက်ထားခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများက **“နှစ်နိုင်ငံ ဗုဒ္ဓသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများလိုလားပါကြောင်း ၊အခြားကမ္ဘာ့နိုင်ငံများရှိ ဘာသာများနှင့် နှိုင်းယှဉ်ပါက ဗုဒ္ဓဘာသာအင်အားမှာ အလွန်နည်းပါးလျက်ရှိသည့်အတွက် ဗုဒ္ဓဘာသာနှစ်ရပ်ပေါင်း ဆောင်ရွက်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေမည့် သာသနာပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် နိုင်ငံတကာ ဗုဒ္ဓဓမ္မစင်တာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်မှုအောက်၌ ထားရှိပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း”** ပြန်လည်မိန့်ကြားတော်မူခဲ့သည်ကို သိရှိရသည့်အတွက် တပည့်တော်တို့ ဝန်ကြီးဌာနအနေဖြင့် အကောင်းဆုံးပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ချီးမြှောက်ထောက်ပံ့**

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး နှစ်ပေါင်းများစွာ ကာလကြာမြင့်အောင် တည်ရှိပြီး အစဉ်သဖြင့် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ဆောင်ရွက်ကြရာတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့၏ သာသနာတော်မြတ်ကြီးအား ဓမ္မာနုဂ္ဂဟအားဖြင့် ချီးမြှောက်မှုသည် အဓိကအရေးကြီးလှပါကြောင်း သာသနာ့ဝန်ဆောင် ရဟန်းသံဃာတော်များ ဦးဆောင်မှု အင်အားတောင့်တင်းမှ သာသနာတော် တည်တံ့နိုင်မည်ဖြစ်ရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့၏ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ချီးမြှောက်ထောက်ပံ့မှုများ ဆတက်ထမ်းပိုးတိုး၍ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် တပည့်တော်တို့ ဒါယကာ၊ ဒါယိကာမများဘက်မှ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ထောက်ပံ့လျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့်လည်း သံဃာ့အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ မဏ္ဍိုင်များ၌ တည်တံ့ခိုင်မြဲ၍ မယိမ်းမယိုင်စေရေးအတွက် ဓမ္မစက်ကို အာဏာစက်အကူအညီဖြင့် ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါကြောင်း၊

ထိုကဲ့သို့ ဆရာဒကာ လက်တွဲညီညာစွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက တပည့်တော်တို့၏ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နှစ်ပေါင်း ၅၀၀၀ ကျော်လွန်သည်အထိ ပြည်ထောင်စုမြန်မာနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းသို့ တိုင်အောင် စည်ပင်တိုးတက်နေမည် ဖြစ်ပါကြောင်း လျှောက်ထားသည်။

**တင်သွင်းလျှောက်ထား**

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီလာစာရာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်ကြီးများက ကမ္ဘာအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြ လျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းကို ဦးရန်မျိုးအောင်နှင့်မောင်နှမတစ်စုက လည်းကောင်း၊ နေ့ဆွမ်းကို မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)၊ ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့ကလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်း ကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





## နှစ်နိုင်ငံအပြန်အလှန် အကူအညီပေးရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီး H.E. Mr. Wouter Jurgens အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ်(I-11)၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအပြန်အလှန် အကူအညီပေးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် ဒီမိုကရေစီခိုင်မာအားကောင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့၊ ပင်လောင်းမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၄၃ လက်မဖြစ်သည်။ **မိုး/ဇလ**

## ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိတော့သည့် တည်ဆဲဥပဒေအချို့အား ပြန်လည်သုံးသပ်ပြင်ဆင်နေမှုအခြေအနေ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms. Tone Tinnes သည် ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့်အခြေအနေ၊ သတင်းမီဒီယာဥပဒေ ပြင်ဆင်ရေးနှင့် သတင်းအချက်အလက် သိရှိပိုင်ခွင့်ဥပဒေရေးဆွဲရေး ကိစ္စရပ်များ၊ ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိတော့သည့် တည်ဆဲဥပဒေအချို့အား ပြန်လည်သုံးသပ်ပြင်ဆင်နေမှု အခြေအနေ၊ Social Media များကို လူအများမှ စည်းစနစ်မှန်ကန်စွာ အသုံးချနိုင်ရေးအတွက် အသိပညာပေးရေးကိစ္စများနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)** **သတင်းစဉ်**





## သတင်းမီဒီယာလွတ်လပ်ခွင့်အတွက် စီစဉ်ဆောင်ရွက်နေမှုများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် အခြေအနေများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်သို့ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များ စေလွှတ်ပေးနေမှု အခြေအနေများ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ သတင်းမီဒီယာနှင့် ပတ်သက်သည့် ဥပဒေများ ပြင်ဆင်ရေးဆွဲနေမှုအခြေအနေများနှင့် သတင်းမီဒီယာ လွတ်လပ်ခွင့်အတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ၂၀၁၈ခုနှစ် နွေရာသီကာလတွင် ဖြစ်ပေါ်လာနိုင်သည့် လာနီညာအခြေအနေ


**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ လာနီညာအခြေအနေ၌ ဆက်လက်တည်ရှိနေပါသည်။ လာနီညာဖြစ်ပေါ်မှုခန့်မှန်းသည့် သင်္ချာပုံစံမော်ဒယ်များအရ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတွင် လာနီညာဖြစ်ပေါ်မှု ရာခိုင်နှုန်းမှာ ၅၂ ရာခိုင်နှုန်းအထိရှိနေပြီး ၂၀၁၈ ခုနှစ် မတ်လ၊ ဧပြီလ၊ မေလတွင် ၃၁ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လတွင် ၁၇ ရာခိုင်နှုန်းသို့ ပြန်လည်လျော့ကျလာနိုင်ပြီး၊ ပုံမှန်ဖြစ်မြဲအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည့် ရာခိုင်နှုန်းမှာ ၈၁ ရာခိုင်နှုန်း ဖြစ်နိုင်ကြောင်း နိုင်ငံတကာ ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ရေမျက်နှာပြင် အပူချိန်လေ့လာစောင့်ကြည့်ရေး ဗဟိုဌာနများမှ ထုတ်ပြန်ထားပါသည်။

ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် နွေရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သော်လည်း လာနီညာမှ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါကအဆိုပါ ဖြစ်စဉ်များလျော့နည်းသွားနိုင်ပါသည်။ လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။ **မိုး/ဇလ**

▼ *ကျော့ဖုံးမှ*

လှုပ်သွားခြင်းဖြစ်ကြောင်း၊ ဒုတိယမြောက်လှုပ်သည့် မြေငလျင်သည် အင်အားရစ်ချ်တာစကေး ၄ ဒသမ ၁ အဆင့်ရှိပြီး ယင်းငလျင်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၂ မိနစ် ၁၅ စက္ကန့်က ဟားခါး မြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၁၁ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံ ပြည်တွင်း ထန်တလန်မြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၇၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၅၅ ဒီဂရီ၊ မြေအောက်အနက် ၃၃ ကီလိုမီတာကို




ဗဟိုပြု၍ လှုပ်ခတ်ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

**မောင်မွှေး**

# ရခိုင်ပြည်နယ်လုံခြုံရေးအတွက် အဓိကကျသော နယ်စပ်ခြံစည်းရိုး ခိုင်ခံ့ကောင်းမွန်ရေး၊ ရေပိုင်နက်နယ်နိမိတ်လုံခြုံရေးတို့ ဆောင်ရွက်လျက်ရှိ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး



ဘူးသီးတောင်မဲဆန္ဒနယ်မှ
ဦးအောင်သောင်းရွှေ

**“ ဒေသခံတိုင်းရင်းသားများကို စုစည်းပြီး ရပ်ရွာသစ်များ ပြန်လည်တည်ဆောက်ရန် စီစဉ်လျက်ရှိရာ မြိုတိုင်းရင်းသားများအတွက် သစ်တုံးနားခွဆုံ၊ နတ်ချောင်း၊ ဇော်မတက်ရွာတို့တွင် လည်းကောင်း၊ ခမီ၊ ဒိုင်းနက်၊ ချင်းနှင့် မြိုတိုင်းရင်းသားများအတွက် ပဒကားရွာသစ်တွင် လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများအတွက် မင်းကြီးရွာသစ်၊ အထက်ပြူးမနှင့် ကွမ်းသီးပင်ကျေးရွာများတွင် လည်းကောင်း၊ မာရမာကြီးတိုင်းရင်းသားများအတွက် လောင်းဒုံးရွာတွင် လည်းကောင်း၊ သက်တိုင်းရင်းသားများအတွက် သက်ကိုင်ညာကျေးရွာတွင် လည်းကောင်း၊ ဒိုင်းနက်လူမျိုးများအတွက် ကာလာဒေးဖက်ကျေးရွာတွင် လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များအတွက် အိုးထိန်း၊ ရဲဘောက်ကျ၊ ကြိမ်ချောင်း၊ တောင်ပြို၊ မြို့မချောင်း၊ ရွှေဇား၊ မြို့ဦးနှင့် လေးမိုင်ကျေးရွာများတွင် လည်းကောင်း ရွာသစ်များ ထူထောင်ပေးလျက်ရှိခြင်း၊ ထူထောင်ရန်စီစဉ်ထားခြင်းများ ဆောင်ရွက်ထားရှိ ”**

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပပြီး မေးခွန်း ၆ ခု မေးမြန်းဖြေကြားခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်းနှင့် အဆို တစ်ခု ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

**တွန်းအားပေးဆောင်ရွက်**

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ဒက္ခိဏသီရိ အသေးစားနှင့်အလတ်စား စက်မှုဇုန်အတွင်း ဖော်ထုတ်ပြီး မြေနေရာများ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ထားပါသနည်း၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ မည်ကဲ့သို့ ရေးဆွဲထားပါသနည်း၊ အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးသော အထည်ချုပ်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က နေပြည်တော် အသေးစားနှင့် အလတ်စား စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးဖွဲ့စည်း၍ ဆောင်ရွက်လျက်ပါကြောင်း၊ စက်မှုဇုန်ရှိ ဖော်ထုတ်ပြီး မြေများအား အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လက်ရှိမြေဝယ်ထားသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ မည်သည့်အခက်အခဲများ ဖြစ်ပေါ်နေသည်ကို သိရှိနိုင်ရန် အကြံပြုတင်ပြချက်များ တောင်းခံပါကြောင်း၊ ပုံမှန် အစည်းအဝေးများ ခေါ်ယူ၍လည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအနေဖြင့် Green City မထိခိုက်စေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော စက်မှုလုပ်ငန်းများအားလုံးကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ အလုပ်အကိုင် အခွင့်အလမ်းများစွာရှိသော အထည်ချုပ်လုပ်ငန်းများ၊ အီလက်ထရွန်နစ်ပစ္စည်းလုပ်ငန်းများမှ လာရောက်လျှောက်ထားပါက ဦးစားပေးရောင်းချရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိအနေဖြင့် လုပ်ငန်းရှင် ကိုးဦး၏ လျှောက်လွှာများနှင့် အဆိုပြုလွှာများကို လက်ခံစိစစ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ **မိုးမိတ်မြို့နယ်တွင် တိုင်းရင်းဆေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ ဆေးရုံ၊ ဆေးကုသခန်းများ တိုးချဲ့ဆောက်လုပ်ရာတွင် ဆောက်လုပ်မည့်မြေနေရာနှင့် ပတ်ဝန်းကျင်၌ အခြားကျန်းမာရေးစောင့်ရှောက်သည့် ဌာနများ ရှိ၊ မရှိ၊ လူဦးရေသိပ်သည်းမှု ရှိ၊ မရှိ၊ လိုအပ်သည့်မြေဧရိယာ ရှိ၊ မရှိ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဝန်ထမ်းများ လုံခြုံရေးကောင်းမှု ရှိ၊ မရှိနှင့် မြန်မာ့တိုင်းရင်းဆေးအား နယ်မြေဒေသခံက မည်မျှယုံကြည်မှုရှိသည်ကို ကြည့်ပါကြောင်း၊ မိုးမိတ်မြို့နယ် ဟော်နန်းရပ်ကွက်၊ ကွင်းအမှတ် ၁၉၊ ဗောဓိကုန်းရပ်ကွက်တွင် ရှမ်းပြည်နယ်အစိုးရမှ ခွင့်ပြုချမှတ်ထားသည့်မြေဧက ၀ ဒသမ ၀၉၆ ဧက(ပေ ၇၀ x ပေ ၆၀) နေရာတစ်ခု ရှိပါကြောင်း၊ ယင်းနေရာတွင် တိုင်းရင်းဆေးဆရာ သုံးဦးနှင့် အခြားဝန်ထမ်း နှစ်ဦး ပါဝင်သော မြို့နယ်တိုင်းရင်းဆေးခန်းတစ်ခု ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၏ **ဥတ္တရသီရိမြို့နယ်အတွင်း လမ်းမီးခွန်နှင့် သန့်ရှင်းရေးခွန်များ ပါဝင်သော ပစ္စည်းခွန်များ ကောက်ခံရာတွင် ပိုင်ရှင်များရှိနေပြီး အဆောက်အအုံ မရှိသော၊ အဆောက်အအုံရှိနေပြီး လူမနေသော၊ အဆောက်အအုံ ဆောက်လက်စ ရပ်ထားသောမြေကွက်များကို အခွန်ပေးဆောင်နေရသောပြည်သူများနှင့် မျှတမှု ရှိစေရေး၊ ပြည်သူ့ဘဏ္ဍာများ မှန်မှန်ကန်ကန် ရရှိစေရေးတို့အတွက် မည်ကဲ့သို့ စည်းကြပ်ကောက်ခံနေပြီး မီးဘေးနှင့် မသမာသူများ ခိုအောင်းနိုင်သောကြောင့် လုံခြုံရေးကိစ္စအတွက် မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိလိုကြောင်း** မေးခွန်း၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုးမိုးသူ၏ **ရန်မနိုင်တိုက်နယ်ဆေးရုံတွင် စံကိုက်ဆေးရုံ အဆောက်အအုံအား မည်သည့်အချိန်တွင် စတင်ဆောက်လုပ်ပြီး လူနာကုသခြင်းများ ဆောင်ရွက်နိုင်မည်ကို သိလိုကြောင်း** မေးခွန်း၊ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ် ဆဘောင်သဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာန အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များမှ လျှောက်ထားသည့် သူနာပြု၊ သားဖွား သင်တန်းသားဦးရေ တိုးမြှင့်တက်ရောက်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်တို့က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ တင်သွင်းထားသည့် **“ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံ ဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”**အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အထူးစိုးရိမ်နေ**

**မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော်**က ယခုအခါ UEHRD အဖွဲ့အနေဖြင့် ထွက်ပြေးသွားသူများ ပြန်လည်နေရာချထားရေးကို ဦးတည်ဆောင်ရွက်နေသောကြောင့် ဒေသခံများအနေဖြင့် အကြမ်းဖက်သမားများ ရောထွေးပါလာမည်ကို အထူးစိုးရိမ်နေကြပါကြောင်း၊ ဌာနေတိုင်းရင်းသားများ နေရပ်စွန့်ခွာသွားမည်ဆိုပါက နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် များစွာထိခိုက်လာနိုင်ပါကြောင်း ဆွေးနွေးသည်။

**မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း**က ရခိုင်ပြည်နယ်၌ ပြန်လည်နေရာချထားရေး ပြုလုပ်ရာတွင် ဒေသခံတိုင်းရင်းသားပြည်သူများ ပိုမိုပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်ရာတွင်လည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒေသခံများ၏ စိတ်နေသဘောထား လိုအပ်ချက်ကို ဦးစားပေးဖြေရှင်းပေးသင့်ပါကြောင်း၊ ဒေသခံ ရခိုင်လူမျိုး ခေါင်းဆောင်များ ပါဝင်သော ရေတိုစီမံကိန်းနှင့် ရေရှည်စီမံကိန်းများ ချမှတ်သင့်ပါကြောင်း၊ နောက်နောင် အိမ်နီးချင်းနိုင်ငံများနှင့် အငြင်းပွားမှုမဖြစ်စေရန်အတွက် ရေရှည်အထူးစီမံကိန်း(၁)ခုအဖြစ် မြန်မာနိုင်ငံ၏ နယ်ခြားစည်းမျဉ်းအတိုင်း နယ်ခြားလမ်းနှင့် နယ်ခြားစည်းများ ကာရံဆောင်ရွက်သင့်ပါကြောင်း၊ မိုင်(၅၀)၊ (၁၀၀)အကွာတွင် စီးပွားရေးဇုန်နှင့် နယ်ခြားစောင့်တပ်ရင်းများ ပြောင်းရွှေ့ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့်**က နှစ်ပေါင်းများစွာ လူ့အဖွဲ့အစည်း နှစ်ခုအကြား ယုံကြည်မှုလျော့ပါးနေမှုများသည် နိုင်ငံရေးပယောဂများ၊ ကောလာဟလများကြောင့် တစ်ဖက်နှင့်တစ်ဖက် သံသယစိတ်များ ပိုမိုကြီးထွားလာပြီး ရန်လိုမုန်းတီးမှုများ တစ်စတစ်စ ပြင်းထန်လာခဲ့ပါကြောင်း၊ မတူကွဲပြားသည့် လူ့အဖွဲ့အစည်း နှစ်ရပ်အကြား တရားဥပဒေနှင့်အညီ တည်ငြိမ်စွာ အတူယှဉ်တွဲနေထိုင်မှသာ အချုပ်အခြာ အာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲပြီး ဒေသခံ ဌာနေတိုင်းရင်းသားတို့၏ အကျိုးစီးပွားသည် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ယင်းကို အကောင်အထည်ဖော်ရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့အနေဖြင့် လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြန်လည်လက်ခံမည့် ဘင်္ဂါလီလူမျိုးတို့၏ လူဦးရေတိုးပွားမှုနှုန်း မြင့်မားမြန်ဆန်မှု၊ ရွှေ့ပြောင်းသွားလာနေထိုင်မှုတို့ကို နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ရှေးရှုလျက် စီမံချက်များချမှတ်၍ ထိန်းချုပ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့် စပ်လျဉ်း၍ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန်းဝင်း၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၊ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးတို့ကလည်း အကြံပြုဆွေးနွေးကြသည်။

**အထည်ချုပ်စက်ရုံများ ဖွင့်လှစ်နိုင်ရေး**

အဆိုနှင့် စပ်လျဉ်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဒေသခံတိုင်းရင်းသားများ မိမိတို့၏ ဒေသတွင် အလုပ်အကိုင်ရရှိပြီး ပြန်လည်နေထိုင်နိုင်ရန် ရည်ရွယ်၍ စစ်တွေမြို့တွင် Smart အထည်ချုပ်စက်ရုံ၊ ခိုင်ပြည်စိုးအထည်ချုပ်စက်ရုံ၊ ရွှေကျားလက်ရက်ကန်း စက်ရုံတို့ကို အစိုးရ၏ မတည်ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး အမျိုးသမီး ၂၅၀ တို့သည် အလုပ်အကိုင်များရရှိခဲ့ကြပြီး မိမိတို့ဒေသတွင် ပြန်လည်အခြေချနိုင်ခဲ့ပါကြောင်း၊ အလားတူ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပိုမိုကြီးမားသော အထည်ချုပ်စက်ရုံများ ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဒေသခံပြည်သူများ ပိုမိုအကျိုးခံစားခွင့် ရရှိနိုင်စေရန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၈ ခုကို ဆောင်ရွက်ခွင့်ပြုနိုင်ခဲ့ပါကြောင်း။

ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာ ၅၀ အတွက် လှည့်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ မတည်ပေးခြင်း၊ Caterpillar Company နှင့် ပူးပေါင်း၍ စက်ကြီးမောင်းသင်တန်း ဖွင့်လှစ်ပေးခြင်း၊ GIZ အဖွဲ့အစည်း၏ ပံ့ပိုးမှုဖြင့် ဒေသခံအမျိုးသမီးများအား ရန်ကုန်မြို့တွင် စက်ချုပ်သင်တန်း တက်ရောက်ရန် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးသင်တန်းဖွင့်လှစ်ပေးခြင်း၊ သံချည်သံကွေး၊ ဂဟေဆက်၊ လျှပ်စစ်အသေးစားစက်ပြင်သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်လုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုး ခိုင်ခံ့ကောင်းမွန်ရေး၊ ရေပိုင်နက်နယ်နိမိတ်လုံခြုံရေးတို့သည် အဓိကကျသော အချက်များဖြစ်သဖြင့် နယ်စပ်ခြံစည်းရိုး ကာရံခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်၊ ထွက်သွားလာမှု မရှိစေရေးနှင့် အကြမ်းဖက်သမားများ၏ အန္တရာယ်မှ လုံခြုံရေးတို့အတွက် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် ထိစပ်နယ်နိမိတ်တစ်လျှောက် နယ်စပ်ခြံစည်းရိုး ပျက်စီးမှုများအား ပြုပြင်ခြင်း၊ နယ်စပ်ခြံစည်းရိုး ကင်းလှည့်လမ်းပြုပြင်ခြင်း၊ ချဉ်းကပ်လမ်းများ၊ တံတားများနှင့် ကင်းစခန်းများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ခြံစည်းရိုး တည်ဆောက်ခြင်းကို ၂၀၀၉ ခုနှစ်မှ စတင်၍ သဲသောင်ပြင်ပိုင်း၊ တာပေါင်ပိုင်းနှင့် တောင်ပေါ်ပိုင်းဟူ၍ ခြံစည်းရိုးအမျိုးအစား သုံးမျိုးဖြင့် အဆင့်ဆင့် တည်ဆောက်လျက်ရှိရာ ကျန်ရှိသည့် ၃၉ ဒသမ ၂၁၇ မိုင်အား လာမည့်ပွင့်လင်းရာသီတွင် လုပ်ငန်းစတုတ္ထအဆင့်အဖြစ် နယ်စပ်ခြံစည်းရိုးစီမံကိန်း(ကျီးကန်းပြင်)ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

တုံးချောင်းဝမှ BP 66 ထိ ခြံစည်းရိုးပျက်စီးမှုများနှင့် ဖျက်ဆီးခံရမှုများကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစ၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခြံစည်းရိုးများ ပိုမိုလုံခြုံကောင်းမွန်စေရေးအတွက် ခြံစည်းရိုး(၂)ထပ် ကာရံမှုများအဖြစ် အဆင့်မြှင့်တင်ခြင်းကို ရဲအောင်ချောင်းဝကင်းစခန်းမှ BP 36 ထိ ၆ ဒသမ ၃ မိုင်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာမှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ၇၂ ရာခိုင်နှုန်းပြီးစီးပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**နယ်မြေစိုးမိုးရေးဆောင်ရွက်လျက်ရှိ**

အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်မှု မရှိစေရေးအတွက် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များဖြင့် နယ်စပ်ခြံစည်းရိုးတစ်လျှောက် ကင်းစခန်းများ၊ လှည့်ကင်းများဖြင့် စိုးမိုးခြင်း၊ မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့် ရဲတပ်ဖွဲ့များ ပူးပေါင်း၍ နယ်စပ်တစ်လျှောက် ပူးတွဲကင်းလှည့်ခြင်း၊ ဒေသခံအမာခံ သတင်းပေးများဖြင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်း ရယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ရေလမ်းခရီးမှ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များက နတ်မြစ်တစ်လျှောက် လှည့်ကင်းများဖြင့် လည်းကောင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ချောင်းဝကင်းစခန်းများထားရှိ၍ လည်းကောင်း၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးရွာအလိုက် ဒေသခံတိုင်းရင်းသားများ စိုးရိမ်ကြောင့်ကြမှု မရှိစေရေးအတွက် ကျေးရွာများအနီးရှိ နယ်ခြားစောင့်ကင်းစခန်းများမှ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံများ ပူးပေါင်း၍ ကျေးရွာလုံခြုံရေးကင်းများ ချထားခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပြီးနောက် နယ်မြေအခြေအနေအရ ယခင်ရှိသော ရဲကင်းစခန်း ၁၂၉ ခုကို စုစည်း၍ ရဲကင်းစခန်း ၉၅ ခုအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကင်းစခန်းအသစ် ၄ ခုကို အသစ် ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သဖြင့် ယခုလက်ရှိတွင် နယ်မြေရုံး ၁၁ ခု၊ နယ်မြေရဲစခန်း ၁၂ ခု၊ မိုင်တိုင်ကင်းစခန်း ၁၆ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ ရဲကင်းစခန်း ၉၅ ခု၊ စုစုပေါင်း ၁၆၁ ခုဖြင့် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသခံတိုင်းရင်းသားများကို စုစည်းပြီး ရပ်ရွာသစ်များ ပြန်လည်တည်ဆောက်ရန် စီစဉ်လျက်ရှိရာ မြိုတိုင်းရင်းသားများအတွက် သစ်တုံးနားခွဆုံ၊ နတ်ချောင်း၊ ဇော်မတက်ရွာတို့တွင် လည်းကောင်း၊ ခမီ၊ ဒိုင်းနက်၊ ချင်းနှင့် မြိုတိုင်းရင်းသားများအတွက် ပဒကားရွာသစ်တွင် လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများအတွက် မင်းကြီးရွာသစ်၊ အထက်ပြူးမနှင့် ကွမ်းသီးပင်ကျေးရွာများတွင်လည်းကောင်း၊ မာရမာကြီးတိုင်းရင်းသားများအတွက် လောင်းဒုံးရွာတွင် လည်းကောင်း၊ သက်တိုင်းရင်းသားများအတွက် သက်ကိုင်ညာကျေးရွာတွင် လည်းကောင်း၊ ဒိုင်းနက်လူမျိုးများအတွက် ကာလာဒေးဖက်ကျေးရွာတွင် လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များအတွက် အိုးထိန်း၊ ရဲဘောက်ကျ၊ ကြိမ်ချောင်း၊ တောင်ပြို၊ မြို့မချောင်း၊ ရွှေဇား၊ မြို့ဦးနှင့် လေးမိုင်ကျေးရွာများတွင်လည်းကောင်း ရွာသစ်များ ထူထောင်ပေးလျက်ရှိခြင်း၊ ထူထောင်ရန် စီစဉ်ထားရှိခြင်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

# ဟားခါးမြို့တွင် အဆင့်မြင့်ပန်းခြံ တည်ဆောက်နိုင်ရေးအတွက် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိ


ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်

**“ ဖလမ်းခရိုင်၊ မင်းတပ်ခရိုင်နှင့် မတူပီခရိုင် မြို့တော်များတွင် ပန်းခြံများ တည်ဆောက်ပေးရေးအတွက် ဖလမ်းခရိုင် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ စည်ပင်သာယာရေးပန်းခြံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချင်းလူမှုရေးအဖွဲ့တို့ ပူးပေါင်း၍ သဘာဝသစ်ခွပန်း မျိုးစုံများ စိုက်ပျိုးရေး စီမံထားရှိ ”**


နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားရှင်းလင်းခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင်ကျေးရွာထိ မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ မြောက်ဦး-မဟာထီးကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင်ကျေးရွာအထိ မြေသားလမ်းပိုင်းသည် ကျေးရွာကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားခြင်းဖြစ်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းစာရင်းသို့ သိမ်းသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ မြေသားလမ်း ၄ မိုင် ၄ ဖာလုံ လူသွားလမ်း ၁ မိုင် ၁ ဖာလုံအား မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ် အစိုးရ ရန်ပုံငွေ ငွေကျပ် ၃၅ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းပြီးပါက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**သစ်ခွပန်းမျိုးစုံစိုက်ပျိုးရေး စီမံထား**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ဟားခါးမြို့တော်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသည်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လုပ်သားပြည်သူများ အားလပ်ရက်များတွင် အနားယူအပန်းဖြေရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်မီပန်းခြံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ချင်းပြည်နယ် ဟားခါးမြို့တွင် အဆင့်မြင့်ပန်းခြံ တည်ဆောက်နိုင်ရေး အတွက် ခွာစီလိုဘိုအရပ်တွင် ငါးကေခန့်ကို ဟားခါးမြို့ မြို့မိမြို့ဖများမှ မြေပိုင်ဆိုင်မှုရရှိရေး အတွက် ဟားခါးမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ပန်းခြံတည်ဆောက်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်လျာထားချက်တွင် ဒုတိယဦးစားပေး အဖြစ် ခွာစီလိုဘိုပန်းဥယျာဉ်ပြုလုပ်ခြင်းနှင့် ရေလှောင်ကန် တစ်လုံး၊ ရေကန် (ခြံစည်းရိုးအပါအဝင်) ငွေကျပ်သန်း ၁၅၀ လျာထားတောင်းခံထားပြီးဖြစ်သဖြင့် ခွင့်ပြုရန်ပုံငွေ ရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ဖလမ်းခရိုင်၊ မင်းတပ်ခရိုင်နှင့် မတူပီခရိုင် မြို့တော်များတွင် ပန်းခြံများတည်ဆောက်ပေးရေးအတွက် ဖလမ်းခရိုင် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ စည်ပင်သာယာရေးပန်းခြံကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် ချင်းလူမှုရေးအဖွဲ့တို့ ပူးပေါင်း၍ သဘာဝ သစ်ခွပန်းမျိုးစုံများ စိုက်ပျိုးရေး စီမံထားရှိပါကြောင်း။

မင်းတပ်ခရိုင် မင်းတပ်မြို့တွင် မြေဧရိယာ သုံးဧကကို ဦးဝမ္မသူးမောင်ကြေးရပ်နှင့် ပန်းခြံ တည်ဆောက်ရေးအတွက် သစ်တောမြေမှ စွန့်လွှတ်ပေးရန် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ မတူပီခရိုင် မတူပီမြို့တွင်လည်း အဆင့်မြင့် ပန်းခြံတည်ဆောက်ရေးအတွက် မြေနေရာအား လျာထားသတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကန်ပက်လက်မြို့တွင်လည်း အလားတူ ဆောင်ရွက်ရန်အတွက် လျာထားပြီး ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တီးတိန်၊ ပလက်ဝ၊ ထန်တလန်မြို့နယ်များတွင် ယခုအချိန်ထိ ပန်းခြံများတည်ဆောက်နိုင်ရန်အတွက် စီမံချက်ရေးဆွဲထားရှိခြင်း မရှိသေးပါကြောင်း၊ ကျန်သည့်နေရာများတွင် စီမံချက်ရေးဆွဲပြီး ဘတ်ဂျက်ရရှိသည်နှင့်တစ်ပြိုင်နက် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ နော်လှလှစိုး၏ **ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ တောင်သူကုန်း-ယိုးဒယားဈေးမှ ထွက်သော အညစ်အကြေးများကြောင့် ရပ်ကွက်တွင်း ပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပြီး သာရေး၊ နာရေး၊ မီးဘေးအန္တရာယ်များအတွက် ကားများပင် ဝင်ထွက်သွားလာနိုင်မှု မရှိခြင်းတို့ကြောင့် ၎င်းလမ်းဘေးဈေးကို သင့်တော်မည့်နေရာသို့ ရွှေ့ပြောင်းပေး နိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက အင်းစိန်မြို့နယ် တောင်သူကုန်း ရပ်ကွက် တောင်သူကုန်းလမ်းတွင် ပျံကျ ဈေးသည်များ ရောင်းချလျက်ရှိသော ဒေသ အခေါ် ယိုးဒယားဈေးသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်မှစတင်၍ တောင်သူကုန်းလမ်း ဝဲ၊ ယာ တစ်လျှောက် ရောင်းချလျက်ရှိပြီး လမ်းအရှည် ပေ(၁၀၀၀×၁၂) ခန့်တွင် ပျံကျဈေးသည် ၂၀၀ ခန့် ရောင်းချလျက်ရှိပါကြောင်း၊ ပျံကျဈေးသည် များအနေဖြင့် ဈေးဆိုင်ခန်းရယူပြီးသော်လည်း နောက်ပိုင်းတွင် ဘိုကုန်းဈေး၌ပဲ ဆိုင်ခန်း များရောင်းချ၍ မူလယိုးဒယား ဈေးတွင်သာ ပြန်လည်ရွှေ့ပြောင်းရောင်းချလျက် ရှိပါကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအနေဖြင့် စနစ်တကျရောင်းချစေရန် အတွက် ဈေးသစ်ဆောက်လုပ်ပြောင်းရွှေ့နေရာ ပေးသော်လည်း ဈေးသည်များက မူလနေရာတွင်သာ ပြန်လည်ရောင်းချနေခြင်းဖြစ်ပြီး ယခု အချိန် ပြန်လည်ရွှေ့ပြောင်းမည်ဆိုပါက ဘိုကုန်း ဈေးအတွင်း လုံလောက်သောနေရာ မရှိပါကြောင်း၊ ယိုးဒယားဈေးနှင့် အနီးဆုံးနေရာသည် ပေ ၂၅၀၀ ခန့် ကွာဝေးသည့် ဘိုကုန်းဈေးဖြစ်ပါကြောင်း၊ ဘိုကုန်းဈေးသည် ဧရိယာအကျယ် ပေ (၃၂၀× ၁၀၀)ဖြင့် ဈေးရုံခြောက်ရုံ၊ ဆိုင်ခန်းပေါင်း ၂၅၁ ခန်း ရှိပါကြောင်း၊ ပျံကျဈေးသည် ၃၈ ဦး ရောင်းချလျက်ရှိပါကြောင်း၊ ဈေးဧရိယာအတွင်းတွင် (၂၇×၅၅)ပေ ကျယ်ဝန်းသည့် ပျံကျဈေးရောင်းချနိုင်မည့် လစ်လပ်နေရာ ရှိနေပါကြောင်း၊ ယင်းနေရာတွင် ယိုးဒယားဈေးမှ ပျံကျဈေးသည်များ ချထားပေးရန် နေရာလုံလောက်မှု မရှိသည့်အတွက် ယိုးဒယားဈေးအား ပြောင်းရွှေ့နေရာချထားပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

ဈေးဆိုင်မှ အညစ်အကြေးများကြောင့် တောင်သူကုန်းလူနေရပ်ကွက်အတွင်း အများပြည်သူများ ကျန်းမာရေးဆိုးရွားစွာ မခံစားရရေး အတွက် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အတွက် အိမ် ၃၂၃ အိမ် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ထောင်ဝေပေးခြင်း၊ ခြင်ထောင်ဆေးရည်စိမ်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ လုပ်ငန်းများ ဆောင်ရွက်ပေးပါကြောင်း၊ အင်းစိန်မြို့နယ် ဒေသန္တရ ကျန်းမာရေးဌာနမှလည်း ဆေးဖျန်း၊ ဆေးမှုတ်ခြင်းများ ဆောင်ရွက်ပေးပါကြောင်း၊ တိရစ္ဆာန်ဆေးကုဌာနမှလည်း မြေကြွက်၊ ခွေးလေခွေးလွင့် ရှင်းလင်းရေးများလည်း ဆောင်ရွက်ပေးပါကြောင်း၊ တောင်သူကုန်းရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းနေသော ကသွယ်ချောင်းသည် ပေ ၁၂၀၀၀ ခန့် ရှိပါကြောင်း၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် နှစ်စဉ်ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ ကွင်းမွေး(၁)လမ်းနှင့် (၂) လမ်းတို့ကို Box Culvert နှစ်ခု တည်ဆောက် ပေးခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာနလမ်းနှင့် တံတားမှ တောင်သူကုန်းရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်း နေသည့် ကသွယ်ချောင်းရေစီးရေလာ ကောင်းမွန် စေရေးအတွက် ဖေဖော်ဝါရီလမှ စတင်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား သည်။

ထို့နောက် စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင် ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာချုပ်စာတမ်း များ မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

**အစီရင်ခံစာဖတ်ကြား**

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင် ချက်မရှိ အတည်ပြုပြီးပေးပို့လာသော အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးနိုင်ရန်အတွက် ဥပဒေ ကြမ်း ကော်မတီဝင် ဦးကျော်ကျော်က အစီရင်ခံစာ ကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေ၏ **ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု One Village One Product (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ (Rural Development Strategy) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့် တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်း ရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စား လှယ်များက ဆွေးနွေးကြသည်။

**ညီညီညွတ်ညွတ် လုပ်ဆောင်**

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးကျော်မြင့်ဦးက Farm Project သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဆင့်မြင့်လယ်ယာဖော်ဆောင်ရေး အတွက် တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ အတွက် ချေးငွေထုတ်ပေးရေးနှင့် ထုတ်ကုန်တန်ဖိုး မြှင့်တင်ရေးတို့ ပါဝင်ပါကြောင်း၊ ကျေးရွာတစ်ရွာ ထွက်ကုန် တစ်မျိုးအောင်မြင်နိုင်ရေးအတွက် အကြိုပြင်ဆင်သည့်အနေဖြင့် လက်ရှိအကောင် အထည်ဖော် ဆောင်ရွက်နေသည့် အဆင့်မြင့် လယ်ယာဖော်ထုတ်ပေးရေး၊ တောင်သူများ ပုံစံ (၇) ရရှိရန်အတွက် အချိန်မီပြုလုပ်နိုင်ရေး၊ သီးနှံများ အရည်အသွေးမြင့်မားပြီး နိုင်ငံတကာသို့ အဆင့်မီပို့ဆောင်နိုင်ရေးအတွက် GAP စိုက်ပျိုး အလေ့ကျင့်ကောင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာစေရေးအတွက် ဖော်ဆောင်ပေး နိုင်ရေး၊ ပြည်တွင်း ပြည်ပ ဈေးကွက်ရှာဖွေပေး နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ် စသည့် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်း ပေးနိုင်ရေး၊ ဒီမိုကရေစီယန္တရားကို ပြုပြင် ပြောင်းလဲတိုးတက်ရန် ပြုလုပ်ပေးနိုင်ရေး အမြန် ပြုလုပ်သင့်ပါကြောင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက် ရေးနှင့် နိုင်ငံရေးပါ တည်ဆောက်နေရသည့် ကာလဖြစ်သောကြောင့် အားလုံး ညီညီ ညွတ်ညွတ် လုပ်ဆောင်ကြရန်အတွက် အကြံပြု တိုက်တွန်းကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်းက ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်ခုကို ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက် ဒေသနေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့် အလမ်း လုံလောက်စွာရရှိခြင်း၊ လူနေမှုဘဝမြင့်မား တိုးတက်လာခြင်း၊ အရည်အသွေးမီဒေသ ထုတ်ကုန်များကို ပြည်တွင်းသာမက ပြည့်ပသို့ တင်ပို့ရောင်းချလာနိုင်ခြင်းတို့ကြောင့် ဒေသခံ ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်မည့် အပြင် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါ ကြောင်း၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု စီမံကိန်း ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံပြည်သူလူထု နှင့်အတူ နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာ အဖွဲ့ အစည်းများ၊ အမျိုးသားလူမှုအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ပညာရှင်များက ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ် ပါကြောင်း။

ထုတ်လုပ်မည့် ကုန်ပစ္စည်းများကိုလည်း ကုန်ပစ္စည်းတန်ဖိုးအလိုက် လူတန်းစားမရွေး အသုံးပြုနိုင်အောင် စီမံထုတ်လုပ်ရမည့်အပြင် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိအောင် ကုန်စည် ပြပွဲများ ပြုလုပ်ကျင်းပခြင်းစသည့် နည်းလမ်း အမျိုးမျိုးဖြင့် နိုင်ငံတကာအဆင့်အထိ ထိုးဖောက် နိုင်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီ အရည်အသွေး ဖြစ်စေရန်အတွက် ထုတ်လုပ်မှုနည်းပညာမြင့်မား ရန် လိုအပ်ကြောင်းလည်း သုံးသပ်လေ့လာတွေ့ရှိ ရပါကြောင်း၊ နည်းပညာမြင့်ထုတ်ကုန်များ ရရှိရေး အတွက် ထုတ်လုပ်မည့် လုပ်ငန်းအမျိုးအစား အလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း များက စနစ်တကျ သင်ကြားလေ့ကျင့်ရမည့် အပြင် အောင်မြင်မှုရရှိနေကြသည့် အခြားနိုင်ငံ များကိုလည်း လေ့လာကြရမည်ဖြစ်ပါကြောင်း။

ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု ကျေးလက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဖော်ဆောင်မည့် နေရာဒေသရွေးချယ်မှု၊ ကုန်ထုတ်လုပ်နိုင်မည့် အရင်းအမြစ်ရရှိမှု၊ ထုတ်လုပ်ရန် ကုန်ကျမည့် ရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ်အပါအဝင် နည်းပညာ မြင့်မားစွာ ထုတ်လုပ်နိုင်မှု၊ ထွက်ရှိသမျှထုတ်ကုန် များအတွက် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိစေ နိုင်မှု၊ ဈေးကွက်၏ဝယ်လိုအား အပေါ်မူတည်၍ ထုတ်လုပ်နိုင်မည့် ပမာဏနှင့် အကျိုးအမြတ် ရရှိနိုင်မှုတို့ကို အခြေခံကာ ဘက်ပေါင်းစုံမှသုံးသပ်၍ ရေရှည်စီမံကိန်းအဖြစ်သာ အစီအစဉ်များ စနစ် တကျရေးဆွဲ ဆောင်ရွက်သင့်ပါကြောင်း အကြံပြု ဆွေးနွေးသည်။

**ဆွေးနွေး**

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြမင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခ) သန်းစိုး (ဘောဂဗေဒ)နှင့် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်ရှားမူတို့က ဆွေးနွေးကြသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှုကို ထည့်သွင်းစဉ်းစား ရန် လိုအပ်မှုရှိနေသည့် အခြေအနေ၊ ရင်းနှီးမြှုပ်နှံ မှုကို အကျိုးရှိ၊ ထိရောက်စွာ သုံးစွဲအကောင် အထည်ဖော်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းများမှ ကျေးရွာများ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိနေသည့် အခြေအနေ၊ ယင်းစီမံကိန်းများက ကျေးလက်နေ ပြည်သူများ၏ စွမ်းဆောင်ရည်များကို မြှင့်တင် တည်ဆောက်ပေးနိုင်ရေးကို ဆောင်ရွက်ပေး လျက်ရှိနေသည့် အခြေအနေ၊ အခြေခံကောင်းများ အပေါ်တွင် စနစ်တကျအကောင်အထည်ဖော် နိုင်ရန်အတွက် အချိန်ယူဆောင်ရွက်ရမည့် အခြေ အနေတို့ ရှိနေသည့်အတွက် ယင်းအဆိုကို တင်ပြ ဆွေးနွေးချက်များအပေါ် ထောက်ရှုပြီး မှတ်တမ်း တင်ထားရှိပါရန် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က စက်ခလုတ်နှိပ်၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၇၁မဲ၊ ကန့်ကွက်မဲ ၁၀၆ မဲ နှင့် ကြားနေမဲ ခုနစ်မဲဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုအား အတည်မပြု ကြောင်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အမျိုးသားလွှတ်တော် ဒုတိယအကြိမ် သတ္တမ ပုံမှန်အစည်းအဝေး ၂၁ ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်ရေးဆွဲရာတွင် ဘိန်းစိုက်ပျိုးမှုလျော့ကျစေရေးကို အဓိကထည့်သွင်းရေးဆွဲသွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်၍ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒထုတ်ပြန်ကြေညာသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ **(ယာပုံ)** မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေး ဦးစီးကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံနှင့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးထားသောနိုင်ငံများမှ သံအမတ်ကြီးများ၊ အလှူရှင်နိုင်ငံများမှ သံအမတ်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ မူဝါဒသစ်ရေးဆွဲရေး လုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခဲ့သည့် NGO၊ CBO ၊ CSO များမှ ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများသည် ပြည်သူများ၏ ကျန်းမာရေးနှင့် အေးချမ်းစွာနေထိုင်မှုကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိပြီး လူ့အဖွဲ့အစည်းများ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအခြေခံအုတ်မြစ်တွေကိုလည်း လိုက်စားလာသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ ၅ ရာခိုင်နှုန်းသည် တစ်နှစ်အတွင်း မူးယစ်ဆေးဝါး အနည်းဆုံးတစ်ကြိမ် သုံးစွဲမှုရှိပြီး ကမ္ဘာ့လူဦးရေ ၂၅၅ သန်းရှိသည့်အနက် ၂၉ ဒသမ ၅ သန်းသည် မူးယစ်ဆေးဝါးကုသမှုခံယူရန် လိုအပ်နေသူများဖြစ်ပြီး ၁၂ သန်းသည် မူးယစ်ဆေးဝါးအကြောတွင်း ထိုးသွင်းသူများဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် မူးယစ်ဆေးလွန် သေဆုံးမှုများ၊ မူးယစ်ဆေးစွဲမှုကြောင့် ကူးစက်ခံရသော HIV ရောဂါ၊ အသည်းရောင် အသားဝါ "B"၊ "C" နှင့် TB ရောဂါဖြစ်ပွားမှုများ မြင့်တက်လာကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုမှာ ဘိန်းဖြူ၊ ဆေးခြောက်၊ ကိုကင်းနှင့် အဖက်တမင်း စိတ်ကြွရူးသွပ်ဆေးပြားများအပြင် စိတ်ပြောင်းဆေးဝါးသစ်ထုတ်လုပ်မှုများကိုပါ တွေ့ရှိလာခဲ့ရကြောင်း။

၂၀၁၂ ခုနှစ်တွင်စိတ်ပြောင်းဆေးဝါးသစ်အမျိုးပေါင်း ၂၆၀ တွေ့ရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှာ အမျိုး ပေါင်း ၆၃၀ မျိုးထိ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ အထူးအစည်းအဝေးမှ လက်ရှိဖြစ်ပေါ်နေသည့် မူးယစ်ဆေးသုံးစွဲမှု၊ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲအန္တရာယ်များ၊ စဉ်ဆက်မပြတ်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ သာတူညီမျှမှု အပါအဝင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် ပိုမိုကောင်းမွန်သော လုံခြုံရေး၊ ငြိမ်းချမ်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအားလုံး၏ သဘောတူညီချက်ဖြင့် Joint Commitment တစ်စောင်ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၆)ကို ခေါ်ယူ၍ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒတစ်ရပ်ပေါ်ထွက်လာရေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပြီး မူဝါဒသစ်ရေးဆွဲရေး ဦးစီးကော်မတီကို ဖွဲ့စည်း၍ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေး လမ်းပြမြေပုံ(Road Map) တစ်ရပ်ရေးဆွဲကာ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ စတင်ကာ မူဝါဒသစ်ရေးဆွဲရေးဆိုင်ရာဆွေးနွေးပွဲ၊ လမ်းပြမြေပုံ (Road Map) ရှင်းလင်းပွဲ၊ လုပ်ငန်းအဖွဲ့အသီးသီး၏ ဆွေးနွေးပွဲ သုံးကြိမ်၊ ကျွမ်းကျင်ပညာရှင်များမှ ပြန်လည်သုံးသပ်ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ရာ ကိုယ်စားလှယ်စုစုပေါင်း ၃၅၇ ဦး တက်ရောက်ဆွေးနွေးခဲ့ပြီး အဆင့်ဆင့်ဆွေးနွေးပွဲများမှ ရရှိလာသည့် မူဝါဒမူကြမ်းအပေါ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ အတည်ပြုရေးဆိုင်ရာ ဆွေးနွေးပွဲတွင် အတည်ပြုနိုင်ခဲ့ကြပါကြောင်း။

ယခုလိုကဏ္ဍပေါင်းစုံမှ အဖွဲ့အစည်းများပါဝင်၍ ပြည်သူ့ကျန်းမာရေးကို ဦးစားပေးသော ချဉ်းကပ်မှုများ၊ ဖွံ့ဖြိုးရေးကို ဦးစားပေးသောချဉ်းကပ်မှုများကို အလေးပေးရေးဆွဲထားခြင်းဖြစ်ပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးရည်မှန်းချက် (Substainable Development Goals, SDG) များ အောင်မြင်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ မူဝါဒမှာ ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေးကဏ္ဍ၊ သုံးစွဲမှုများလျှော့ချရေးနှင့်နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေးကဏ္ဍ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေးကဏ္ဍနှင့် လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးကဏ္ဍ စသည်တို့ကို ထည့်သွင်းရေးဆွဲထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့အနေဖြင့် မူဝါဒ၏အမျိုးသား မဟာဗျူဟာစီမံချက် (National Strategic Plan) ကို ခြောက်လအတွင်း ရေးဆွဲမည်ဖြစ်ပြီး ဘိန်းစိုက်ပျိုးမှုလျော့ကျစေရေးကို အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်တစ်ခုကို နှစ်နှစ်ကာလသတ်မှတ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ထားရှိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအတည်ပြုပြီးပါက ဥပဒေပုဒ်မ ၁၅ အရ ထောင်ဒဏ်ချမှတ်ခြင်းမရှိသည့်အတွက် မူးယစ်ဆေးဝါးသုံးစွဲသူများအား ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးမြှင့်ရန် သက်ဆိုင်ရာဌာနများက ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ထားရန်လိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ UNODC ဌာနေကိုယ်စားလှယ် Mr. Jeremy Douglas က ကြိုဆိုမိတ်ဆက်စကားပြောကြားခြင်း၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ် ပေါ်ထွက်လာရေးအတွက် ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုပြသခြင်း၊ တက်ရောက်လာသူများက ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*ပြည်သူ့လွှတ်တော်မှ*

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးတိုးမြှင့်ရရှိရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များအတွက် 66 KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်လျက်ရှိပြီး ရသေ့တောင်မြို့ကို ၂၀၁၈ ခုနှစ် မတ်လတွင်လည်းကောင်း၊ ဘူးသီးတောင်မြို့ကို ၂၀၁၈ ခုနှစ် ဇွန်လတွင် လည်းကောင်း၊ မောင်တောမြို့ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း နိုင်ငံတော် ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်ရရှိလာပါက အဆိုပါ မြို့သုံးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လျှပ်စစ်မီးသုံးသူအိမ်ထောင်စု ၂၇၀၄၇ စု ကို နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ ဓာတ်အားပေးနိုင်မည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်ရာတွင် ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုစီမံကိန်း UEHRD ကို အကောင်အထည်ဖော်ရာတွင် မူဝါဒများ၊ ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်လက်ခံရေး ကိစ္စတွင် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံ သဘောတူညီချက်(၁)ရပ်၊ နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့၏ သဘောတူညီချက်(၂)ရပ်ဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အရေးကိစ္စများသည် မြန်မာနိုင်ငံတစ်ခုလုံးအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများစွာ ရှိနေသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ အကျိုးကို ကိုင်တွယ်ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး၏ အရေးကဲ့သို့ သတိကြီးစွာထား၍ အမြင်ကျယ်ကျယ်ဖြင့် ကိုင်တွယ်ဆောင်ရွက်ရန် များစွာလိုအပ်ပါကြောင်း၊ အစိုးရ၏ ဆောင်ရွက်ခဲ့မှုများ၊ လက်ရှိဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် ရခိုင်ဒေသခံ တိုင်းရင်းသားပြည်သူများအကျိုး လိုလားတောင့်တမှုများနှင့် ကိုက်ညီလျက်ရှိပါသဖြင့် ယခုအဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပါရန် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကော်မတီ ၁၄ ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့သော "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ"နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မီမီဖြိုး(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၁၁တွင် ဖော်ပြပါရှိသော "ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" တွင် ပါရှိသည့် "ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံး **အစား** အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**မြန်မာ့အလင်း**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များဖြစ်သည့် နိုင်ငံသားဖြစ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်များကို ဥပဒေနှင့်အညီ ခံစားရရှိစေရန် အကောင်အထည်ဖော်နေမှုများ ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E Ms. Vanessa Chan က ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရသစ်အနေဖြင့် ပြည်သူများအခြေခံ လူ့အခွင့်အရေး ပြည့်ဝစွာရရှိခံစားနိုင်ရေးကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီတည်ထောင်ထားပြီး လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ ၂၀၁၆ ခုနှစ် မေလမှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်းကောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များဖြစ်သည့် နိုင်ငံသားဖြစ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်များကို ဥပဒေနှင့်အညီ ခံစားရရှိစေရန် အကောင်အထည်ဖော်နေမှုများ၊ ၂၀၁၂ ခုနှစ်ကတည်းက ရှိခဲ့သော IDP စခန်းများ ပိတ်သိမ်းရေး ကြိုးပမ်းနေမှုများ၊ UEHRD၏ ရည်ရွယ်ချက်များဖြစ်သည့် လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ငန်းအဖွဲ့ ကိုးဖွဲ့ ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အလုပ်အကိုင်ဖန်တီးပေးရေး ကြိုးပမ်းနေမှုများ၊ နိုင်ငံအတွင်းပြန်လည်ဝင်ရောက်လိုသူများအတွက် နှစ်နိုင်ငံသဘောတူညီချက်အရ စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ စင်ကာပူနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ**

❍ *ကျောဖုံးမှ*

မြန်မာနိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့က ပြန်လည်လက်ခံရေး အစီအစဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံ သဘောတူစာချုပ်ပါ အချက်အလက်များ အတိုင်း တောင်ပြို၊ ငါးခူရပြန်လည် စိစစ်လက်ခံရေးစခန်းများမှ စိစစ် လက်ခံရေး လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ လွှဲပြောင်းပေးပို့မည့် နေရပ်တိမ်းရှောင်သူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ လိုအပ်သည့်ကဏ္ဍအလိုက် ပြင်ဆင်ထားပြီးဖြစ်ကြောင်း။

**ကူညီဖျောင်းဖျပြောဆိုစေလို**

Zero Line သို့ ရောက်ရှိနေသူများ ပြန်လည်ဝင်ရောက်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ တိုက်တွန်းဖျောင်းဖျပြောဆိုခဲ့ပြီး ဖြစ်သော်လည်း ခြိမ်းခြောက်မှုများကြောင့်လည်းကောင်း၊ NVC လုပ်ငန်းစဉ်အရသော်လည်းကောင်း၊ နေရပ်ပြန်စဉ် လုံခြုံရေးစိုးရိမ်ဖွယ်ရာရှိသည် ဟူသည့် မမှန်ကန်သော အကြောင်းပြချက်များကိုသာ ပြောဆိုမှုများရှိနေသည့်အတွက် လက်ခံရေး လုပ်ငန်းစဉ်များအပေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လိုအပ်သည့် ကူညီ ဖျောင်းဖျမှုများ ပြောဆိုစေလိုကြောင်း။

ဘင်္ဂလားဒေ့ရှ်ဘက်မှ လိုအပ်သည်များကို မြန်မာဘက်မှ နယ်မြေခံအဖွဲ့အစည်းအသီးသီးက ပေါင်းစပ်ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ ပြန်လည် ဝင်ရောက်မည့်သူများအတွက် လုံခြုံရေးဆိုင်ရာကိစ္စများကို စီမံဆောင်ရွက်ပြီးဖြစ်သည့်အတွက် အတင်းအကျပ် ဖိအားပေး ဆောင်ရွက်မှုမရှိကြောင်း၊ ပြန်လည်ဝင်ရောက်စေလိုခြင်းသည် ကာယကံရှင်၏ သဘောဆန္ဒသာဖြစ်ပါကြောင်း၊ No Man Land ဖြစ်၍ ယင်းနယ်မြေဧရိယာအတွင်း မည်သူမျှ နေထိုင်၍ မရကြောင်း၊ ယင်းသို့ တားမြစ်နယ်မြေ Zero Line အတွင်း ဝင်ရောက်နေထိုင်ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှု မရှိသဖြင့် INGO အဖွဲ့အစည်းများ၏ ထောက်ပံ့မှုများနှင့်ပတ်သက်၍ အသိပေးနေရကြောင်း။

**ခေါ်ယူထောက်ပံ့**

INGO အဖွဲ့အစည်းများအနေဖြင့် တစ်ဖက်နိုင်ငံမှ ချောင်းဖြတ်ကူး၍ ထောက်ပံ့မှုမပြုဟု ဆိုသော်လည်း သွယ်ဝိုက်သော နည်းလမ်းဖြင့် Zero Line ရောက်ရှိနေသူများအား ခေါ်ယူထောက်ပံ့နေကြောင်း၊ ယင်းသို့ ဆောင်ရွက်နေမှုအား ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ တားမြစ်ပေးစေလိုကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲအပြီး မွန်းလွဲ ၁ နာရီ ၄၂ မိနစ်တွင် Non Construction Zone(zero line area) သို့ နှစ်နိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့များ ရောက်ရှိကြပြီး Zero Line အတွင်း နေထိုင်သည့်သူများအား ကြည့်ရှုကြသည်။

**ပူးပေါင်းဆောင်ရွက်မှုမရှိ**

ထိုသို့ Zero Line အတွင်း သွားရောက်နေထိုင်သူများနှင့် ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့အား ရှင်းလင်းပြောကြားရာတွင် ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် စာရင်းပြုစုပေးရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုနေရာအတွင်း နေထိုင်သူများကို ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း ပူးပေါင်းဆောင်ရွက်မှုမရှိသည်ကို တွေ့ရှိခဲ့ရကြောင်း။

**လုံခြုံမှုအပြည့်အဝပေး**

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးခရီးစဉ်တွင် တွေ့ဆုံဆွေးနွေးရန် ပြောကြားခဲ့သော်လည်း လက်မခံခဲ့ကြောင်း၊ ယခုဧရိယာအတွင်း ရောက်ရှိနေသူများသည် ကျေးရွာ၊ ကျေးရွာအုပ်စုတစ်ခုထဲမှ မဟုတ်သည့်အတွက် အများလက်ခံသည့် ပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ဖြင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်သော်လည်း ကြိုတင်တွေ့ဆုံဆွေးနွေးမှုအတွက် ကြိုတင်ပြင်ဆင်ရန် အချိန်ပေးခြင်း၊ ကိုယ်စားပြုအမည်စာရင်းတောင်းခံခြင်း၊ တွေ့ဆုံဆွေးနွေးမည့်နေရာသို့ သွားရောက်ရာတွင် လုံခြုံမှုအပြည့်အဝပေးခြင်းများကို ချပြဆွေးနွေးပြီးဖြစ်သော်လည်း အောက်ခြေတွင် စုစည်းမရ၍ ကိုယ်စားပြုအဖွဲ့မဖွဲ့နိုင်ခြင်း၊ NVC လုပ်ငန်းစဉ်ကို ရှောင်ရှားစေခြင်း၊ အဖွဲ့အစည်းအသီးသီး၏ တွေ့ဆုံဆွေးနွေးမှုများကို ၎င်းတို့မှ ဦးစီးဦးဆောင်ဆွေးနွေးမှုများသာ ဖြစ်သည့်အတွက် မိမိနှင့်တွေ့ဆုံ ဆွေးနွေးလိုက အချိန်မရွေး ဆက်သွယ်ပြောဆိုနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**စာရင်းဇယားများ ကောက်ယူ**

ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်မှ ကျေးရွာအလိုက် ကိုယ်စားလှယ်များ ဖွဲ့စည်း၍ နေရပ်သို့ ပြန်နိုင်ရေးကိစ္စအပေါ် တွေ့ဆုံဆွေးနွေးလိုကြောင်း၊ စာရင်းဇယားများ ကောက်ယူမှုကို ဆောင်ရွက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးသို့ ပေးစေလိုကြောင်း။

စိစစ်ပြီး ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အပေါ် မိမိတို့ဘက်မှ လိုအပ်သည်များ ကူညီပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး Zero Line Area အတွင်းမှ ပြန်လည်ထွက်ခွာကြပြီး တောင်ပြိုမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် နှစ်နိုင်ငံနယ်စပ်အာဏာပိုင်ခရိုင်အဆင့် ကိုယ်စားလှယ်အဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်စိစစ်ရေးစခန်းအား လှည့်လည်ကြည့်ရှုပြီး မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် နယ်စပ်ဝင်ထွက်ပေါက်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်ထွက်ခွာသွားသည်။

Zero Line Area အတွင်း သွားရောက်နေထိုင်ကြသည့် သူများသည် အဆိုပါ နေရာမှနေ၍ အခြားနေရာများသို့ သွားရောက်ခြင်းမပြုသည့်အပြင် မမှန်မကန်သတင်းများ ထုတ်လွှင့်လျက်ရှိပြီး မိမိနိုင်ငံ၏ နယ်နိမိတ်ပိုင်နက်အား လုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်စဉ် Zero Line အတွင်း ဝင်ရောက်နေထိုင်သူများအား ဖယ်ရှားခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်လာစေရန် ဖန်တီးထားခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးဖယ်ရှားမှုများ ပြုလုပ်ခဲ့ပါက နိုင်ငံတကာ အသိုက်အဝန်းမှတစ်ဆင့် ဖိအားပေးမှုများ ပြုလုပ်လာစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ယင်းတို့ကို ထောက်ပံ့ကူညီမှုများ အပြည့်အဝပေးလျက် Zero Line အတွင်း ရေရှည်နေနိုင်ရန် ကူညီပေးနေသည်များလည်း တွေ့ရှိရသည်။

**ပူးပေါင်းဆောင်ရွက်**

ထိုသို့ နိုင်ငံရေးထောင်ချောက်ဆင်ရန် ရည်ရွယ်ချက်ဖြင့် Zero Line အတွင်း ဝင်ရောက်နေထိုင်သူများကိစ္စ ဖြေရှင်းနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တာဝန်ရှိသူများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရထံမှ သတင်းရရှိသည်။ **သတင်းစဉ်**



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တာဝန်ရှိသူများ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။


ဘင်္ဂလားဒေ့ရှ်ဘက်မှ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့ခေါင်းဆောင် တောင်ပြိုလက်ဝဲ ပြန်လည်စိစစ်ရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။


ဘင်္ဂလားဒေ့ရှ်ဘက်မှ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့ခေါင်းဆောင်နှင့် မြန်မာလုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်များ Zero Line Area အတွင်း နေထိုင်ကြသူများနှင့် တွေ့ဆုံစဉ်။


မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံမှ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# စစ်တွေမြို့၌ နှစ် (၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၀**

နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။ အခမ်းအနားကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသန်းနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်တို့က ဖွင့်လှစ်ပေးသည်။




**ဂုဏ်ပြုဆုများပေးအပ်**

အခမ်းအနားတွင် ချင်းတိုင်းရင်းသားလူငယ်များက ချင်းရိုးရာ ဝါးညှပ်အကနှင့် ကြယ်အကများ၊ ချင်းတိုင်းရင်းသား ကျောင်းသား ကျောင်းသူလေးများက အမျိုးသားနေ့ ဂုဏ်ပြုသီချင်းများဖြင့် သီဆိုကပြဖြေဖျော်ကြပြီး (ယာပုံ) စာပေနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် ချင်းတိုင်းရင်းသား လူငယ်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။

**နှစ်စဉ်ကျင်းပခွင့်ရအောင် ကူညီ**

စစ်တွေမြို့ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက သိက္ခာတော်ရဆရာတော် ဦးအောင်လင်းက "ချင်းအမျိုးသားနေ့ကို ကျင်းပတဲ့အတွက် အချင်းချင်း စုစုစည်းစည်းနဲ့ ချစ်ခင်လေးစားမှုကို ရရှိကြပါတယ်၊ စစ်တွေမြို့မှာ ကျင်းပတဲ့ ချင်းအမျိုးသားနေ့ကို ကျွန်တော် တက်ရောက်တာ ငါးကြိမ်ကျော်ရှိပြီ၊ ချင်းအမျိုးသားနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပခွင့်ရအောင် ကူညီပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ပါတယ်၊ အမျိုးသားနေ့ ကျင်းပနိုင်ဖို့အတွက် ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးပါတယ်"ဟု ပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် စုမ်းတူချင်းတိုင်းရင်းသား ကိုညီညီဝင်းက "အမျိုးသားနေ့အခမ်းအနားကို စစ်တွေမြို့မှာ နေထိုင်ကြတဲ့ ရခိုင်တိုင်းရင်းသားတွေ အပါအဝင် အခြားတိုင်းရင်းသား မျိုးနွယ်စုတွေကလည်း တက်ရောက်အားပေးကြပြီး ဝိုင်းဝန်းကူညီပေးကြတဲ့အတွက် ချင်းအမျိုးသားတစ်ယောက်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်" ဟု ပြောကြားသည်။

"နှစ် (၇၀)ပြည့် ချင်းအမျိုးသားနေ့ကို စည်စည်ကားကား ကျင်းပတာမြင်ရလို့ ဝမ်းသာမိပါတယ်၊ စစ်တွေမြို့မှာ ချင်းအမျိုးသားနေ့ ကျင်းပတော့ နေရာဒေသအနှံ့က ချင်းလူမျိုးတွေ တက်ရောက်ကြပြီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပုံစံအမျိုးမျိုးကို မြင်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်ရပါတယ်"ဟု ချင်းတိုင်းရင်းသူ မဖြိုးအိထွန်းက ပြောသည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပ**

ရခိုင်ပြည်နယ်တွင် ချင်းအမျိုးသားနေ့ အခမ်းအနားကို ကျောက်တော်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ အမ်း၊ ရမ်းဗြဲ၊ မာန်အောင်၊ တောင်ကုတ်၊ သံတွဲနှင့် ဂွ မြို့နယ်တို့၌လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။

**တင်ထွန်း( ပြန်/ဆက်)၊ ဟန်လင်းနိုင်(စစ်တွေ)**

# ကချင်ပြည်နယ်ရှိ မြို့သုံးမြို့တွင် တစ်ရက်တည်း မီးလောင်မှု သုံးကြိမ်ဖြစ်ပွား

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀**

ကချင်ပြည်နယ်အတွင်းရှိ ဖားကန့်၊ ဟိုပင်၊ မြစ်ကြီးနားမြို့တို့တွင် ဖေဖော်ဝါရီ ၁၉ ရက်က တစ်ရက်တည်း မီးလောင်မှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် ကြက်တစ်ကောင်ကုန်းရှိ ဖွံ့ဖွံ့ကျောက်စိမ်းတောင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီရုံးဝင်း၌ မော်ဝမ်းရပ်ကွက် အုပ်စု-၇ နေ ကုမ္ပဏီတာဝန်ခံ ဦးကျော်လှ(၅၂ နှစ်)ဦးစီးသည့် ကုမ္ပဏီပိုင် ကားဝပ်ရှော့အလုပ်ရုံတွင် တပ်ဆင်ထားသည့် လျှပ်စစ်ဝိုင်ယာကြိုး ရှော့ခ်ဖြစ်ကာ မီးလောင်ခဲ့၍ သွပ်မိုး သွပ်ကာ အလုပ်ရုံ လေးရုံ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဦးကျော်လှအား ဖားကန့်မြို့မရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

ထို့အတူ မိုးညှင်းမြို့နယ် ဟိုပင်မြို့ တကွင်းကျေးရွာနေ ဦးအောင်ဌေး(၆၂ နှစ်)၏ နေအိမ်အောက်ထပ်ရှိ စပါးသိုလှောင်သည့် ဂိုဒေါင်တွင် ဖယောင်းတိုင်မီးဖြင့် စပါးခြင်တွယ်ရာမှ ဖယောင်းတိုင်လဲကျပြီး နေအိမ်သို့ မီးကူးစက်လောင်ခဲ့ရာ ၂၇ ပေ ပတ်လည် သွပ်မိုး ပျဉ်ကာ ပျဉ်ခင်း နေအိမ်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့၍ ဦးအောင်ဌေးအား ဟိုပင်မြို့မရဲစခန်းတွင် အရေးယူထားသည်။

အလားတူ ဖေဖော်ဝါရီ ၁၉ ရက် ည ၁၁ နာရီ မိနစ် ၂၀ က မြစ်ကြီးနားမြို့ အင်ဂျန်ဒွံ မြောက်ရပ်ကွက် နယ်မြေ(၈)ရှိ ဦးမျိုးနိုင်ဝင်း ပိုင်ဆိုင်သည့် နေအိမ်တွင် ဖုန်းအားသွင်းထားရာမှ လျှပ်စစ်ဘုတ်ခံ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ခဲ့သဖြင့် သွပ်မိုး ထရံကာ ကျောင်းသားအိပ်ဆောင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးမျိုးနိုင်ဝင်းအား မြစ်ကြီးနားမြို့မရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရေချောင်းအတွင်း ပြုတ်ကျသည့် မော်တော်ယာဉ်ကို ဆယ်ယူ ပိုင်ရှင်ဆိုသူအား စစ်ဆေးရာမှ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**တာချီလိတ် ဖေဖော်ဝါရီ ၂၀**

တာချီလိတ်မြို့ လွယ်တော်ခမ်းအုပ်စု ပါကွေ့ရွာလမ်းဘေး ပုန်းထွန်ရေချောင်းထဲတွင် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က မော်တော်ယာဉ်တစ်စီးထိုးကျနေကြောင်း သတင်းအရ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဇော်မျိုးသန့်နှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ အီဆူဇူးမော်တော်ယာဉ်မှာ ရေချောင်းအတွင်း ရေအနက် နှစ်ပေခန့်တွင် ပြုတ်ကျနေသည်ကို တွေ့ရှိသဖြင့် ယာဉ်အား ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ သယ်ဆောင်လာခဲ့သည်။

ထို့နောက် ယာဉ်ပိုင်ရှင် အားတီ(ခ) အိုက်တီက ယာဉ်ထိန်းရုံးသို့ ရောက်ရှိလာပြီး ၎င်းပိုင်ဆိုင်သည့် မော်တော်ယာဉ်ဖြစ်ကြောင်း ပြောပြ၍ ယာဉ်ပိုင်ဆိုင်ကြောင်း အထောက်အထားများနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းရှာဖွေစဉ် အားတီ(ခ)အိုက်တီ လွယ်ထားသော အိတ်အတွင်းမှ USA နိုင်ငံလုပ် ပွိုင့် ၃၈ အော်တိုပစ္စတိုသေနတ် တစ်လက်၊ ၉ မမ Luger ကျည် ၂၆ တောင့်၊ ကျည်အိမ်အပိုနှစ်ခုတို့အား တစ်ဖက် ထိုင်းနိုင်ငံမှ ဝယ်ယူလာပြီး တရားမဝင် ကိုင်ဆောင်ထားသည်ကို တွေ့ရှိသဖြင့် အားတီ(ခ)အိုက်တီ(၃၀ နှစ်) ဝိန်းကျောက်ရပ်ကွက် တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ဆီတင်ယာဉ်နှင့် ကျောက်တင်ယာဉ် တိုက်မိ၊ သုံးဦးသေဆုံး

**အရာတော် ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မုံရွာမြို့ဘက်မှ အရာတော်ဘက်သို့ ဆီပီပါ အလုံး ၃၀ တင်ဆောင်လာသော ယာဉ်မောင်း ဖိုးချမ်း မောင်းနှင်သည့် ယာဉ်အမှတ် SGG 8I/---- ယာဉ်နှင့် အရာတော် မြို့မှ မုံရွာဘက်သို့ လမ်းခင်းကျောက်များ တင်ဆောင်ပြီး ယာဉ်မောင်း(အမည်စိစစ်ဆဲ)မောင်းနှင်သည့် ယာဉ်အမှတ် YGN 2C/---- ၁၀ ဘီးယာဉ်တို့ ဖေဖော်ဝါရီ ၁၉ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က မုံရွာ-အရာတော် လမ်းမ မိုင်တိုင်အမှတ် ၂၁/၀ အနီးတွင် တိုက်မှုဖြစ်ပွားကာ ကားနှစ်စီးလုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ယာပုံ)**



ယာဉ်မတော်တဆမှုကြောင့် ဆီတင်ယာဉ်ပေါ်လိုက်ပါလာသည့် ယာဉ်နောက်လိုက် ဦးမြင့်ကျော်နှင့် ခရီးသည် ဒေါ်ကြည်ခင်၊ ကျောက်တင်ယာဉ်မောင်း (အမည်စိစစ်ဆဲ) တို့သည် မီးလောင်သေဆုံးခဲ့ပြီး ခရီးသည် ဒေါ်ဝိုင်းတင် မိုင်းချောင်းကျေးရွာ ဖောင်းပြင်မြို့ ရွာသာကျေးရွာနေ မထက်ထက်အိ၊ မစန်းစန်းအေးတို့ သုံးဦးမှာ ဒဏ်ရာများ ရရှိခဲ့သည်။

မော်တော်ယာဉ်နှစ်စီးနှင့် ဆီပီပါ အလုံး ၃၀ ပျက်စီးဆုံးရှုံးခဲ့ပြီး ယာဉ်မောင်း ဖိုးချမ်းနှင့် လမ်းခင်းကျောက်များ တင်ဆောင်သည့် ယာဉ်မောင်းတို့အား အရာတော်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ်၌ မီးလောင်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၅၁ × ၅၂ လမ်းကြား အေးသုခလမ်းနှင့် အေးမေတ္တာလမ်းကြား ဦးကျော်ရွှေ နေအိမ်၌ ယနေ့ နံနက် ၁၀ နာရီက မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့၍ နှစ်ထပ် နေအိမ် နှစ်လုံး၊ တစ်ထပ် နေအိမ်တစ်လုံးတို့ကို ကူးစက်လောင်ပြီး နံကပ်တစ်ထပ် နေအိမ်မှာ တစ်ဝက်ခန့် မီးကူးစက်လောင်ခဲ့သည်။

မီးလောင်မှုကို မန္တလေးခရိုင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးဆောင်သော ဌာနဆိုင်ရာများက မီးသတ်ယာဉ် ရှစ်စီး၊ သန္နေနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် မီးငြိမ်းခဲ့ပြီး လူထိခိုက်သေဆုံးမှုမရှိဘဲ သက်ဆိုင်ရာက အိမ်ရှင်ဖြစ်သူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ရေပူနှင့်မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၁ စီး၊ သွင်းကုန် ၂၇၄ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈ စီး ၊ သွင်းကုန် ၁၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅၂၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Portable Storage Drive (Capacity ; ITB) 80U စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၃ ဒသမ ၆ သန်းခန့်အားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ရန်ကုန်မြို့ Down Town ဧရိယာတွင် ဘဏ်အသစ်ဖွင့်လိုသူများ၊ ဖွင့်ပြီးဘဏ်အသစ် တိုးချဲ့ဖွင့်လှစ်လိုသူများ၊ ဘဏ်များဖွင့်လှစ်ခြင်းမရှိသော နေရာကောင်း၊ ကုမ္ပဏီရုံးခန်း၊ ရွှေဆိုင်ဖွင့်လှစ်လိုသူများ၊ အထပ်မြင့်ဆောက်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ သမိန်ဗရမ်းလမ်းမကျယ်၊ လမ်းမကြီးဘေး၊ မြေအကျယ် 3710 sqft, မျက်နှာစာနှစ်ဖက်ပါ၊ ဂရန်အမည်ပေါက်။ ကျပ်သိန်း(9000)

၂။ ပဲခူးမြို့၊ VIPရပ်ကွက်၊ (80'x100')၊ အိမ်နှင့်ခြံရောင်းမည်၊ ရုံးပေါင်းစုံအနီး၊ ပဲခူးလေယာဉ်ကွင်းအသစ်သွားသော လမ်းမကြီးအနီး၊ ဆိတ်ငြိမ်ရပ်ကွက်၊ ပတ်ဝန်းကျင်ကောင်း၊ ပဲခူးလေယာဉ်ကွင်းစီမံကိန်းတွင် လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းမည်။ ကျပ်သိန်း(750)

ဖုန်း - 09-5178979, 09-43022828, 09-43292929, 09-420182934, 09-451146685.




ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ ဝါသဝ ကျောင်းထိုင်တော်မူသော ရွှေပေါက်ကန်ကျေးရွာ ရွှေပေါက်ကန်ကျောင်းတိုက်တွင် ဆောက်လုပ်ဆဲ ဓမ္မာရုံပြီးစီးရန်အတွက် လိုအပ်လျက်ရှိသော ငွေကျပ်သိန်း ၃၀၀ ကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာနေ ဦးကျော်မိုးနိုင်(ဥပဒေချုပ်- ငြိမ်း) နှင့်ဇနီး ဒေါ်ယဉ်ဥ မိသားစုမှ ဖေဖော်ဝါရီ ၁၀ ရက်က ဆဋ္ဌတိပိဋကဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသရှေ့မှောက်၌ လှူဒါန်းရာ ဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့က လက်ခံစဉ်။ သတင်းစဉ်

# မြန်မာ့ရုပ်မြင်သံကြား

၂၁ -၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၉း၁၀ | - | **၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ** (ဇီဝဗေဒဘာသာရပ် ) |
| ၉း၄၀ | - | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင် နေဒွေး၊ ရွှေကေသရီ) |
| ၁၀း၅၅ | - | **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၃၁)** |
| ၁၁း၄၀ | - | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၃း၀၅ | - | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I)(မြစ်ကြီးနားမြို့) (ပထမပိုင်း) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၂၅ | - | **၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ** (စိတ်ကြိုက်မြန်မာစာ ဘာသာရပ် ) |
| ၁၇း၄၀ | - | MRTV Travelogue |
| ၁၉း၁၅ | - | မြန်မာဇာတ်လမ်းတွဲ **ပန်းနှစ်ပွင့်စီးချင်း** (အပိုင်း-၂၂) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | သူတို့ဘဝ သူတို့ဒေသ **တောင်တန်းတွေနဲ့ဝေဝေဆာ စိမ်းစိုသာတဲ့ မဲလံရွာ** |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (အပိုင်း-၅) |

❖ *ကျောဖုံးမှ*

ကစ်ဘောက်ဆင်နည်းဖြင့် အမှတ်ယူကာ လက်ရှိခါးပတ်ကို ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။ ယခုကျင်းပမည့် MMA ပြိုင်ပွဲသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ခြောက်ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ယခု အောင်လ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲမှာ ငါးကြိမ်မြောက်ဖြစ်ကာ အောင်နိုင်ပါက ရွှေခါးပတ်နှစ်ခု ပိုင်ရှင်ဖြစ်လာမည် ဖြစ်သည်။

"ကျွန်တော် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ခါးပတ်လုပွဲအတွက် မိသားစုနဲ့ နှစ်လကြာခွဲခွာပြီး နည်းပြဆရာတွေ ပြောင်းလဲကာ လေ့ကျင့်ခဲ့ပါတယ်၊ ပြိုင်ဘက် အလက်ဇန္ဒားမချာဒိုဟာ လိုက်ဟဲဗီးဝိတ်တန်းမှာ ပြိုင်ဘက်ကင်း တစ်ယောက်ဖြစ်သလို Ground Fight မှာလည်း သူမတူလက်ဝှေ့ကျော် တစ်ဦးဖြစ်ပါတယ်၊ သူက ဂျူဂျစ်ဆူပိုင်းမှာ အတော်လေးကို ကောင်းမွန်သေသပ်ပါတယ်၊ ဒါကြောင့် Stand Fight နဲ့ ရင်ဆိုင်ယှဉ်ပြိုင်ဖို့ ကြိုးစားလေ့ကျင့်ခဲ့ပါတယ်၊ ဒီပြိုင်ပွဲမှာ အရင်ပြိုင်ပွဲတွေနဲ့ မတူဘဲ တိုက်ကွက်ဆန်းတွေနဲ့ ပြိုင်ဘက်ကို အနိုင်ယူဖို့ ကျွန်တော် ပရိသတ်ကြီးရှေ့မှာ ကြိုးစား ယှဉ်ပြိုင်သွားမှာပါ"ဟု အောင်လအန်ဆန် (မြန်မာစပါးအုံးမြွေ)က ပွဲကြိုပြင်ဆင်ထားမှုများနှင့် ပတ်သက်၍ မီဒီယာများအား ပြောကြားသည်။

အောင်လအန်ဆန်သည် MMA လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ခါးပတ်လုပွဲတွင် လက်ရှိ MMA လိုက်ဟဲဗီးဝိတ်တန်း၌ ပြိုင်ဘက်ကင်းနေသော ဘရားဇီးနိုင်ငံသား အလက်ဇန္ဒားမချာဒိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။ ယင်းလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ခါးပတ်လုပွဲကြီးကို ရန်ကုန်မြို့သုဝဏ္ဏမိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ(၁)၌ လာမည့် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် အဓိက Main Fight ပွဲစဉ်အဖြစ် ယှဉ်ပြိုင် ထိုးသတ်မည် ဖြစ်သည်။

အောင်လအန်ဆန်နှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ခါးပတ်လုမည့် ဘရားဇီးနိုင်ငံသား အလက်ဇန္ဒားမချာဒိုကလည်း ပွဲကြိုလေ့ကျင့်ပြင်ဆင်ထားမှုနှင့်ပတ်သက်ပြီး "ဒီပြိုင်ပွဲဟာ ကြီးမားပြင်းထန်တဲ့ ပြိုင်ပွဲဖြစ်သလို အောင်လအန်ဆန်ဟာလည်း အိမ်ရှင်ပြည်သူတွေရဲ့ အားပေးလက်ခံထားတဲ့ ကစားသမားကောင်းတစ်ဦးပါ၊ ဒီခါးပတ်ရဖို့ ကျွန်တော်လည်း အချိန်ပေးလေ့ကျင့်စောင့်ဆိုင်းနေခဲ့တာကြာပါပြီ၊ အထူးသဖြင့် ပြိုင်ဘက်ကောင်းမပေါ်သေးလို့ နားနေတာ တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါး ရှိပါပြီ။ ဒီပွဲအတွက် အချိန်ယူလေ့ကျင့်ခဲ့တာတွေကို တန်ဖိုးမဲ့အောင်တော့ ကျွန်တော်လုပ်မှာမဟုတ်ပါဘူး၊ ဒီပြိုင်ပွဲဟာ ပြင်းထန်သလို MMA လောကရဲ့ လှပတဲ့ပြကွက်တွေလည်း မြင်တွေ့ရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အလက်ဇန္ဒား မချာဒိုသည် အောင်လအန်ဆန်နှင့် ပြီးခဲ့သော ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့သော အလိန်းနဂါလာနီကို အောင်လအန်ဆန်ကဲ့သို့ ဂျူဂျစ်ဆူနည်းဖြင့် ဒုတိယအချီတွင် အနိုင်ရကာ လက်ရှိ လိုက်ဟဲဗီးဝိတ်တန်းတွင် ပြိုင်ဘက်ကင်းနေသော MMA လက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်။




လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ခါးပတ်လုမည့် **MMA** ပြိုင်ပွဲ ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် အောင်လအန်ဆန် ပြောကြားစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်မြို့၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်မည့် One Champion ship ၏ ခြောက်ကြိမ်မြောက် MMA (ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ) အတိုက်ပြိုင်ပွဲတွင် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ခါးပတ်လုပွဲကြီးအဖြစ် အောင်လအန်ဆန်(မြန်မာ) နှင့် အလက်ဇန္ဒားမချာဒို(ဘရာဇီး)၊ ဖိုးသော်(မြန်မာ)နှင့် ဆိုဆေး(ကမ္ဘောဒီးယား)၊ အီတန်(မလေးရှား)နှင့် အာရီရယ်ဆက်တန် (ကော်စတာရီကာ)၊ ဒေဟွမ်ကင်(ကိုရီးယား)နှင့် တာကီနာကာ (ဂျပန်)၊ အာမီခန်(စင်ကာပူ)နှင့် တင်မိုဖီ(ရုရှား)၊ ရိုဒင်(ဖိလစ်ပိုင်)နှင့် လီကင်ဝါ(တရုတ်)၊ စောမင်းမင်း(မြန်မာ) နှင့် ရဲသွေးနီ(မြန်မာ)၊ အန်တိုနီရာ (မြန်မာ)နှင့် လင်းယုံမေ(မြန်မာ)တို့ အပါအဝင် စုစုပေါင်း တွဲဆိုင်းရှစ်ဆိုင်း ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**


# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ ဦးသိန်းလင်း-ဒေါ်စန်းစန်းငွေ(More and More, Gold & Jewellery)တို့၏သားထွေး

**မောင်အောင်ပိုလင်း**

**B.S(Entrepreneurship and Innovation, Indiana University Bloomington, USA)**

**Director(Mawlamyine Century Logistic Co.,Ltd.)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ

ဗိုလ်မှူးကြီးမြင့်စိန်(ငြိမ်း)(အထွေထွေမန်နေဂျာ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်မာလာကြည်(အလပြ-ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

**မကြည်ပြာမြင့်စိန်**

**B.A(Chinese, YUFL),B.A(English),M.B.A(Northampton University, UK)**

**Deputy Managing Director(Safety Station Group Co.,Ltd.)**

တို့၏၂၉-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)Novotel Yangon Max Hotel(Pathein Room)တွင် ပြုလုပ်သော စေ့စပ်မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာစေ့စပ်လက်စွပ်ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့်ဇနီး ဒေါ်ဆွေဆွေမြင့်အားလည်းကောင်း၊ ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)မဟာစည်သာသနာ့ရိပ်သာ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း)(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း)နှင့်ဇနီး ဒေါ်ခင်ခင်လှအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)(အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ Telecom International Myanmar Co.,Ltd.(Mytel))၊ (စီမံကိန်းများညွှန်ကြားရေးမှူး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း)နှင့်ဇနီး ဒေါ်ချိုချိုဝင်းအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆရာသမားများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဦးဖိုးသောကြာနှင့် ဒေါ်စိုးစန္ဒာထွန်း၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော လေနုအေးတေးဂီတဝိုင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမေမြတ်နိုးအောင်နှင့် ဒေါက်တာမေဖူးပွင့်ခင်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မသက်ဂျူလိုင်ဦး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မအိမြတ်သူအောင်၊ မင်္ဂလာသတို့သားအရံ မောင်စွမ်းထက်နှင့် မောင်ခွန်းဇော်၊ မင်္ဂလာသတို့သမီးအရံ မမြတ်ကေခိုင်နှင့် မခိုင်ဇာမော်တို့အားလည်းကောင်း၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော (More and More, Gold & Jewellery)၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော ဒီဇင်ဘာနှင်း(အန်တီနှင်း)နှင့်အဖွဲ့သားများ၊ မင်္ဂလာဝတ်စုံဖန်တီးဆင်မြန်းပေးပါသော Sweet & Smart မှ ဒီဇိုင်နာ မင်းသက်စံနှင့်အဖွဲ့သားများ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုရဲထွဋ်(Timeless Bridal)နှင့် အဖွဲ့သားများ၊ ပန်းအလှဆင်ပေးပါသော Ethernal Flowers မှ အဖွဲ့သားများ၊ Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်ပိုလင်း-မကြည်ပြာမြင့်စိန်**



**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်**
**Digital Radio(9 Band)များ**
**ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Digital Radio(9 Band)များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါဖြင့် FM ရေဒီယိုအလုံး(၁၃၄၀၀)အား ၉-၁-၂၀၁၈ရက်တွင် ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ထပ်မံလိုအပ်သော အောက်ဖော်ပြပါ Digital Radio(9 Band)များကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဆက်လက်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Digital Radio 9 Band 55000 Nos
Made in China

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၁-၂-၂၀၁၈ရက်မှ ၂၇-၂-၂၀၁၈ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၂-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး ၂၈-၂-၂၀၁၈ရက်၊ နံနက် ၁၀နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ်(၇)၌ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီတွင် ဈေးနှုန်းစိစစ်ဝယ်ယူသွားမည်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၉-၄၃၀၁၉၅၃**



**ပျောက်ဆုံးကြောင်း**

ကျွန်မ မယဉ်စန်း ၃/လဘန(နိုင်) ၂၀၄၂၆၃ ၏ ပတ်စ်ပို့နံပါတ် MC 541491 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၁၅၈၅၉၇၈**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6C/7422၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4I/1963 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ပျောက်ဆုံး ကြောင်း**

ကျွန်တော်စောကောင်းမြတ်စိုး ၁၂/အစန(နိုင်)၁၈၂၆၈၀၏ Passport No M993205မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၆၃၂၅၃**




# မိုဇမ်ဘစ်၌ အမှိုက်ပုံပြိုကျမှုကြောင့် ၁၇ ဦး သေဆုံး

**မာပူတို ဖေဖော်ဝါရီ ၂၀**

မိုဇမ်ဘီကန်မြို့တော် မာပူတိုအစွန်အဖျား၌ တနင်္လာနေ့နံနက်အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စွန့်ပစ်အမှိုက်ပုံပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၁၇ဦး သေဆုံးခဲ့ပြီး လူအချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဟူလီနီစွန့်ပစ်အမှိုက်ပုံအနီး၌ နေထိုင်ကြသူများသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမှိုက်ပုံပြိုကျခဲ့ပြီး ၎င်းတို့၏နေအိမ်များ နစ်မြုပ်ခဲ့ချိန်တွင် ၎င်းတို့မှာ အိပ်မောကျနေခဲ့ကြသည်။ ဒေသဆိုင်ရာအာဏာပိုင်များသည် နံနက်ခင်းအချိန်ကတည်းက အမှိုက်ပုံပြိုကျမှုဖြစ်ပွားသည့်နေရာတွင် ရောက်ရှိနေခဲ့ကြသည်။ မီးသတ် ကယ်ဆယ်ရေးသမားများသည် အသက်ရှင်လွတ်မြောက်သူများကို ရှာဖွေကယ်ဆယ်ရန်နှင့် သေဆုံးသူများကို ဆွဲထုတ်နိုင်ရန် အမှိုက်သရိုက်အပျက်အစီးများဆီသို့ ရောက်ရှိ လာခဲ့ကြသည်။

မာပူတိုမြို့အုပ်ချုပ်ရေးမှူး ယိုလန်ဒါ စင်တူရာက အစိုးရသည် နောက်ထပ်အလားတူကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရေးတားဆီးနိုင်ရန်အတွက် အစီအစဉ်များရေးဆွဲရန် ယနေ့တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အုပ်ချုပ်ရေးမှူးက အပျက်အစီးများကိုဖယ်ရှားရာတွင် မီးသတ်ကယ်ဆယ်ရေးသမားများနှင့် အခြားအာဏာပိုင်များကို လိုလိုလားလားကူညီပေးခဲ့ကြသူများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန် အက်ဖ်-၁၆ တိုက်လေယာဉ်မှ လောင်စာကန်များကို ရေကန်အတွင်းသို့ စွန့်ပစ်ခဲ့ရ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

ဂျပန်နိုင်ငံမြောက်ပိုင်းရှိ အမေရိကန် မစ်ဆာဝါ လေတပ်အခြေစိုက်စခန်းမှ တိုက်လေယာဉ်တစ်စင်းသည် အင်္ဂါနေ့က အင်ဂျင်မီးလောင်မှုဖြစ်ပွားခဲ့ရာ လောင်စာတိုင်ကီများကို ရေကန်တစ်ကန်အတွင်းသို့ စွန့်ပစ်ဖယ်ရှားခဲ့ရကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီး အစ်စုနိုရီအိုနိုဒိုရာက အမေရိကန်တပ်မတော်မှသတင်းပေးပို့မှုအပေါ်အခြေခံလျက် ယင်းမတော်တဆဖြစ်ပွားမှုကို သတင်းထောက်များသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

အက်ဖ် - ၁၆တိုက်လေယာဉ်သည် နံနက် ၈နာရီ ၃၉ မိနစ်တွင် အိုမိုရီစီရင်စုရှိ မစ်ဆာဝါ လေတပ်အခြေစိုက်စခန်းမှ ပျံသန်းထွက်ခွာခဲ့ပြီးနောက် အင်ဂျင်မီးစွဲလောင်ခဲ့သည်ဟု ၎င်းက ပြောသည်။

လေယာဉ်မှူးသည် နံနက် ၈နာရီ ၄၂ မိနစ်တွင် လေတပ်အခြေစိုက်စခန်းသို့ ပြန်မလာမီ ပြင်ပလောင်စာကန်နှစ်ခုကို မြောက်ပိုင်း အိုဂါရာဝါ ရေကန်အတွင်းသို့ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

မြေပြင်ပေါ်တွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုများနှင့်ပတ်သက်၍ သတင်းပေးပို့မှုမရရှိခဲ့ကြောင်း အိုနိုဒိုရာကပြောကြားသည်။

ယင်းဖြစ်ရပ်သည် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်မတော်လေယာဉ်များ ပါဝင်သည့် မတော်တဆဖြစ်ပွားမှုများအနက် တစ်ခုဖြစ်ခဲ့သည်။ အဘယ့်ကြောင့် မတော်တဆဖြစ်ပွားခဲ့ကြောင်း အမေရိကန်တပ်မတော်မှ ရှင်းပြချက်ကို အိုနိုဒိုရာက နားစွင့်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# အိုင်အက်စ် စစ်သွေးကြွလက်ကျန်များက အီရတ်တပ်ဖွဲ့များကို ချုံခိုတိုက်ခိုက်ရာ ၂၇ ဦးသေဆုံး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၀**

အီရတ်မြောက်ပိုင်းရှိ အိုင်အက်စ် စစ်သွေးကြွ လက်ကျန်များသည် အစိုးရထောက်ခံသော တိုက်ခိုက်ရေးအင်အားစုများကို ချုံခိုတိုက်ခိုက်ခဲ့ရာ ၂၇ ဦး ကျဆုံးသွားခဲ့ကြောင်း သိရသည်။

အီရတ်အစိုးရက ကျောထောက်နောက်ခံပေးထားသည့် တပ်ဖွဲ့များက ၎င်းတို့၏ တိုက်ခိုက်ရေးအဖွဲ့ဝင်များသည် ပြီးခဲ့သည့်တနင်္ဂနွေနေ့က အီရတ်မြောက်ပိုင်း ကာကက်မြို့အနီးရှိ အိုင်အက်စ်စစ်သွေးကြွ အကြွင်းအကျန်များ၏ ချုံခိုတိုက်ခိုက်မှုကို ခံလိုက်ရခြင်းဖြစ်သည်ဟု ပြောသည်။

ရှီယိုက်အစ္စလာမ်ဘာသာဝင်များဦးဆောင်သည့် တပ်မတော်အထောက်အကူပြု တပ်ဖွဲ့သည် အိုင်အက်စ်စစ်သွေးကြွများကို အပြီးရှင်းလင်းပစ်ရန် ထိုးစစ်တစ်ရပ်ကို ဆင်နွှဲလျက်ရှိသည်။

အိုင်အက်စ် စစ်သွေးကြွအုပ်စုသည် ယင်းတိုက်ခိုက်မှုကို ၎င်းတို့ လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အီရတ်ဝန်ကြီးချုပ် ဟေဒါအယ်လ်အဘာဒီ၏ရုံးက သေဆုံးသွားသူများ၏မိသားစုများနှင့်ထပ်တူဝမ်းနည်းကြေကွဲကြောင်းဖော်ပြခဲ့ပြီး တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သူများကိုရှာဖွေရန် လုံခြုံရေးအင်အားစုများကို အမိန့်ထုတ်ပြန်ခဲ့သည်။

အီရတ်တပ်မတော်နှင့် Popular Mobilization အင်အားစုများသည် ပြီးခဲ့သည့်နှစ်အတွင်း အိုင်အက်စ် စစ်သွေးကြွများက ထိန်းချုပ်သည့်နေရာများကို ပြန်လည်ရယူနိုင်ခဲ့သည်။

ဝန်ကြီးချုပ်အဘာဒီက စစ်သွေးကြွများကို နှိမ်နင်းခဲ့ပြီးနောက် အောင်ပွဲရရှိကြောင်း ကြေညာခဲ့သည်။

သို့သော် ကျန်ရှိနေသေးသည့် အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့လက်ကျန်များသည် မြို့တော်ဘဂ္ဂဒက်နှင့် အီရတ်နိုင်ငံ၏အခြား အစိတ်အပိုင်းများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် ဆက်လက်ကြိုးပမ်းနေဆဲဖြစ်သည်။



နောက်ဆုံးဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုသည် အီရတ်နိုင်ငံအတွင်း၌ အိုင်အက်စ်စစ်သွေးကြွအကြွင်းအကျန်များ၏ ခြိမ်းခြောက်မှုများကိုလုံးဝအမြစ်ပြတ် သုတ်သင်ဖယ်ရှားပစ်ရန် ခက်ခဲကြောင်း မီးမောင်းထိုးပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်အရှေ့ပိုင်း ဂျလာလာဘတ်မြို့၌ ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံး

**ဂျလာလာဘတ် ဖေဖော်ဝါရီ ၂၀**

အာဖဂန်နစ္စတန်အရှေ့ပိုင်း နာဂါဟာ ပြည်နယ် ဂျလာလာဘတ်မြို့၌ အင်္ဂါနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူသုံးဦးထက်မနည်းသေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ အတူလာခိုဂျာနီက ပြောကြားခဲ့ကြောင်း သိရသည်။

ခိုဂျာနီ၏ပြောကြားချက်အရ ညနေခင်းအချိန်လောက်တွင် ချောက်တာလာရှိ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် လူသုံးဦးသေဆုံးကာ နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အားလုံးမှာ အရပ်သားပြည်သူများဖြစ်ကြကြောင်း သိရသည်။

အာဏာပိုင်များသည် အဆိုပါ ပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားခဲ့ပြီး အသေးစိတ်အချက်အလက်များကိုမူ ဖော်ပြခြင်းမရှိခဲ့ပေ။

**ဆင်ဟွာ**



# အနောက်ဘက်ကမ်းခြေ၌ ရွှေ့ပြောင်းသွားလာသူ ၃၂၄ ဦးကို လစ်ဗျားရေတပ်မတော်ကယ်ဆယ်

**ထရီပိုလီ ဖေဖော်ဝါရီ ၂၀**

လစ်ဗျားနိုင်ငံ၏ မြို့တော် ထရီပိုလီအနောက်ဘက်မှ ကီလိုမီတာ ၁၂၀ ကွာဝေးသည့် ဇူဝါရာမြို့ကမ်းခြေ၌ အာဖရိကနှင့် အာရပ်နိုင်ငံများမှ ရွှေ့ပြောင်းသွားလာသူများ လိုက်ပါလာသည့် လှေနှစ်စင်း ပျက်စီးသွားခဲ့ပြီးနောက်တွင် ဒုက္ခသည် ၃၂၄ဦးတို့ကို ကယ်ဆယ်ခဲ့ရကြောင်း လစ်ဗျားရေတပ်မတော်က ကြေညာခဲ့သည်။

ကယ်ဆယ်ရေးအတူတကွပူးပေါင်းဆောင်ရွက်ခဲ့သည့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် ဇူဝါရာမြို့မြောက်ဘက်မှ ခုနစ်မိုင်အကွာတွင် ပျက်စီးသွား သည့် ရော်ဘာလှေနှစ်စင်းပေါ်မှ အာဖရိကနှင့် အာရပ်မှ ရွှေ့ပြောင်းသွားလာသူများကို ကယ်ဆယ်ခဲ့ကြောင်း လစ်ဗျားရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ အာယွတ်ဘ် ကွာဆမ်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ယင်းရွှေ့ပြောင်းသွားလာသူများတွင် အမျိုးသမီး ၃၅ဦးနှင့် လစ်ဗျားနိုင်ငံသား ၃၂ ဦးပါဝင်ကြောင်း ကွာဆမ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသည့် အီဂျစ်အမျိုးသားကို ဖိလစ်ပိုင်အာဏာပိုင်များ ဖမ်းဆီး

**မနီလာ ဖေဖော်ဝါရီ ၂၀**

ဖိလစ်ပိုင် အာဏာပိုင်များသည် အိုင်အက်စ် စွန်းရောက်စစ်သွေးကြွအဖွဲ့ဝင်ဟု သံသယရှိသည့် အီဂျစ်အမျိုးသား တစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

သံသယရှိသူ ဖာမီလာဆွတ်ကို မနီလာမြို့တော် မာလိတ်ရှိ ၎င်းငှားရမ်းထားသောတိုက်ခန်း၌ ဖိလစ်ပိုင်အမျိုးသမီးတစ်ဦးနှင့်အတူ ဖမ်းဆီးလိုက်ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ အကြီးအကဲ ဒါရိုက်တာရိုနယ်ဒယ်လာရိုဆာက ပြောကြားခဲ့သည်။

လာဆွတ်သည် Jogn Rasheed Lassoued အမည်ကိုလည်း အသုံးပြုခဲ့သေးကြောင်း ဒယ်လာရိုဆာကပြောသည်။

သံသယရှိသူနှစ်ဦးအားဖမ်းဆီးခဲ့သည့်အပြင် အာဏာပိုင်များသည် ပေါက်ကွဲပစ္စည်းအဖြစ် အလွယ်တကူ ပြုလုပ်နိုင်သည့် အီလက်ထရွန်နစ်ဆားကစ်များ၊ လျှပ်ကာပစ္စည်းများ၊ လျှပ်သိုပစ္စည်းများ၊ ဘက်ထရီနှင့် ပိုက်များကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

လာဆွတ်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်သို့ တူနီးရှားနိုင်ငံပတ်စ်ပို့အတုဖြင့် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

### သြစတြေးလျအရှေ့ဘက်ကမ်းခြေ၌ လှိုင်းလုံးကြီးများ ဝင်ရောက်မှုကြောင့် လူ ၁၅၀ ကျော်ကို ကယ်ဆယ်ခဲ့ရ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၀**

ပြီးခဲ့သည့် ၂၄ နာရီအတွင်းက နယူးဇီလန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည့် အပူပိုင်းမုန်တိုင်းဂီတာ၏ အရှိန်ကြောင့် သြစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းခြေဆီသို့ ၄ မီတာအမြင့်ရှိသည့် လှိုင်းလုံးကြီးများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ သြစတြေးလျအာဏာပိုင်များက အန္တရာယ်ရှိသည့် လှိုင်းလုံးကြီးများ ဝင်ရောက်နိုင်မှု အခြေအနေကို သတိပေးခဲ့သည်။

ပြီးခဲ့သည့်စနေ၊ တနင်္ဂနွေနေ့ကျော်လွန်သည်အထိ လူပေါင်း ၁၅၀ ကျော်ကို ကယ်ဆယ်ခဲ့ရပြီးဖြစ်ကြောင်း သိရသည်။

Sunshine ကမ်းခြေ၌ အခြေအနေများ ဆိုးရွားလာပြီး ၁၀ မိနစ်ခန့်အတွင်း လူ ၁၉ ဦးကို ရေထဲမှ ပြန်တက်စေခဲ့သည်။

အသက်ကယ်ဆယ်သူများသည် အန္တရာယ်ရှိသည့် ပင်လယ်ပြင်အတွင်း၌ နှစ်နာရီကျော်ကြာအောင် ရေကူးနေခဲ့သည့် အသက်၅၀ အရွယ် အမျိုးသားတစ်ဦးကိုလည်း ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ကာ ဘေးလွတ်ရာသို့ရောက်ရှိစေခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အက်ဖ်ဘီအိုင်ရဲ့ ချို့ယွင်းမှုကြောင့် ပေါ်ပေါက်လာရတဲ့ သေနတ်ပစ်ခတ်မှုလေလား

**မြူးစန္ဒီမွေး**




အခုသီတင်းပတ်ထဲမှာပဲ ဝမ်းနည်းစရာကောင်းတဲ့ သတင်းတစ်ပုဒ်ဟာ သတင်းစာမျက်နှာတွေပေါ်မှာ နေရာယူထားတာကို တွေ့ရပါတယ်။ အဲဒီသတင်းကတော့ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ပါ့ခ်လန်းမှာရှိတဲ့ အထက်တန်းကျောင်းမှာ ကျောင်းသားဟောင်း တစ်ဦးက သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့တဲ့အတွက်လူ ၁၇ ဦးသေဆုံးခဲ့တာပဲဖြစ်တယ်။ ဒီသတင်းဟာ ကျောင်းသားမိဘတွေရဲ့ စိတ်နှလုံးကို အလွန်ပဲ တုန်လှုပ်သွားစေခဲ့ပါတယ်။

**လက်နက်ကိုင်ဆောင်ခွင့် ကန့်သတ်ရေး**

အမေရိကန်နိုင်ငံမှာ ၂၀၁၂ ခုနှစ်ကလည်း အလားတူ ဖြစ်ရပ်မျိုးဖြစ်ခဲ့ဖူးပါတယ်။ အခုဖြစ်ရပ်ကတော့ ၂၀၁၂ ခုနှစ် နောက်ပိုင်းဆိုးရွားတဲ့ဖြစ်ရပ်တစ်ခုလို့ ပြောရမှာပါ။ အမေရိကန်နိုင်ငံမှာ လက်နက်ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး အမျိုးမျိုးဝေဖန်မှုတွေရှိကြပါတယ်။ ကာလရှည်ကြာ အငြင်းအခုံပြုလုပ်မှုတွေ၊ လက်နက်ကိုင်ဆောင်မှု၊ ကန့်သတ်မှုတွေ ပြုလုပ်သင့်တယ်လို့ ဆွေးနွေးသူတွေ၊ တောင်းဆိုကြသူတွေရှိပေမယ့် ဒါကိုအခုထက်ထိတိုင်အောင် အကောင်အထည်မဖော်နိုင်သေးပါဘူး။ အခုကျောင်းမှာ ပစ်ခတ်မှုဖြစ်ပွားလိုက်တဲ့အခါမှာတော့ လက်နက်ကိုင်ဆောင်ခွင့်ကန့်သတ်ရေးကို လူတွေပိုပြီး စိတ်ဝင်စားလာပါတော့တယ်။

**ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့တွေ ရယူခဲ့**

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ သမ္မတထရမ့်ဟာ အက်ဖ်ဘီအိုင်ကို ပြင်းပြင်းထန်ထန်ပဲ အပြစ်တင်ခဲ့ပါတယ်။ အက်ဖ်ဘီအိုင်ဟာ ထရမ့်ရဲ့ မဲဆွယ်စည်းရုံးမှုမှာ ရုရှားနိုင်ငံသားတွေပါဝင်ပြီး လိမ်လည်မှုတွေ ပြုလုပ်ခဲ့တယ်ဆိုတာကိုပဲ သက်သေပြဖို့အတွက် အချိန်တွေပေးပြီး အလုပ်ရှုပ်နေခဲ့လို့ ဒီလိုကိစ္စကြီးကို သတင်းကြိုရရဲ့သားနဲ့ လူတွေသေဆုံးခဲ့ရခြင်း ဖြစ်တယ်လို့ အပြစ်တင်ရှုတ်ချခဲ့ပါတယ်။ ထရမ့်ကတော့ သူ့ရဲ့မဲဆွယ်စည်းရုံးမှုမှာ ဘာမှလိမ်ညာထားတာ မရှိဘူးလို့ဆိုပါတယ်။ ကျောင်းအတွင်း ပစ်ခတ်မှုကနေ အသက်ရှင်လွတ်မြောက်ခဲ့တဲ့ ကျောင်းသားတွေဟာ ဖလော်ရီဒါမှာ စုဝေးကြပြီး လက်နက်ထိန်းချုပ်ရေးအတွက် တောင်းဆိုခဲ့ကြပါတယ်။ ဒါ့အပြင် သမ္မတထရမ့်ရဲ့ ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးစဉ်အချိန်က National Rifle Association ရဲ့ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုတွေကို ရယူခဲ့တဲ့အတွက် အပြင်းအထန်ဝေဖန်ခဲ့ကြပါတယ်။ ဖလော်ရီဒါက သေနတ်သမားနဲ့ ပတ်သက်ပြီး အက်ဖ်ဘီအိုင်ဟာ သတင်းတွေကြိုရပေမယ့် ဒါကိုဂရုမပြုမိခဲ့ပါဘူး။ သူတို့ဟာ အမေရိကန်ရွေးကောက်ပွဲ ကာလတုန်းက ရုရှားနိုင်ငံသားတွေရဲ့ ဝင်နှောင့်တယ်ဆိုတဲ့အချက်ကို သက်သေပြဖို့သာ အာရုံထားခဲ့ပါတယ်။ သမ္မတထရမ့်ကလည်း ဒါကိုပဲ အပြင်းအထန်အပြစ်တင်ဝေဖန်နေတာ ဖြစ်တယ်။

**အက်ဖ်ဘီအိုင်က ဘယ်လိုမျိုးအမှားတွေ ကျူးလွန်ခဲ့တာလဲ**

ဖလော်ရီဒါ ကသေနတ်သမားခရုဇ်နဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့လတုန်းက လူတစ်ယောက်ဟာ အက်ဖ်ဘီအိုင်ကို သတင်းပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီသတင်းပေးတဲ့လူဟာ ခရုဇ်နဲ့အင်မတန်မှ ရင်းနှီးတဲ့လူလည်း ဖြစ်တယ်။ ခရုဇ်ရဲ့ လက်နက်ကိုင်ဆောင်ခွင့်နဲ့ ပတ်သက်ပြီး ပြန်လည်စိစစ်ဖို့၊ ခရုဇ်မှာ ပုံမှန်မဟုတ်တဲ့ အပြုအမူတွေ ပေါ်ပေါက်နေတယ်။ လူသတ်လိုတဲ့ စိတ်ဆန္ဒတွေရှိနေတယ်။ ပြီးတော့သူဟာ ကျောင်းမှာပစ်ခတ်မှုတွေ ပြုလုပ်လိုတဲ့ ပုံရှိတယ်လို့ အက်ဖ်ဘီအိုင်ကို သတင်းပေးခဲ့ပါတယ်။ ဇန်နဝါရီလ ၅ ရက်နေ့က သတင်းပေးခဲ့တာဖြစ်ပြီး အက်ဖ်ဘီအိုင်ဟာ အဲဒီတစ်ကြိမ်တည်း သတင်းရခဲ့တာမဟုတ်ပါဘူး။ စက်တင်ဘာလအတွင်းကလည်း မစ္စစ္စပီက လူတစ်ယောက်ကလည်း ယူကျူ့မှာလည်း မစ္စတာ ခရုဇ်နာမည်နဲ့ဆိုးရွားတဲ့ ကွန်မန့်တွေ တွေ့နေရတယ်လို့ သတင်းပေးခဲ့ပါသေးတယ်။

အသက် ၁၉ နှစ်အရွယ်ခရုဇ်ဟာ တစ်ခါတုန်းကဒေသခံရဲတပ်ဖွဲ့ရဲ့ စုံစမ်းစစ်ဆေးမှုကိုခံရဖူးပြီး ကလေးသူငယ်နဲ့မိသားစုရေးရာ စောင့်ရှောက်ရေးဌာနသို့လည်း ရောက်ဖူးပါတယ်။ ကလေးသူငယ်စောင့်ရှောက်ရေးဌာနကတော့ ခရုဇ် ဟာအစကတည်းက သေနတ်ဝယ်ဖို့ အစီအစဉ်ရှိတယ်။ ဒါပေမယ့် အာဏာပိုင်တွေကခရုဇ်ကို လုံလောက်တဲ့ စောင့်ရှောက်မှုတွေ လုပ်ပြီးပြီလို့ ဆုံးဖြတ်တဲ့အတွက် စောင့်ရှောက်ရေးဌာနကနေ ပြန်လွှတ်ပေးလိုက်တာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီလက်နက်ထိန်းချုပ်ရေးကိစ္စနဲ့ ပတ်သက်ပြီး ဖလော်ရီဒါမှာ လူပေါင်းများစွာဟာ ဆန္ဒပြတောင်းဆိုနေကြပါတယ်။ အဲဒီထဲမှာ ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေနဲ့၊ နိုင်ငံရေးသမားတွေ ပါဝင်ပါတယ်။ အဲဒီပွဲမှာ အထက်တန်းကျောင်းသူတစ်ဦးဖြစ်တဲ့ အီမာဂွန်နယ်လေ့ဇ်က လက်နက်ကိုင်ဆောင်ခွင့်အတွက် အင်အားအတောင့်ဆုံး ဝါဒဖြန့်ချိတဲ့ အဖွဲ့အစည်းဖြစ်တဲ့ National Rifle Association ကနေသမ္မတနဲ့ နိုင်ငံရေးသမားတွေဟာ ရန်ပုံငွေရယူနေတဲ့အပေါ် ဝေဖန်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ တကယ်လို့ သမ္မတသာလာရောက်ပြီး ဘယ်လောက်တောင် ဝမ်းနည်းကြေကွဲစရာကောင်းလိုက်တဲ့ဖြစ်ရပ်လည်းလို့သာ ပြောခဲ့မယ်ဆိုရင် ကျွန်တော်ကလည်း ပြန်မေးလိုက်ချင်ပါတယ်။ National Rifle Association ကနေပိုက်ဆံ ဘယ်လောက်တောင် လက်ခံထားသလဲ။ ဒီမေးခွန်းကိုဖြေတာ မဖြေတာကတော့ အရေးမကြီးပါဘူး။ ဒေါ်လာသန်း ၃၀ လက်ခံထားတယ်ဆိုတာသိပြီးသားပါလို့ အသက် ၁၈နှစ်အရွယ် အီမာကပြောပါတယ်။ NRA ဆီကရန်ပုံငွေယူထားတဲ့ နိုင်ငံရေးသမားတွေကို ပြောချင်တာက မင်းတို့ရဲ့ လုပ်ရပ်တွေအတွက် ရှက်သင့်တယ်လို့ ပြောလိုက်ပါတယ်။ ဒါကတော့ အသက် ၁၈ နှစ်အရွယ်ကျောင်းသူတစ်ဦးရဲ့ စိတ်ခံစားမှုတွေပါ။

**မဲဆွယ်စည်းရုံးရေးအတွက် လှူဒါန်းငွေတွေ**

သူ့ရဲ့သူငယ်ချင်းတွေ သေဆုံးသွားရမှုအတွက် သူဒီလောက်ပေါက်ကွဲတာဟာ အပြစ်ဆိုဖွယ်ရာတော့ မရှိပါဘူး။ NRA အဖွဲ့အစည်းဟာ အမေရိကန်သမ္မတရွေးကောက်ပွဲမှာ သမ္မတထရမ့်ရဲ့ မဲဆွယ်စည်းရုံးရေးအတွက် ဒေါ်လာ ၁၁ ဒသမ ၄ သန်းလှူဒါန်းခဲ့ပြီး အတိုက်အခံဖြစ်တဲ့ ဟီလာရီကလင်တန်ကိုတော့ ဒေါ်လာ ၁၉ ဒသမ ၇ သန်းလှူဒါန်းခဲ့ပါတယ်။ ကျောင်းအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားစဉ်အတွင်း ကျောင်းကအိမ်သာအတွင်း ဝင်ရောက်ပုန်းအောင်းနေခဲ့ရသူထဲက တစ်ဦးဖြစ်တဲ့ ရိုင်ယန်ကတော့ ဥပဒေပြုအမတ်တွေကို လက်နက်ကိုင်ဆောင်ခွင့်နဲ့ ပတ်သက်ပြီးတင်းကျပ်ပေးဖို့ တောင်းဆိုတိုက်တွန်းခဲ့ပါတယ်။ နောက်ထပ် ထင်ရှားတဲ့လှုပ်ရှားမှုတစ်ရပ်ကတော့ လူသိများတဲ့ ရီပတ်ဘလစ်ကန် အလှူရှင်တစ်ယောက်ကိုလည်း လက်နက်ထိန်းချုပ်ရေးကို အတည်ပြုပေးဖို့ ပျက်ကွက်ခဲ့တဲ့ ကိုယ်စားလှယ်လောင်းတွေကို ရန်ပုံငွေထောက်ပံ့ပေးမှုကနေ ရပ်ဆိုင်းပေးဖို့ ခြိမ်းခြောက်ခံနေရတယ်လို့ ဆိုပါတယ်။

**လက်နက်ထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး သမ္မတထရမ့်ရဲ့ ရပ်တည်ချက်**

ရီပတ်ဘလစ်ကန်သမ္မတ တစ်ဦးဖြစ်တဲ့ ဒေါ်နယ်ထရမ့်ဟာ လွန်ခဲ့တဲ့ စနေနေ့ကပဲ လက်နက်ဥပဒေနဲ့ ပတ်သက်ပြီးအရင် ဒီမိုကရက်တစ်အစိုးရဟောင်းက ဘာမှလုပ်မသွားဘူးလို့ ဝေဖန်ခဲ့ပါတယ်။ အိုဘားမားအစိုးရလက်ထက် အိမ်ဖြူတော်နဲ့ လွှတ်တော်မှာ ဒီမိုကရက်တွေကြီးစိုးခဲ့ပေမယ့် ဒီကိစ္စနဲ့ဆက်စပ်လို့ ကတော့ ဘာမှလုပ်မသွားဘူးလို့ အပြစ်တင်လိုက်ပါတယ်။

အဲဒီတုန်းကတော့ ဘာမှလုပ်မသွားဘဲနဲ့ အခုကျမှလက်နက်ဥပဒေစိစစ်ရေးဆိုပြီး အော်နေတယ်လို့ ထရမ့်က တုံ့ပြန်လိုက်ပါတယ်။ ဘာလို့လဲဆိုတော့ ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့တဲ့ ပစ်ခတ်မှုအပြီး ဝိုင်းဝေဖန်ကြတဲ့ အထဲမှာ ဒီမိုကရက်တွေက ရှေ့ဆုံးကပါနေလို့ပါပဲ။ သမ္မတထရမ့်ရဲ့ လက်နက်ထိန်းချုပ်မှုအပေါ်ထားရှိတဲ့ သဘောထားဟာ အချိန်ကာလကြာလာတာနဲ့အမျှ ပြောင်းလဲသွားခဲ့ပါတယ်။

အမေရိကန်မှာ လက်နက်ထိန်းချုပ်ရေးဆိုပြီး အော်နေတာလည်း အချိန်တွေ ကြာနေပါပြီ။ ပစ်ခတ်မှုတစ်ခုဖြစ်သွားလိုက် လက်နက်ကိုင်ဆောင်ခွင့်ကို စိစစ်သင့်တယ်ဆိုတဲ့ ဝေဖန်သံတွေ ထွက်ပေါ်လာလိုက်။ ဒီလိုနဲ့ပဲ ဇာတ်မျောကြီးဖြစ်သွားလိုက်နဲ့ လုံးချာလည်လိုက်နေပါတယ်။ ဘာမှတော့ အခုထိ ထင်ထင်ရှားရှား အကောင်အထည်ပေါ်မလာသေးပါဘူး။ နိုင်ငံရေးသမားတွေကလည်း လက်နက်ကုမ္ပဏီတွေရဲ့ ရန်ပုံငွေထောက်ပံ့မှုနဲ့ မကင်းနိုင်ကြတော့ ဒါကို အကောင်အထည်ဖော်ဖို့ ဆိုတာ ခက်ပါတယ်။

ဒါပေမယ့် ဒီလိုမျိုးကြေကွဲဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်ဆိုးတွေကို ရှောင်ရှားနိုင်ဖို့၊ တားဆီးကာကွယ်နိုင်ဖို့ဆိုရင်တော့ လက်နက်ကိုင်ဆောင်ခွင့်နဲ့ပတ်သက်ပြီး တစ်ခုခုအကောင်အထည်ဖော်မှ ဖြစ်တော့မှာပါ။ အခု ဖလော်ရီဒါမှာကျောင်းသားမိဘတွေ၊ ကျောင်းသားတွေတောင်းဆိုတာကို အစိုးရအနေနဲ့ ဘယ်လိုအကောင်အထည်ဖော်ပေးမလဲဆိုတာကိုတော့ အားလုံးက စောင့်ကြည့်နေကြပါပြီ။ ။

**ကိုးကား-ဘီဘီစီ**

> **"ကျောင်းအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားစဉ်အတွင်း ကျောင်းကအိမ်သာအတွင်း ဝင်ရောက်ပုန်းအောင်းနေခဲ့ရသူထဲက တစ်ဦးဖြစ်တဲ့ ရိုင်ယန်ကတော့ ဥပဒေပြုအမတ်တွေကို လက်နက်ကိုင်ဆောင်ခွင့်နဲ့ ပတ်သက်ပြီးတင်းကျပ်ပေးဖို့ တောင်းဆိုတိုက်တွန်းခဲ့"**

# (၁၃)ကြိမ်မြောက် ကျန်းမာရေးမှူးများညီလာခံ ၂၀၁၈

ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး(အငြိမ်းစားပြည်နယ်ဆေးရုံအုပ်ကြီး)

ကျေးလက်တောရွာများတွင် အများပြည်သူ၏ ကျန်းမာရေးကို နည်းပေါင်းစုံဖြင့် အနစ်နာခံ ဆောင်ရွက်နေကြသည့် HA ဝန်ထမ်းများနှင့် ၁၉၆၇ ခုနှစ်မှစတင်ပြီး အကျွမ်းတဝင်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့လေပြီ။

ရောဂါကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အာဟာရဓာတ်ဖွံ့ဖြိုးရေး၊ မိခင်နှင့် ကလေးကျန်းမာရေး၊ ကျန်းမာရေးဗဟုသုတဖြန့်ဖြူးရေး၊ကူးစက်ရောဂါတားဆီးရေး၊ ကျောင်းကျန်းမာရေး၊ ကုသရေးစသည်များသည် ကျေးလက်ကျန်းမာရေးဌာန၏ လုပ်ငန်းစဉ်များတွင် ပါဝင်ပေသည်။

**ကျေးလက်ကျန်းမာရေးဌာန ဖွဲ့စည်းပုံ**

ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းပုံအရ ကျေးလက်ကျန်းမာရေးဌာနတစ်ခုတွင် လက်ထောက်ကျန်းမာရေးမှူး တစ်ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ တစ်ဦး၊ သားဖွားဆရာမ ငါးဦး၊(ပင်မဌာနတွင် တစ်ဦး၊ ဌာနခွဲလေးခုတွင် တစ်ဦးစီ)၊ ကျောက်ထိုးဆရာတစ်ဦး၊ ဌာနစောင့်တစ်ဦးရှိခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ကျန်းမာရေးကြီးကြပ်အဆင့်(၁) ဘက်စုံသားဖွားဆရာမ စသည်များ ပေါ်ထွန်းလာခဲ့သည်။

၁၉၇၀ ဝန်းကျင်က မိမိသည် မြန်မာနိုင်ငံ မြေလတ်ပိုင်းရှိ ခုတင် ၁၀၀ ဆံ့ မင်းဘူးမြို့ ခရိုင်ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်စဉ် သုံးမိုင်ခန့်အကွာ၌ ထိုစဉ်က မန်းရေနံရှာဖွေရေး(MANN Test Well Project) (လက်ရှိ-ရေနံမြေ MANN Oil Field) ရှိခဲ့ရာ ထိုစီမံကိန်းတွင် တာဝန်ထမ်းဆောင်သူ စွမ်းအင်ဝန်ကြီးဌာနလက်အောက်မှ HA တစ်ဦးကို အမှတ်ရမိသည်။ ထို HA သည် လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိသူ ဝန်ထမ်းများအား ဆေးရုံသို့ တာဝန်အရ ခေါ်ဆောင်လေ့ရှိသည်။ ၎င်းသည် ရှေးဦးပြုစုခြင်း၊ လူနာသယ်ဆောင်ခြင်း၊ လူပ်ရှားမှုနည်းပါးစေခြင်း၊ ဖြစ်စဉ်အချက်အလက်အလုံးစုံ စနစ်တကျ မှတ်သားတင်ပြခြင်း စသည်များကို လိုလေသေးမရှိအောင် ဆောင်ရွက်တတ်၍ မိမိဆေးရုံမှဝန်ထမ်းများအတွက် အတုယူစရာ စံနမူနာများ ဖြစ်ခဲ့သည်ကို သတိရစမြဲပါ။

**ပင်ကိုအရည်အသွေးများ**

ယခင်က ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် သားဖွားဆရာမများသာရှိခဲ့ပြီး ဘက်စုံသားဖွားဆရာမ(Multi-purpose midwife)များ မရှိခဲ့ပါ။ စာရေးသူ မြို့နယ်ဆရာဝန် တာဝန်ထမ်းဆောင်ခဲ့စဉ်က မိမိထက် လုပ်သက်ပိုရင့်သူ သားဖွားဆရာမတစ်ဦး တွေ့ခဲ့ဖူးသည်။ ဝေးလံခေါင်သီသော အရပ်ဒေသတွင် ကြိုးစားခြင်း၊ ဗဟုသုတရှာဖွေခြင်း၊ ပညာဆည်းပူးခြင်း၊ တာဝန်ကျေပွန်ခြင်း၊ စာနာခြင်း၊ စေတနာထားခြင်း၊ အလုပ်တာဝန်ကို မခိုမကပ်ဆောင်ရွက်ခြင်း စသည့် ပင်ကိုအရည်အသွေးများနှင့် ပြည့်စုံ၍ သင်တန်းများ ဆက်ကာဆက်ကာတက်ရောက်၍ နယ်တကာ မငြင်းမဆန်ပြောင်းရွှေ့ကာ သားဖွားဆရာမမှ LHV(အမျိုးသမီးကျန်းမာရေးဆရာမ)၊ ထိုမှတစ်ဆင့် Community Health Assistant-CHA (ကျန်းမာရေးမှူး)ရာထူးသို့ တိုးမြှင့်ခြင်းခံရကြောင်း၊ အောက်သက်ကျေသူဖြစ်၍ ရာထူး၌ လွန်စွာ အောင်မြင်မှုများရရှိခဲ့ကြောင်း သိရှိခဲ့ရသည်။

ယမန်နှစ်က ရန်ကုန်-မန္တလေး လမ်းဟောင်းတွင် ဒိုက်ဦးမြို့မှ ရန်ကုန်မြို့သို့ ကားမောင်းနှင်လာရင်း ပဲခူးမြို့မရောက်မီ မိုင် ၂၀ ခန့်အကွာရှိ ပျဉ်ပုံကြီးတွင် လက်ရှိနေထိုင်လျက်ရှိသော လုပ်ဖော်ကိုင်ဖက်ဟောင်းဖြစ်သည့် အငြိမ်းစား Leprosy Inspector-LI(ခေါ်) အနာကြီးရောဂါတိုက်ဖျက်ရေး အင်စပက်တော်ထံ တစ်ထောက်ဝင်နားခဲ့ပါသည်။ မိမိ ၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တိုက်နယ်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ပဲခူးမြို့၏တောင်ဘက် မုတ္တမကွေ့နှင့် မနီးမဝေး ခရမ်း၊ သုံးခွ၊ သန်လျင်တို့နှင့် လက်လှမ်းမီသည့် ယခုမြို့သတ်မှတ်ခြင်းခံရသည့် ထိုစဉ်က သက္ကလကျေးရွာ တိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ မိမိ၏ စိတ်ချအားကိုးရသည့် HA တစ်ဦးဖြစ်ခဲ့သူနှင့် နှစ်ပေါင်းကြာမြင့်စွာ ခွဲခွာနေခဲ့ရာမှ ပြန်လည်ဆုံစည်းကြ၍ ရှေးဟောင်းနှောင်းဖြစ်များအားပါးတရ ရွှန်းရွှန်းဝေအောင်ပြောရင်း ပီတိလွှမ်းခဲ့ရသည်။

**စံနမူနာယူထိုက်**

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ လစဉ် အစီရင်ခံစာများ၊ နှစ်ချုပ်များ၊ Microplan များ ရေးသားရာတွင်လည်းကောင်း အထူးတလည် ကြိုးစားအားထုတ်သူဖြစ်၍ တိုက်နယ်ဆေးရုံမှ ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာနသို့ ပြောင်းရွှေ့ခြင်းခံရသူ ပုဂ္ဂိုလ်ထူးဖြစ်ကာ သင်တန်းအဆင့်ဆင့်တက်ရောက်ပြီး HA ဝန်ထမ်းမှ LI တာဝန်သို့ တိုးမြှင့်ခြင်းခံရသည်မှာ စံနမူနာယူထိုက်ပေသည်။

မကွေးတိုင်း မင်းဘူးမြို့မှ ရခိုင်ပြည်နယ် အမ်းမြို့သို့ ရိုးမတောကို ဖြတ်ကျော်ကာ ခက်ခက်ခဲခဲ ဆက်သွယ်ထားသော ကားလမ်းပေါ် ၌ တည်ရှိသည့် ကျေးလက်ကျန်းမာရေးဌာနမှ HA တစ်ယောက်၏ လျင်မြန်ဖျတ်လတ်မှု၊ တာဝန်သိမှုကိုလည်း ဖော်ပြလိုပါသည်။ ၁၉၈၆ ခုနှစ်က ၎င်းပိုင် ပဒါန်းကျေးလက်ကျန်းမာရေးဌာန(လက်ရှိတိုက်နယ်ဆေးရုံ) နယ်မြေအတွင်း ကျေးရွာတစ်ခုတွင် အပြင်းအထန်မီးလောင်ကျွမ်းသည့်အခါ ၎င်းမှာ အခြားကျေးရွာတစ်ရွာသို့ ခရီးထွက်နေစဉ်ဖြစ်၍ သတင်းကြားလျှင်ကြားချင်း ကျေးလက်ကျန်းမာရေးဌာနသို့ အမြန်ပြန်ခဲ့သည်။ ရှိစုမဲ့စု အရေးပေါ်ဆေးဝါးပစ္စည်းများကို ယူဆောင်ကာ ၎င်း၏အမာခံ ရွာသားများနှင့်အတူ မီးလောင်ရာသို့ လယ်ထွန်စက်ဖြင့် သွားရောက်ဆောင်ရွက်ခဲ့ပုံက ရှေးဦးပြုစုခြင်း၏ လက်တွေ့သာဓကတစ်ခုပင် ဖြစ်ခဲ့သည်။

ထိုခေတ်ထိုအခါက လက်ကိုင်ဖုန်းမဆိုထားဘိ၊ ဌာနဆိုင်ရာကြိုးဖုန်းများပင်မရှိသော အရပ်ဒေသ၌ စစ်တပ်နှင့် ရဲကြေးနန်းကိုသာ အားကိုးနေရချိန်ဖြစ်သည်။ ၎င်းသည် မြို့နယ်ဆရာဝန်ထံ 'စက်ဘီးစီး ခြေမြန်တော်ဆက်သား'စေလွှတ်၍ အကြောင်းကြားခဲ့သည်။ ထိုစဉ်က အာဏာပိုင်အဖွဲ့အစည်း၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ(နလက)ဥက္ကဋ္ဌ ဗိုလ်ကြီးမှ TMO ထံ ဌာနပေါင်းစုံဝန်ထမ်းများ၏ အရေးပေါ် ကူညီမှုအဖွဲ့နှင့်အတူ ယခုချက်ချင်း လိုက်ပါဆောင်ရွက်ရန် အကြောင်းကြားချက် ရရှိသည်။

မိုင်ပေါင်း ၃၀ ကျော် အကွာအဝေးမှ HA ၏ အကြောင်းကြားချက်ရရှိချိန်နှင့် တစ်ပြေးညီဖြစ်ခဲ့သည်။ မြို့နယ်ဆရာဝန်နှင့်အဖွဲ့ မီးလောင်ရာကျေးရွာသို့အရောက်တွင် HA ၏ အပေါင်းအသင်းတို့နှင့် ပူးပေါင်းကာ မီးလောင်ကျွမ်းသူများ၊ ဒဏ်ရာရသူများ၊ စိတ်ချောက်ချားနေသူများအား ကူညီစောင့်ရှောက် ကာကွယ်ကုသပေးခဲ့ပုံများကို ယနေ့ထက်တိုင် အမှတ်ရလျက်ရှိသည်။

**အရေးပေါ် ၂၄ နာရီဆေးခန်း**

စာရေးသူအား မကြာခဏ စိတ်ချောက်ချားစေတတ်သော ဝမ်းနည်းကြေကွဲမှုတစ်ခုကတော့ ထိုမီးလောင်မှုဖြစ်စဉ်အပြီး ၁၅ နှစ်ခန့်အကြာတွင် အဆိုပါ ထူးချွန် HA ခမျာ အခြားပြည်နယ်ရှိ ကျေးလက်ကျန်းမာရေးဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်နေစဉ် ငှက်ဖျားပိုး ဦးနှောက်ထဲရောက်ပြီး ကွယ်လွန်ခဲ့ကြောင်း သတင်းပင်ဖြစ်သည်။ ယူကျုံးမရဖြစ်စေခဲ့သော အဖြစ်အပျက်တစ်ခုပင်။

မြန်မာနိုင်ငံတွင် ပြန်တမ်းဝင်ဘုရားပွဲတော် Gazetted Pagoda Festivals အများအပြားရှိကြရာ မကွေးတိုင်း မင်းဘူး-စကုမြို့နယ်ရှိ ရွှေစက်တော်ဘုရားပွဲတော်သည် ရက်အကြာရှည်ဆုံး (တပို့တွဲလဆန်း ၅ ရက်နေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ ရက်ပေါင်း ၇၀ ကြာ) ကျင်းပသော ဘုရားပွဲတော်ဖြစ်ရာ ဘုရားဖူးများ၏ ကျန်းမာရေးအတွက် အရေးပေါ် ၂၄ နာရီ ဆေးခန်းတစ်ခုကို ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်ပေးထားသည်။

**ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ**


မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ ငဖဲစသည့် ပတ်ဝန်းကျင်မြို့နယ်များမှ ဆရာဝန်တစ်ဦးစီက အလှည့်ကျ ၁၀ ရက် တာဝန်ထမ်းဆောင်ရသည်။ ဆေးခန်းတွင် ဆရာဝန်နှင့်အတူ HA တစ်ဦး၊ LHV တစ်ဦး၊ Midwife တစ်ဦး၊ ထိုစဉ်က PHI တစ်ဦး၊ ကျောက်ထိုး ဆရာတစ်ဦးနှင့် သန့်ရှင်းရေးအလုပ်သမား ၁၀ ဦးတို့ ပါဝင်ကြသည်။ ဆေးခန်းက ကုသရေးတစ်ခုတည်းသာမက စားသောက်ဆိုင်များ၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိရေး၊ ရေကောင်း ရေသန့်ရရှိရေး၊ အမှိုက်သရိုက် စနစ်တကျသိမ်းဆည်းရေး၊ အိမ်သာသန့်ရှင်းမှုရှိရေး၊ 'ထုံးစစ်ဆင်ရေး'၊ ထိုစဉ်က လှည်းဝိုင်းများသန့်ရှင်းမှုရှိရေး၊ ဘုရားဖူးများတည်းခိုရာ တဲကျောင်းများ၊ ဆည်မြောင်း၊ သစ်တော၊ ဆောက်လုပ်ရေးစသည့် ဌာနဆိုင်ရာ ယာယီအဆောင်များ သန့်ရှင်းသပ်ရပ်ရေး စသည့်ကိစ္စရပ်များကိုပါ ဂေါပကအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းဆင်းဆရာဝန်များက 'စာအုပ်ကြီးအတိုင်း' သဘောဆောင်သော်လည်း၊ လုပ်သက်ရ HA များက 'ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ' ဟူသော အဆင်ပြေသည့် နည်းလမ်းများဖြင့် ဆောင်ရွက်အောင်မြင်ခဲ့ပုံများကို မြင်တွေ့ခဲ့ရသည်။

စာရေးသူသည် ၁၉၆၆ ခုနှစ်တွင် MBBS ဘွဲ့ဆွတ်ခူးကာ ၁၉၆၇ ခုနှစ် မေလတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အလုပ်သင်ဆရာဝန်တာဝန် ပြီးဆုံးပြီး ကျန်းမာရေးဝန်ကြီးဌာန၌ ပြန်တမ်းစစ်အရာရှိ(CAS)အဖြစ် ၁၉၆၇ ခုနှစ် မေလဆန်းတွင်ပင် ခန့်ထားခြင်းခံရသည်။ ကနဦး CAS ဘဝတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်သီသော ငဖဲမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန်အဖြစ် စတင်ထမ်းဆောင်ခဲ့ရသည်။ ရွှေစက်တော်စေတီနှင့် အလွန်နီးကပ်စွာတည်ရှိပြီး မကွေးတိုင်း၏အနောက်ဘက်အစွန်ဆုံး ရခိုင်ရိုးမတောင်ခြေ၊ အမ်းတောင်ကြားလမ်းအနီးတွင် တည်ရှိသော ရောင်စုံလက်နက်ကိုင်အဖွဲ့အစည်းများကြီးစိုးရာ ထိုမြို့ကလေးတွင် သုံးနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ HA များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယနေ့ အနှစ် ၅၀ ကျော် အငြိမ်းစားယူပြီးသည်အထိ အမှတ်ရနေဆဲပင်ဖြစ်သည်။

**TMO ထက် သာလွန်သူများ**

ထိုစဉ်က အသက်အလွန်ငယ်သေး၍ မြို့နယ်အတွင်း ကြုံတွေ့ခဲ့ရသည့် HA သုံးဦးစလုံးမှာ အသက်အရွယ်အားဖြင့် အစ်ကိုကြီး၊ အစ်ကိုလတ်၊ အစ်ကိုလေးများအရွယ် ရှိခဲ့၍ လက်တွေ့ကြိုတင်ကာကွယ်ရေး၊ ကျေးလက်ကျန်းမာရေးလုပ်ငန်းနှင့် ဒေသန္တရဗဟုသုတတို့တွင် TMO ထက် သာလွန်သူများ ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။

ပုထုစဉ်လူသားတို့သည် ရုပ်အဆင်း အရွယ်အစား အတိုအရှည် ကွာခြားသလို စွမ်းဆောင်မှုမှာလည်း ကွဲပြားပေသည်။ တစ်ဖက်ကကြည့်လျှင် ရင်ဘတ်ဖြစ်သလို၊ တခြားတစ်ဖက်ကကြည့်လျှင် ကျောကုန်းဖြစ်နေသည်။ အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိတတ်သော လောကနိယာမတရားအရ ထူးချွန်လိမ္မာရေးခြားရှိသော ဝန်ထမ်းများရှိသလို၊ ခွင့်မဲ့ပျက်ကွက်သူ၊ TMO ကို အသိမပေးဘဲ မြို့တက်သူ၊ အစီရင်ခံစာများ၊ လချုပ်များတင်သွင်းရန် နှောင့်နှေးသူ၊ Outbreak ဖြစ်ချိန်တွင် ဌာနမှကင်းကွာနေသူ၊ လူ့အလို နတ်မလိုက်နိုင်ဆိုသလို တိုင်တောခြင်းခံရသူ စသည်များ ရှိတတ်၍ အထက်မှ ညွှန်ကြားလာသည့်အတိုင်း မိမိဦးဆောင်အဖွဲ့ဖွဲ့ PE၊ DE ဌာနဆိုင်ရာ စုံစမ်း စစ်ဆေးမှုများ လုပ်ရသကဲ့သို့ တစ်ခါတစ်ရံ ဆူးကြားသီးတဲ့ ဘူးသီးပမာ ဂြိုဟ်ဆိုးဝင်ချိန်တွင် လူနာ၏ တင်ပြမှု၊ အာဏာပိုင်အဖွဲ့အစည်း၏ အားမရမှု စသည်များကြောင့် မိမိကိုယ်တိုင်လည်း PE၊ DE များ ပြုလုပ်ခြင်းခံရသည်မှာ ပြည်သူ့ ဝန်ထမ်းဘဝ၏ ကြုံရဆုံရ ဖြစ်ရိုးဖြစ်စဉ်များသာဖြစ်ကြောင်း ရေးသားတင်ပြရင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း (၁၃) ကြိမ်မြောက် ညီလာခံအား ဂုဏ်ပြုကြိုဆိုလိုက်ပါသည်။ ။



ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လေ့ရှိသော ရွှေစက်တော်ဘုရားပွဲတော်လာ ဘုရားဖူးပြည်သူများ။

> "ဆေးခန်းက ကုသရေးတစ်ခုတည်းသာမက စားသောက်ဆိုင်များ၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ အမှိုက်သရိုက် စနစ်တကျသိမ်းဆည်းရေး၊ အိမ်သာ သန့်ရှင်းမှုရှိရေး၊ 'ထုံးစစ်ဆင်ရေး'၊ ထိုစဉ်က လှည်းဝိုင်းများသန့်ရှင်းမှုရှိရေး၊ ဘုရားဖူးများ တည်းခိုရာ တဲကျောင်းများ၊ ဆည်မြောင်း၊ သစ်တော၊ ဆောက်လုပ်ရေးစသည့် ဌာနဆိုင်ရာ ယာယီအဆောင်များ သန့်ရှင်းသပ်ရပ်ရေး စသည့်ကိစ္စရပ်များကိုပါ ဂေါပက အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းဆင်း ဆရာဝန်များက 'စာအုပ်ကြီးအတိုင်း' သဘောဆောင်သော်လည်း၊ လုပ်သက်ရ HA များက 'ရှဉ့်လည်း လျှောက်သာ၊ ပျားလည်းစွဲသာ'ဟူသော အဆင်ပြေသည့် နည်းလမ်းများဖြင့် ဆောင်ရွက်အောင်မြင်ခဲ့ပုံများကို မြင်တွေ့ခဲ့ရသည်"

## ဒလ၌ကျီးပေါင်းလေဖြတ် ဝေဒနာရှင်များအား အပ်စိုက်ကုပညာဖြင့် အခမဲ့ကွင်းဆင်းကုသပေး

ဒလ ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သီရိဇေယျနော်ရထာ ခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈နာရီမှ ညနေ ၃နာရီအထိ ဒေါက်တာတင်မျိုးဝင်း ဦးစီး၍ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်၊ သွားနှင့်ခံတွင်း၊ အရိုးအကြော၊ စိတ်ရောဂါ၊ အထွေထွေရောဂါနှင့် E.C.G ရိုက်အဖွဲ့များမှ အထူးကုဆရာဝန်များ၊ ဆရာ ဆရာမ စုစုပေါင်း ၅၁ ဦးပါ အမျိုးသားကျန်းမာရေးကွန်ရက်က နယ်လှည့် ကွင်းဆင်းအခမဲ့ဆေးကုသဆောင်ရွက်ပေးခဲ့ကြရာ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းမှ ဒေါက်တာမြင့်မောင်သိန်းနှင့် A.M.T ဆရာဝန်အပ်စိုက်ကုအဖွဲ့က ဒူးနာ၊ ခါးနာ၊ ကျီးပေါင်း အမျိုးမျိုးနှင့် လေငန်း၊ လေဖြတ်၊ အကြောသေရောဂါဝေဒနာရှင် စုစုပေါင်း ၄၇ ဦးကို အပ်စိုက်ကုပညာဖြင့် အခမဲ့စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများမှ လာရောက်ပြသသော လူနာစုစုပေါင်း ၆၈၂ ဦးတို့အား ကဏ္ဍအလိုက် သွားနှင့်ခံတွင်းရောဂါများ၊ E.C.G ရိုက်ပေးခြင်း၊ ဆီးချို သွေးချိုများစသည်ဖြင့်အခမဲ့စမ်းသပ်ပေးကာ ဆေးကုသပေးခြင်းနှင့် လိုအပ်သော ဆေးဝါးများကိုလည်း အခမဲ့ပေးဝေခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်းဌေး(ဒလ)

# ခေတ်သစ်ကျေးကျွန် (သို့) လူကုန်ကူးခြင်းကို ဝိုင်းဝန်းတားဆီးကြပါစို့---

## သန်းဦး (လေးမျက်နှာ)

လူအချင်းချင်းကို အကျိုးအလို့ငှာ လက်လွှဲပေးပို့ခြင်းသည် ဟိုယခင်ကာလကပင်ရှိခဲ့ပြီး ကျွန်ရောင်း ကျွန်ဝယ်စနစ်ဟု ခေါ်ဆိုခဲ့ကြသည်။ ကာလကြာရှည်လာသည့်အခါ လူကုန်ကူးခြင်းဟုခေါ်ဆိုလာကြပြီး လူပွဲစားများက လူလူချင်း ရောင်းစားခြင်းဟူ၍ လည်းကောင်း၊ ခေတ်သစ်ကျေးကျွန်ဟူ၍ လည်းကောင်း ပြောဆိုလာကြသည်။ အဆိုပါ လူကုန်ကူးခြင်း (သို့မဟုတ်) ခေတ်သစ်ကျေးကျွန်စနစ်ဟူ၍ ပြန်လည်ရှင်သန်လာသည်မှာ ဆယ်စုနှစ် သုံးခုမျှပင်ရှိခဲ့ပြီ ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုမညီမျှသော ကြွယ်ဝချမ်းသာမှုကို မျှဝေခံစားမှုမရှိသော အခြေအနေနှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးသောနိုင်ငံများ (သို့တည်းမဟုတ်) နိုင်ငံတစ်ခုတည်းအတွင်းရှိ ကြွယ်ဝသောဒေသများနှင့် ပတ်သက်သည့် အကြောင်းအရာများကို လက်လှမ်းမီ သိရှိနိုင်ခြင်းတို့သည် မိမိဘဝကိုလက်ရှိအခြေအနေထက်ပို၍ မြင့်မားလိုသူများနှင့် ဘဝသစ်ထူထောင်လိုသူများအတွက် မျှော်လင့်ချက်များ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် တိမ်ကောပပျောက်သွားပြီဟု ယူဆထားသည့် လူကုန်ကူးခြင်း(သို့မဟုတ်) ကျေးကျွန်ပြုခြင်း အလေ့အထများ ပြန်လည်ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။

### လူကုန်ကူးခြင်းဆိုရာတွင်

ပုဂ္ဂိုလ်တစ်ဦးဦးက အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ခေါင်းပုံဖြတ်ရန်အလို့ငှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲမှုကို အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်နိုင်ရန် ငွေကြေး၊ အကျိုးအမြတ်ပေးခြင်း၊ လက်ခံခြင်း တစ်ရပ်ရပ်ကို ပြုလုပ်ပြီး သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း(သို့) လက်ခံခြင်းမှာ လူကုန်ကူးခြင်းပင် ဖြစ်သည်။

### လူမှောင်ခိုကူးခြင်းဆိုရာတွင်

ငွေကြေး(သို့)အခြားသော ပစ္စည်းအကျိုးအမြတ်တစ်ခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေရယူရန် အလို့ငှာ၊ နိုင်ငံသား(သို့) အမြဲတမ်းနေထိုင်သူတစ်ဦးကို နိုင်ငံတစ်ခုအတွင်း တရားမဝင် ဝင်ရောက်ခွင့်ရယူပေးခြင်း (သို့) ဝင်ရောက်စေခြင်းကို လူမှောင်ခိုကူးခြင်းဟု ဆိုလိုသည်။

### ရွှေ့ပြောင်းလုပ်သားများကြား လူကုန်ကူးမှုများ

ပွဲစားများ၊ တရားမဝင်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ပါက ငွေကုန်ကြေးကျများခြင်း၊ အချိန်ကြန့်ကြာခြင်းကြုံတွေ့နိုင်သည်။ ထို့ကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည်ဆိုပါက တရားဝင်လိုင်စင် ထုတ်ပေးထားသော ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများဖြင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်သင့်ပေသည်။ တရားမဝင်သွားရောက်လုပ်ကိုင်မည်ဆိုပါက လူမှောင်ခိုကူးခံရခြင်း၊ ရောင်းစားခံရခြင်း၊ အလုပ်ခွင်မှုမတရား ခေါင်းပုံဖြတ်ခံရခြင်း၊ ဖိနှိပ်ခံရခြင်း၊ ပွဲစားများက လိမ်ညာလှည့်စားမှုခံရခြင်းများဟူ၍ အကျိုးဆက်များ ခံစားရမည် ဖြစ်သည်။

> **“တရားမဝင်သွားရောက်လုပ်ကိုင်မည်ဆိုပါက လူမှောင်ခိုကူးခံရခြင်း၊ ရောင်းစားခံရခြင်း၊ အလုပ်ခွင်မှုမတရား ခေါင်းပုံဖြတ်ခံရခြင်း၊ ဖိနှိပ်ခံရခြင်း၊ ပွဲစားများက လိမ်ညာလှည့်စားမှုခံရခြင်းများဟူ၍ အကျိုးဆက်များ ခံစားရမည်”**

### လူကုန်ကူးရန်အလို့ငှာ စည်းရုံးသိမ်းသွင်းခြင်း

လူပွဲစားများက အခြားနိုင်ငံများတွင် အလုပ်ရမည်၊ လစာကောင်းကောင်းရမည်၊ အဆင့်အတန်းမြင့်မြင့်နေရမည် စသည်ဖြင့် ရိုးသားမှုကို အခွင့်ကောင်းယူ၍ မက်လုံးပေး စည်းရုံးသိမ်းသွင်းကြပြီး တစ်ဖက်နိုင်ငံသို့ ရောင်းစားခြင်း၊ အဓမ္မထိမ်းမြားပေးခြင်း၊ ပြည့်တန်ဆာအဖြစ် အဓမ္မစေခိုင်းခြင်း၊ အခိုင်းအစေ ကျေးကျွန်အဖြစ် ရောင်းစားခြင်းများ ပြုလုပ်ကြသည်။

### လူကုန်ကူးမှုကို တားဆီးကာကွယ်လျက်ရှိ

လူကုန်ကူးမှုများကို တားဆီးကာကွယ်ရန်အလို့ငှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဖွဲ့စည်းခြင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းရေးဆွဲပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊ နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ခရိုင်၊ မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းများ စသည်ဖြင့် လူကုန်ကူးမှုများကို တားဆီးကာကွယ်လျက်ရှိသည်။ ထို့အပြင် မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

### လူကုန်ကူးခံရသူများရှိနေ

လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ဝိသမစီးပွားရေးသမားများ၊ လူပွဲစားများ၊ မတရားခေါင်းပုံဖြတ် အမြတ်ကြီးစားသမားများကြောင့် လူကုန်ကူးခံရသူများရှိနေသည်ကို သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလ ၁၆ ရက်အထိ လူကုန်ကူးမှုပေါင်း ၃၃ မှုမှ တရားခံပေါင်း အမျိုးသား ၃၀၊ အမျိုးသမီး ၆၇ ဦး ပေါင်း ၉၇ ဦး ရှိခဲ့ရာ အမျိုးသား ၂၀၊ အမျိုးသမီး ၃၈ ဦး ပေါင်း ၅၈ ဦး ဖမ်းဆီးရမိခဲ့ပြီး တရားခံပြေးအနေဖြင့် ၃၉ ဦးရှိကြောင်း သိရသည်။ အဆိုပါ လူကုန်ကူးခံရမှု ၃၃ မှုမှ လူကုန်ကူးခံရသူပေါင်း ၄၇ ဦးရှိခဲ့ရာ အမျိုးသားနှစ်ဦး၊ အမျိုးသမီး ၃၇ ဦး ပေါင်း ၃၉ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။

### တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်လူကုန်ကူးမှု

အဆိုပါ လူကုန်ကူးမှု ၃၃ မှုအနက် ရန်ကုန်တိုင်းဒေသကြီး၌ ၁၀ မှု၊ မန္တလေးတိုင်းဒေသကြီး၌ လေးမှု၊ ကရင်ပြည်နယ်၌ တစ်မှု၊ ရှမ်းပြည်နယ်၌ ၁၀ မှု၊ ပဲခူးတိုင်းဒေသကြီး၌ နှစ်မှု၊ ကချင်ပြည်နယ်၌ သုံးမှု၊ တနင်္သာရီတိုင်းဒေသကြီး၌ တစ်မှု၊ ရခိုင်ပြည်နယ်၌ တစ်မှု၊ မွန်ပြည်နယ်၌ တစ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

### ဦးတည်နိုင်ငံနှင့်အမျိုးအစား

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ လူကုန်ကူးမှု ဦးတည် ဖြစ်ပွားခဲ့သည့် နိုင်ငံများမှာ တရုတ်နိုင်ငံသို့ ၂၅မှု၊ ပြည်တွင်း၌ ရှစ်မှုဖြစ်ပြီး လူကုန်ကူးမှုအမျိုးအစားအနေဖြင့် အဓမ္မ ထိမ်းမြားလက်ထပ်မှု ၂၅ မှု၊ ပြည့်တန်ဆာမှု ခြောက်မှုနှင့် လုပ်အားခေါင်းပုံဖြတ်မှု နှစ်မှု တို့ဖြစ်ကြောင်း သိရသည်။

### ဝိုင်းဝန်းဆောင်ရွက်ရန်လို

လူကုန်ကူးမှု၊ လူလူချင်းရောင်းစားမှု (သို့) ခေတ်သစ်ကျေးကျွန်ပြုမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များအနေဖြင့် တားဆီးဆောင်ရွက်လျက်ရှိသော်လည်း ပပျောက်သွားမှုမရှိ၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးက သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းပေးကူညီဆောင်ရွက်ရန် လိုအပ်ပေသည်။ ။

---

## မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးပွဲ သီပေါ၌ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်လုံးဆိုင်ရာ (၁၇)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲအောင်ပွဲမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က မဟာမြတ်မုနိ ဘုရားကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပရာ ပထမငယ်တန်း ၁၂ ပါး၊ အခြေပြုမူလတန်း အပါး ၄၀၊ ပထမဆင့်အပါး ၈၀နှင့် မူလဆင့် ၁၉၄ ပါး စုစုပေါင်း ၃၂၆ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူကြသည်။

ရှေးဦးစွာ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၏ ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမိလိန္ဒထံမှ ကိုးပါးသီလနှင့် အနုမောဒနာတရားနာယူတော်မူကြပြီး စာအောင်သံဃာတော်၊ ရှင်သာမဏေနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာလေးများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်သာသနာရေးမှူး ဦးစိုင်းထွန်းအေးနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို တစ်ပါးချင်းဆက်ကပ်တော်မူခဲ့ကြသည်။

**စိုင်း(သီပေါ)**

---

## ထိုင်းနိုင်ငံရောက် ဂေါ်ရခါးလူငယ်များအဖွဲ့မှ မိဘမဲ့ဂေဟာသို့ ထောက်ပံ့ပစ္စည်းများလှူဒါန်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ Grace Happy Land မိဘမဲ့ကလေးပြုစု စောင့်ရှောက်ရေးကျောင်းသို့ ထိုင်းနိုင်ငံဖူးခက်မြို့ရောက် ဂေါ်ရခါးလူငယ်အဖွဲ့မှ ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိသည့် ဆန်နှင့်လူသုံးကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုမိဘမဲ့ဂေဟာတွင် အမှန်တကယ်လိုအပ်လျက်ရှိသည့်သုံးဘီးဆိုင်ကယ်၊ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ထိုင်းနိုင်ငံရောက် ဂေါ်ရခါးလူငယ်အဖွဲ့မှ ဖေဖော်ဝါရီ ၁၇ ရက်က ပေးပို့လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

“ဒီဂေါ်ရခါးလူငယ်များအဖွဲ့ကနေ ဝိုင်းမော်ဘက်က ပရဟိတကျောင်းမှာလည်း မီးဖိုဆောင် လှူဒါန်းဖူးပါတယ်၊ အခုဂေဟာမှာတော့ တစ်ရက်ကို အသုံးစရိတ်စုစုပေါင်း ငွေကျပ်နှစ်သိန်း ကုန်ကျပါတယ်”ဟု ယင်းလှူဒါန်းမှုကို ကိုယ်စားလှူဒါန်းပေးခဲ့သည့် ဝိုင်းမော်မြို့နယ်မှ အထက်တန်းရှေ့နေ ဦးဂဲနက်စ်က ပြောသည်။

အဆိုပါ မိဘမဲ့ဂေဟာတွင် မိဘမဲ့ကျောင်းသား ၅၀ နှင့် ကျောင်းသူ ၄၀ ရှိကာ နေ့စဉ်ကိုယ့်အားကိုယ်ကိုး၊ ပြင်ပအလှူရှင်များဖြင့်သာ ရပ်တည်နေကြကြောင်းနှင့် ဂေဟာဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း ၂၂ နှစ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

---

## ပင်လုံမြို့ ပန်းတင်ဖော်ကုန်းတော်ပေါ်တွင် စေတီတော်ထီးတော်တင်လှူပွဲ ကျင်းပ

**ပင်လုံ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့ ဆဟောင်းကျေးရွာအုပ်စု ပေခြောက်ထောင်ကျော် အမြင့်ရှိသော ပန်းတင်ဖော်ကုန်းတော်ပေါ်တွင် ပအိုဝ်းတိုင်းရင်းသားများစုပေါင်း၍ ကျပ်သိန်းတစ်ထောင်ကျော် လှူဒါန်းငွေဖြင့် ဉာဏ်တော်အမြင့် ၅၄ ပေရှိသော စေတီတော်ကို ဖေဖော်ဝါရီ ၁၉ ရက်က အရံစေတီလေးဆူကို ပန်းရထားဖြင့် တင်လှူရာ ဒေသခံတိုင်းရင်းသားများဖြင့် စည်ကားလျက်ရှိပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်ကို ဆက်ကပ်တင်လှူသွားမည်ဟု သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက်ကအဆိုပါ ပန်းတင်ဖော်သာသနာကုန်းတော်ပေါ်ရှိရွှေစာရံဓမ္မာရုံတွင် ထီးတော်တင်လှူရန် သံဃာတော်၁၂ ပါးထံမှကိုးပါးသီလခံယူပြီး သံဃာတော်အရှင်သူမြတ်တို့က မြတ်ဗုဒ္ဓထံထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုဆက်ကပ်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကာ ရွှေစာရံစေတီတော်ကြီးအား လက်ယာရစ်သုံးပတ်ဖြင့် ပူဇော်သည်။



ဖေဖော်ဝါရီ ၁၉ ရက်တွင် သောမ ဂြိုဟ်ခွင်တွင်ရှိသည့် အရံစေတီလေးဆူ အတွက်ပန်းရထားဖြင့် ထီးတော်ကို ဆက်ကပ်တင်လှူသည်။ “ဒီတောင်ပေါ်မှာ ပိုပြီးအေးချမ်းသာယာအောင် တကာ ဦးအောင်ခမ်းထိက စေတီတည်ချင်တဲ့ဆန္ဒလည်းရှိတဲ့အပြင် ပအိုဝ်းတိုင်းရင်းသားတွေကလည်း ဘာသာ၊ သာသနာအတွက် စေတီတစ်ဆူ တည်လိုတဲ့ဆန္ဒရှိတဲ့အတွက် ဆရာတော်ကိုလျှောက်တာကြောင့် အားလုံးဝိုင်းဝန်းပြီး အခက်အခဲတွေကြားက တည်ဖြစ်တာပါ၊ ကျောင်းသုံးကျောင်းက ဆရာတော်တွေ ဦးစီးပြီး ရွာသူရွာသားတွေ၊ ကုသိုလ်ရှင်တွေနဲ့ ကျပ်သိန်းထောင်ကျော်လှူဒါန်းမှုနဲ့ တည်ခဲ့တာပါ၊ ပေ ၆၂၁၁ အမြင့်ရှိတဲ့ တောင်ပေါ်မှာ လမ်းကိုတိုးချဲ့ပြုပြင်ပြီး ဘာသာ၊ သာသနာအတွက် တည်ထားနိုင်ခဲ့တာကိုအားလုံးကလည်း ဝမ်းသာပီတိဖြစ်နေကြပါတယ်”ဟု ပင်လုံကျောက်တိုင်နံဘေးရှိ နောင်ကွတ်ကျောင်းဆရာတော် ဉူးပညာဗလက မိန့်ကြားသည်။

**၁၆၄**

**ဓာတ်ပုံ- သစ္စာ**

---

## ကျောက်တံခါးမြို့နယ် ဆယ့်လေးရွာ၌ စာကြည့်တိုက်သစ်ဖွင့်

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီးကျောက်တံခါးမြို့နယ် ဆယ့်လေးရွာကျေးရွာအုပ်စု ဆယ့်လေးရွာဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၁၇ ရက်က အနာဂတ်အလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ စာကြည့်တိုက်ကို ဆရာမဒေါ်သန်းမြင့်အောင်နှင့်ဆရာအကြည်တော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အနာဂတ်အလင်းသစ်စာကြည့်တိုက်များဖြစ်မြောက်ရေးအဖွဲ့ကို ၂၀၁၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ စာကြည့်တိုက်ပေါင်း ၁၁ တိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

“မိဘမဲ့ကလေးတွေ၊ စစ်ဘေးရှောင်ကလေးငယ်တွေ၊ ချို့တဲ့နွမ်းပါးကလေးငယ်တွေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေနဲ့ သီလရှင်ကျောင်းတွေက ကလေးငယ်တွေ စာဖတ်နိုင်ဖို့အတွက် တန်းတူအခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့အဖွဲ့အနေနဲ့ စာကြည့်တိုက်ဖွင့်လှစ်ပေးနိုင်တဲ့နေရာတွေကို စာအုပ်တွေပေးပို့လှူဒါန်းပြီး ဖွင့်လှစ်ပေးရတာဖြစ်ပါတယ်” ဟု အနာဂတ်အလင်းသစ်အဖွဲ့ဒုတိယဥက္ကဋ္ဌဦးမင်းနိုင်ထွန်းက ပြောသည်။

**ခင်ကို(ကျောက်တံခါး)**



## ၂၀၁၈ ခုနှစ် ဧပြီလတွင် ဖိလစ်ပိုင်နိုင်ငံတွင် ပြုလုပ်မည့် Queen Of World သို့သွားရောက်ယှဉ်ပြိုင်မည့် အိမ်ထောင်ရှင်အလှမယ် မဇင်မာ

အသက် ၁၇ နှစ်မှစပြီး ကာယအလှမယ်ပြိုင်ပွဲများစွာဝင်ပြိုင်ခဲ့ပြီး ယခုအချိန် အသက် ၄၁ နှစ်အရွယ်ရှိပြီဖြစ်သည့် မဇင်မာအနေဖြင့် အလှမယ်ပြိုင်ပွဲများစွာကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင်လည်း ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် Queen Of World အိမ်ထောင်ရှင် အလှမယ်ပြိုင်ပွဲကြီးသို့ မြန်မာပြည်၏ ကိုယ်စားပြုအဖြစ်သွားရောက်ယှဉ်ပြိုင် မည်ဟု သိရသည်။

"အစ်မအနေနဲ့ ပြည်တွင်းမှာဆို Mrs Universe Myanmar 2017 မကေခိုင်နှင်းရဲ့ Beauty in Bloom Organization ပြိုင်ပွဲမှာ ဝင်ပြိုင်ခဲ့ပြီး Mrs Beauty in Bloom Classic Winner ဆုနဲ့ Mrs Fashion ဆုရခဲ့ပါတယ်၊ ပြိုင်ပွဲတွေဘာကြောင့် ပြိုင်နေလဲ မေးရင် ကျွန်မက အလှအပ ဝါသနာပါတယ်၊ မိန်းမတစ်ယောက်က သူဘယ်အသက်အရွယ်မှာပဲဖြစ်ဖြစ် ရှိသင့်ရှိထိုက်တဲ့ အလှနဲ့လှနေဖို့ လိုအပ်တယ်၊ များသောအားဖြင့် အမျိုးသမီးတွေက အိမ်ထောင်ပြု ပြီးရင် ကိုယ့်ကိုယ်ကိုယ်လှဖို့ မေ့နေကြတယ်။

"အခုလိုမျိုးပြိုင်ပွဲလေးတွေ ဝင်ပြိုင်တော့ ကိုယ့်အနေနဲ့ပြိုင်ပွဲက ဆရာတွေသင်ပေးတာတွေနဲ့ အလှမယ် ပြိုင်ပွဲဝင်ပြီဆိုရင် လှအောင်နေမှရတော့မှာလေ၊ အဲ့ဒီအတွက် ကိုယ့်ကိုယ်ကိုယ်လည်း လှအောင်နေဖြစ်သွားတယ်၊ ပြီးတော့ အိမ်ထောင်ရှင်မိန်းမတစ်ယောက်အနေနဲ့ မိသားစုတာဝန်တွေနဲ့ပဲ အချိန်ကုန်မခံဘဲ ကိုယ့်အလှအပအတွက်ရော၊ စိတ်အင်အားအတွက်ရော အမြဲတမ်းတက်ကြွနေသင့်တယ်ဆိုတာ သိလာပါတယ်၊ ကျွန်မကတော့အမျိုးသမီးတွေ လှနေတာကို ကျေနပ်တယ်၊ အပျိုဖြစ်ဖြစ်၊ အိမ်ထောင်သည်ဖြစ်ဖြစ် ကိုယ့်အလှကိုယ် တန်ဖိုးထားထိန်းသိမ်းပါလို့၊ မိသားစုအတွက်ရော၊ ပတ်ဝန်းကျင်အတွက်ရော အကျိုးပြုနိုင်တဲ့သူဖြစ်အောင်နေပါလို့ ပြောချင်တယ်၊ အခုလိုပြိုင်ပွဲတွေ ရှိလာတာလည်း ကျွန်မတို့အတွက်အခွင့်အရေးကောင်းတွေဖြစ်လို့ ဝင်ပြိုင်ကြပါ၊ အရင်ကဆို ပြည်တွင်းမှာပဲပြိုင်ပွဲအနည်းငယ်ရှိခဲ့တာ၊ အခုဆို ပြည်ပအထိပါ ခြေဆန့်နိုင်လို့ အလွန်တိုးတက်လာပါပြီ"ဟု ပြောသည်။

**ကိုလင်း**

## ရန်ကုန်၊ မန္တလေး ပရိသတ်တွေနှင့် တွေ့ဆုံမည့် ရွှေထူး



တေးသီချင်းများစွာကို ကိုယ်တိုင်ရေး ကိုယ်တိုင်သီဆိုတတ်ပြီး၊ တေးသီချင်းများစွာတွင် အချစ်အလွမ်းအဆွေးတွေကို ပိုင်နိုင်စွာသိဆိုတတ်ပြီး "တံခါးဖွင့်ထားပါတယ်" သီချင်းလေးကြောင့် ပိုပြီး ပရိသတ်အချစ်တော် ဖြစ်ခဲ့ရသူ အဆိုတော်ရွှေထူးက " စိတ်ကူးယဉ်စာအုပ်" စီးရီးကို ပရိသတ် လက်ထဲထည့်ခဲ့ပြီး ယခုတစ်ခါ "အိုင်" ဟု အမည်ပေးထားသည့် ဒုတိယမြောက် တစ်ကိုယ်တော်ခွေကို ဘိုဘို တေးထုတ်လုပ်ရေးကနေ ယခုလ ၂၄ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"အခုဒီခွေလေးက ကျွန်တော့်ပိုက်ဆံနဲ့ကျွန်တော် စိတ်ကြိုက်ဖန်တီးထားတဲ့ သီချင်းတွေကို ထုတ်တာပါ၊ ပရိုဂျူဆာ မပါဘူး၊ ငွေရေး ကြေးရေး ပိုင်းနဲ့ပတ်သက်ပြီး အခက်အခဲတော့ရှိတာပေါ့၊ ဒီအခွေက ပထမခွေလေးထဲက သီချင်းတွေနဲ့ ဘာကွာခြားလဲဆိုရင် သီချင်းတွေကို ၁၂ ဘားပဲ ကျွန်တော်လုပ်ထားတာ၊ ဆိုရတာလည်း အလွန်ပင်ပန်းတယ်၊ Band နဲ့ ဆိုထားတာ နည်းပါမယ်၊ ကိုဇင် တီးပေးထားတဲ့ "ဥဒါန်း" ဆိုတဲ့ သီချင်းလေးဆို အလွန်ပင်ပန်းတယ်ဗျာ၊ သီချင်းတွေကတော့ Rock ဆန်ဆန်လေးတွေပါမယ်၊ သီချင်းတွေ ဖန်တီးတဲ့ အခါမှာဆိုရင် မယ်လိုဒီကို ကျွန်တော် သေချာရှာတယ်၊ သီချင်းပုံစံကို တေးရေးကို သေချာ ပြောပြတယ်၊ တိုင်ပင်တယ်၊ ပြီးမှ စိတ်ကြိုက်ရွေးပြီး ကျွန်တော်ဆိုပါတယ်၊ အခုဒီအခွေမှာ ဘာထူးခြား လဲဆိုရင် ပထမတုန်းကလို ကျွန်တော့်ပုံတွေမဟုတ်တော့ဘူး၊ ပန်းချီပုံစံလေးလုပ်ထားတယ်၊ စိတ်ကူးယဉ်အခွေကတည်းက ကျွန်တော် ဒီအခွေအတွက်သီချင်းတွေကိုစုနေတာပါ၊ အခု ကျွန်တော် ၁၃ ပုဒ်ပါတယ်။ အခွေနာမည်ပေးဖြစ်တာက ကျွန်တော်နဲ့ သက်ဆိုင်တဲ့အရာကို ဦးစားပေးတဲ့အနေနဲ့ အိုင်ကိုပေးဖြစ်တာပါ။ အိုင်ရဲ့အရှည်ကောက်ကတော့ illumination ပါ၊ အဲဒါက ကျွန်တော့်ကိုယ်ကျွန်တော်ပဲ ရည်ညွှန်းပါတယ်၊ အိုင်ဆိုတဲ့ သီချင်းကတော့" ဟု အဆိုတော် ရွှေထူးက ပြောသည်။

ဒီအခွေက ပထမ ခွေလေးထဲက သီချင်းတွေနဲ့ ဘာကွာခြားလဲဆိုရင် သီချင်းတွေကို ၁၂ ဘားပဲ ကျွန်တော်လုပ်ထားတာ၊ ဆိုရတာလည်း အလွန်ပင်ပန်းတယ်၊ Band နဲ့ ဆိုထားတာ နည်းပါမယ်၊ ကိုဇင် တီးပေးထားတဲ့ "ဥဒါန်း" ဆိုတဲ့ သီချင်းလေးဆို အလွန်ပင်ပန်းတယ်ဗျာ၊ သီချင်းတွေကတော့ Rock ဆန်ဆန်လေးတွေပါမယ်၊ သီချင်းတွေ ဖန်တီးတဲ့ အခါမှာဆိုရင် မယ်လိုဒီကို ကျွန်တော် သေချာရှာတယ်၊ သီချင်းပုံစံကို တေးရေးကို သေချာပြောပြတယ်၊ တိုင်ပင်တယ်၊ပြီးမှ စိတ်ကြိုက်ရွေးပြီး ကျွန်တော် ဆိုပါတယ်၊

အဆိုပါ အခွေတွင် တေးရေး ရဲသူ၊ ဝေကြီး၊ ဒိုးပတ်၊ ကိုဇေ၊ ရွှေထူးတို့ ရေးစပ်ထားသည့် အချစ်၊ အလွမ်း၊ အဆွေး၊ မျိုးကွဲတဲ့သီချင်းစုစုပေါင်း ၁၃ပုဒ်ပါရှိပြီး Feautring အနေဖြင့် Litz ၊ Oasix၊ Yzet၊ Alatt၊ ဒိုးပေါက်၊ အာဒံ၊ Black-T တို့က ပါဝင်သီဆိုထားသည်။

ယင်းအခွေ ထွက်ရှိသည့် အနေဖြင့် ဖေဖော်ဝါရီ ၂၄ ရက် မြန်မာပလာဇာ ညနေ ၄ နာရီမှ ၈ နာရီထိသော်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက် မန္တလေးမြို့ရှိ ဒိုင်းမွန်းပလာဇာတွင် ညနေ ၄ နာရီမှ ၈ နာရီအထိ အနုပညာရှင်များက လက်မှတ်ရေးထိုးကာ တေးသီချင်းများဖြင့် ဖျော်ဖြေပေးသွားမည်ဖြစ်သည်။

**ကိုလင်း**

## သဘောထားကွဲလွဲမှုကြောင့် ဇာတ်ကားရိုက်ကူးမှု ရပ်တန့်



"ပွဲခံမယ်"၊ "တောကျီးကန်း (ခေါ်) ခိုးဆိုး လုန္နိုက်(၂)" စသည့် ရုပ်ရှင်ဇာတ်ကားထဲတွင် ခပ်မိုက်မိုက်ကာရိုက်တာဖြင့် ထူးထူးခြားခြား ပါဝင်သရုပ်ဆောင်ခဲ့ပြီး ပရိသတ်အခိုင်အမာ ရရှိလာသည့် သရုပ်ဆောင်ထူးခြားသည် ဆောင်းနှင်းရည် ဗီဒီယိုထုတ်လုပ်ရေးနှင့် ဇာတ်ကား ၁၀ ကား ရိုက်ကူးရန် စာချုပ်ချုပ်ဆိုထားသော်လည်း ယခုအချိန်တွင် သဘောထားတိုက်ဆိုင်မှုများ ကွဲလွဲနေသောကြောင့် ဆက်လက်လုပ်ကိုင်မှုကို ရပ်တန့်လိုက်ပြီဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## မိသားစုအပေါ် ဆိုးမိုက်ခဲ့သည့်အတွက် တာဝန်ကျေပွန်သော သမီးကြီးအဖြစ် ရပ်တည်ချင်သော ပိုးမီ

Myanmar Idol Season (2) တွင် Top 3 အထိ ပါဝင်ခဲ့ ပြီး ဘဝကို အရိုးရှင်းဆုံး ဖြတ်သန်းနေသူလေးအဖြစ် ပရိသတ် အသိအမှတ်ပြု ခံခဲ့ရသူလေး ပိုးမီ၏ ပထမဆုံး တစ်ကိုယ်တော်ခွေ ဖြစ်သည့် " နောက်ထပ် ---တစ်ယောက်မရှိဘူး'ဟု အမည်ရသည့် တေးစီးရီးခွေကို မတ် ၁ ရက်မှစတင်ကာ The Sun Music တေးထုတ်လုပ်ရေးမှ မြန်မာတစ်ပြည်လုံးဖြန့်ချိသွားမည်ဟု သိရသည်။

"နောက်ထပ်---တစ်ယောက်မရှိဘူး ဆိုတဲ့ သီချင်းအဓိပ္ပာယ်လေးက ဘဝနဲ့သက်ဆိုင်တဲ့အကြောင်း လေးတွေပါပဲ၊ အဓိပ္ပာယ်လေးကိုတော့ ညီမ အခွေလေးထွက်မှ နားဆင်စေချင်ပါတယ်၊ အကြောင်းအရာလေးတွေကတော့ ပရိသတ်အကြိုက်တွေ့စေမယ့် အကြောင်းအရာလေးတွေပါပါတယ်၊ သီချင်း ရွေးချယ်မှုပိုင်းကတော့ ဆရာမ မေသော်နဲ့ သေချာတိုင်ပင်ပြီး ရွေးချယ်ဖန်တီးပါတယ်၊ အန်တီမေသော်က တစ်ဝက် ညီမက တစ်ဝက်ရေးထားကြပါတယ်၊ ညီမက ငါးပုဒ်၊ အန်တီမေသော်က ငါးပုဒ်ရေးထားပါတယ်၊ ညီမရေးထားတဲ့ သီချင်းလေးတွေကတော့ အရင်က အလိုက်တသိဆိုတဲ့ သီချင်းပုံစံမျိုး လေးတွေရယ်၊ အသည်းကွဲသီချင်းလေးတွေ၊ ခွန်အားဖြစ်စေမယ့် သီချင်းလေးတွေပါပါတယ်၊ သီချင်းလေးတွေကို ညီမအသံနဲ့ လိုက်ဖက်မယ့် ပုံစံလေးတွေပဲ ရွေးပြီးဆိုထားပါတယ်၊ ပရိသတ်အနေနဲ့လည်း ညီမသီချင်းလေးတွေ နားထောင်လိုက်တာနဲ့ ပိုးမီဆိုတာကို ပရိသတ်သိနိုင်ပါတယ်" ဟု ပြောသည်။

သူ့အနေဖြင့် သီချင်းတွေကို ကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်ဖန်တီးရေးသားထားပြီး သီချင်းရေးသားမှုအပိုင်းနှင့်ပတ်သက်ပြီး "ညီမ ရေးထားတာက ဒီအခွေမှာ ငါးပုဒ်ပါတယ်၊ အကြောင်းအရာတွေကတော့ အစုံပါတယ်၊ အထူးသဖြင့် ညီမရဲ့ပတ်ဝန်းကျင်က သူငယ်ချင်းတွေရဲ့ခံစားချက်တွေကို ညီမက ကိုယ်တိုင်ခံစားပြီး ရေးပေးထားပါတယ်၊ ကိုယ်ကိုယ်တိုင်ခံစားရပြီး ရေးထားတဲ့ သီချင်းလေးတွေလည်းပါတာပေါ့၊ ညီမက အဆွေးသီချင်းရေး ရတာပိုပြီး အားသန်တဲ့သူမို့ အဆွေးသီချင်းလေးတွေပါတယ်၊ ဘဝမှာ ပျော်ပျော်နေတတ်ဖို့အတွက် ရည်ညွှန်းပြီးရေးထားတဲ့ သီချင်းလေးတွေပါတယ်၊ အမှတ်တရဖြစ်စေမယ့် သီချင်းလေးတစ်ပုဒ်ပါပါတယ်၊




"အလိုက်တသိ" ဆိုတဲ့ သီချင်းလေးပြန်ထည့်ထားတယ်၊ ညီမ ပြိုင်ပွဲစပြိုင်ကတည်းက အားလုံး ကြိုက်နှစ်သက်ပြီး အားပေးလက်ခံကြတဲ့ သီချင်းလေးမို့ ဒါလေးကို ပြန်ထည့်ထားပါတယ်"ဟု ပြောသည်။

သီချင်းပုံစံလေးတွေ အားလုံးကိုပုံစံခွဲထွက်ပြီး ရေးသားဖန်တီးထားသလို ကိုယ်တိုင်ရေးထားသော ကိုယ်ပိုင်သံစဉ်သီချင်းများနှင့် ကော်ပီသီချင်းအချို့ပါဝင်ကြောင်း၊ ပရိသတ်ရင်ဘတ်နှင့် ပိုးမီရင်ဘတ်တိုက်ရိုက်အချိုးကြရန် မျှော်မှန်းထားပြီး တေးသီချင်းများကို တေးရေးမေသော်နှင့် ပိုးမီးတို့က ရေးသားထားကြောင်း သိရသည်။

အဆိုတော်ပိုးမီအနေဖြင့် ယခုကဲ့သို့ အဆိုတော်တစ်ယောက် အဖြစ်ကို မခံယူခင်ဘဝ၏ လောကဓံရိုက်ခတ်မှုဒဏ်တွေကို ကြံ့ကြံ့ခံခဲ့ရပြီး ဝမ်းရေး အတွက် ကြိုးစားရုန်းကန်ခဲ့ရသည်များကို ယခုလို ဖွင့်ဟပြောကြားခဲ့သည်။ "ညီမ မိသားစုပေါ့၊ ညီမက မိသားစုထဲမှာ အကြီးဆုံးသမီးကြီးပါ၊ မိသားစုတာဝန်တွေကို ခဏမေ့ထားပြီး သီချင်းပြိုင်ပွဲကို ဝင်ပြိုင်ခဲ့ပါတယ်၊ အမေ့ကို ကတိတစ်ခုပေးခဲ့တယ်၊ အမေ သမီးဒီပြိုင်ပွဲကို အကောင်းဆုံးယှဉ် ပြိုင်မယ်၊ သမီးတို့မိသားစုဘဝအတွက် သမီး ရုန်းကန်မယ်၊ အမေက ဘာတစ်ခုမှ မတွေးခိုင်းဘဲ ပြိုင်ပွဲကိုပဲ အာရုံစိုက်စေခဲ့တယ်၊ ညီမက ငယ်ငယ်က အလွန်ဆိုးခဲ့တယ်၊ ဖေဖေ ဆုံးပါးသွားတဲ့ အခါ အကြီးတစ်ယောက်ဆိုတဲ့စိတ်က အလိုလို ဝင်လာတယ်၊ ကိုယ့်မိဘ မျက်နှာမြင်ရတဲ့အခါ ညီမအလုပ်တွေ ကြိုးစားလုပ်ခဲ့တယ်၊ ပြည်ပမှာလည်း အလုပ်ထွက်လုပ်ခဲ့တယ်၊ Nplus လောကမှာလည်း သီချင်းတွေဆိုပြီး ရုန်းကန်ခဲ့ရတယ်၊ အဲ့အချိန်မှာ ဘာကို တွေးမိလဲဆို ငါဒီထက်ပိုကြိုးစားပြီး လူသိတဲ့အဆိုရှင်အဖြစ်ခံယူရင်း မိသားစုကို ပိုကြည့်နိုင်မယ်ပေါ့၊ အဲ့စိတ်နဲ့ ပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်ခဲ့တာပါ"ဟု ပြောကြားသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၀ ပုဒ်ပါဝင်ပြီး အခွေထွက်ရှိခြင်း အမှတ်တရအနေဖြင့် ပရိမိုးရှင်းပွဲပြုလုပ်မည်ဟု သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### လိင်ပိုင်းဆိုင်ရာကျူးလွန်မှုကို ဆန့်ကျင်သည့်လှုပ်ရှားမှုအဖွဲ့သို့ အီမာဝပ်ဆန် ပေါင်တစ်သန်းလှူဒါန်း



ဟယ်ရီပေါ်တာ မင်းသမီး အီမာဝပ်ဆန်ဟာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုကို ဆန့်ကျင် သည့် လှုပ် ရှား မှု အ ဖွဲ့ သို့ ပေါင် တစ် သန်း လှူ ဒါန်း ခဲ့ ပါ တယ်။ လုပ်ငန်း ခွင်မှာ အမျိုးသမီး တွေ နှောင့်ယှက်ခံရတာကို တားဆီးဖို့အတွက် လှုပ်ရှားမှုအသစ်တွေပြုလုပ်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက်ရည်ရွယ်ပြီး လှူဒါန်းမှုပြုလုပ်ခဲ့တာပဲ ဖြစ်တယ်။ ဗြိတိန်နဲ့ အိုင်းရစ်အမျိုးသမီး အနုပညာရှင်တွေဟာ သူတို့ရဲ့လုပ်ငန်းခွင်မှာသာတူညီမျှမှုမရှိမှု၊ နှောင့်ယှက်ခံရမှုတို့ကို ရပ်တန့်ပေးဖို့အတွက် အိတ်ဖွင့်စာပေးရာမှာ အယောက်နှစ်ရာခန့်က သဘောတူလက်မှတ်ရေး ထိုးခဲ့ကြပါတယ်။ ဗြိတိန်နာမည်ကျော် သရုပ်ဆောင်တွေဖြစ်ကြတဲ့ အီမာသွန်ပဆင်၊ ကီယာနိုက်တလေ၊ အီမာဝပ်ဆန်တို့ဟာလည်း ဒီသဘောတူညီမှုမှာ ပါဝင်လက်မှတ်ထိုးတဲ့သူတွေထဲမှာ ပါပါတယ်။

လွန်ခဲ့တဲ့သီတင်းပတ်က လန်ဒန်မြို့မှာ ကျင်းပခဲ့တဲ့ ဘတ်ဖ်တာ ရုပ်ရှင်ဆုချီးမြှင့်ပွဲမှာလည်း ရုပ်ရှင်သရုပ်ဆောင်တွေဟာ ဒီကိစ္စကို ပိုမိုမီးမောင်းထိုးပြတဲ့အနေနဲ့ အနက်ရောင်ဝတ်စုံတွေဝတ်ပြီး ပွဲတက်လာကြတာကို တွေ့ရပါတယ်။ ရုပ်ရှင်ပရိုဂျူဆာ ဟာဗေးဝင်စတိန်းရဲ့အပေါ်စွပ်စွဲမှုတွေ ပေါ်ပေါက်လာပြီးတဲ့နောက် ဟောလိဝုဒ်မှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုတွေကို လူသိများလာခဲ့ပါတယ်။

အီမာဝပ်ဆန်ကတော့ ဗြိတိန်ရဲ့အမှန်တရားနဲ့ သာတူညီမျှရေး ရန်ပုံငွေအဖွဲ့ကို ပထမဦးဆုံးလှူဒါန်းသူလည်း ဖြစ်တယ်။ ဒီအဖွဲ့မှာ အမျိုးသမီးပေါင်း ၁၉၀ ခန့် ပါဝင်လက်မှတ်ရေးထိုးထားပြီး ဒီအဖွဲ့မှာပါဝင်တဲ့ လူတွေကတော့ ကျောင်းသား၊ တက်ကြွလှုပ်ရှားသူ၊ ပရဟိတသမားတွေ ပါဝင်ကြပါတယ်။ **ဘီဘီစီ**

ချေး

..................................

### လမ်းခွဲတော့မှာလားဆိုတဲ့ ကောလာဟလတွေနဲ့ ရင်ဆိုင်နေရတဲ့ လီယန်ပိန်းတို့စုံတွဲ



One Direction အဖွဲ့သားဟောင်းလီယန်ပိန်းဟာ Vogue ဖက်ရှင်နဲ့ ရုပ်ရှင်ပါတီပွဲကို တစ်ယောက်တည်း တက်ရောက် လာတာကို တွေ့ရပါတယ်။ လီယန်ပိန်းဟာ သူနဲ့သူ့ချစ်သူချယ်ရီ တို့ ဆက်ဆံရေးအဆင်မပြေကြဘူးဆိုပြီး အသံတွေထွက်ပေါ်နေတဲ့အချိန် အခုလိုတစ်ယောက်တည်းပွဲတက်လာတာဟာ သူတို့နှစ်ဦးတကယ်ပဲ ပြတ်စဲကြတော့မှာလား ဆိုတဲ့အသံတွေပိုမိုဆူညံစေခဲ့ပါတယ်။ မမနဲ့မောင်လေးလို့ တင်စားရမယ့် ချယ်ရီနဲ့ လီယန်ပိန်းတို့စုံတွဲမှာ အသက် ၁၁ လ အရွယ်ကလေး တစ်ဦးလည်းရှိပါတယ်။ ညစာစားပွဲကို စုံတွဲခုတ်မလာဘဲ တစ်ယောက်တည်းတက် ရောက်လာတဲ့ လီယန်ပိန်းဟာ ဒီပွဲမှာစူပါမော်ဒယ်တွေနဲ့ ရောနှောကာပွဲတက်ခဲ့ပါတယ်။ စူပါမော်ဒယ်တွေဖြစ်တဲ့ ကိတ်မော့စ်၊ နာအိုမီကင်းဘဲတို့လည်း ဒီပွဲကို တက်ရောက်လာတာကို တွေ့ရပါတယ်။

လီယန်ပိန်းဟာ သူနဲ့ချယ်ရီတို့ရဲ့ အနာဂတ်ကို အဆုံးအဖြတ်ပေးဖို့ရာ တရားဥပဒေဆိုင်ရာ အကြံဉာဏ်တွေလည်း တောင်းခံထားတယ်လို့သတင်းတွေထွက်ပေါ်နေပါတယ်။ ကာယကံရှင်နှစ်ဦးလုံးကတော့ ဒီသတင်းတွေနဲ့ပတ်သက်ပြီး ဘာမှမပြောပဲရေငုံနှုတ်ပိတ်နေပါတယ်။ သူတို့နှစ်ဦးစလုံးရဲ့ပရိသတ်တွေကလည်း ဒီသတင်းတွေကိုမယုံကြပါဘူး။ ဗာလင်တိုင်းဒေးတုန်းကလည်း လီယန်းပိန်းက တွစ်တာမှာချယ်ရီကိုရည်ရွယ်ပြီး ချစ်စရာကောင်းတဲ့ ပို့စ်တစ်ခု တင်ခဲ့ပါသေးတယ်။

၂၀၁၅ ခုနှစ်ကစပြီး လက်တွဲခဲ့တဲ့ဒီစုံတွဲဟာ သူတို့ရဲ့ ပုဂ္ဂိုလ်ရေးရာကိစ္စတွေကို လူသိရှင်ကြားထုတ်ဖော်တာမျိုးလုပ်လေ့လုပ်ထ မရှိပါဘူး။ **ဟယ်လို**

ချေး

# ငြိမ်းချမ်းခြင်းအရသာပါတကား

**ကြီးမြင့်နိုင်(လွိုင်ကော်)**




ကျွန်တော်၏ နိုင်ငံ့ဝန်ထမ်းဘဝစတင်ရောက်ရှိ တာဝန်ထမ်းဆောင်ရာနေရာဒေသမှာ ကယားပြည်နယ် ရှားတောမြို့ဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် အလုပ်စတင်ဝင်ရောက်ကာ သုံးနှစ်ခန့်ကြာရှားတောမြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အခြားဒေသသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။ ယခုအခါ ရှားတောမြို့နယ်သို့ ရာထူးတိုးဖြင့်ပြန်လည် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရရှိပြန်သည်။ ယခုအခါရှားတောမြို့သည် ယခင်ကနှင့်မတူ များစွာဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေပြီဖြစ်သည်။

ရှားတောမြို့သည် ကယားပြည်နယ်၏ မြို့တော်လွိုင်ကော်မြို့၏ အရှေ့ဘက်မိုင် ၄၀ အကွာတွင် တည်ရှိသည်။ ယခင်က သွားလာရေးခက်ခဲခဲ့သည်။ ကားတစ်တန်၊ ခြေကျင်တစ်တန်သွားလာရသည်။ လွိုင်ကော်မြို့မှ ပွန်ချောင်းကျေးရွာအထိ နေ့စဉ်လိုင်းကားတစ်စီးရှိပြီး ပွန်ချောင်းကျေးရွာမှ ရှားတောမြို့အထိ တောင်တက်ခရီးကို ခြေကျင်လျှောက်ခဲ့ရသည်။ ထိုစဉ်က လွိုင်ကော်မြို့မှ ပွန်ချောင်းကျေးရွာအထိ မော်တော်ကားလမ်းမှာလည်း ကျောက်ကြမ်းလမ်းမျှသာဖြစ်၍ မော်တော်ကားကို ဖြည်းဖြည်းချင်းမောင်းနှင်ရပေရာ ခရီးမတွင်အလွန်ပင်ဖင့်နွှေးကြန့်ကြာခဲ့ရသည်။ သို့ဖြစ်၍ မိုင် ၄၀ မျှခရီးဖြစ်သော်လည်း တစ်နေကုန်ခရီးသွားလာခဲ့ကြရသည်။ တစ်ခါတစ်ရံ အကြောင်းအမျိုးမျိုးကြောင့်လမ်းတွင် ညအိပ်ခဲ့ရသည့်အခါများလည်းရှိခဲ့သည်။ ယခုအခါ အဆိုပါလမ်းသည် ကတ္တရာလမ်းအဖြစ် ပြောင်းလဲနေခဲ့ပြီးခရီးသည်တင်ယာဉ်များ နေ့စဉ်ပြေးဆွဲလျက်ရှိကာ နှစ်နာရီကြာမျှသာ မောင်းနှင်ရ တော့သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းအပေါ် ဒေသခံများက ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။

ထို့အပြင် အခြားသောကဏ္ဍများမှ ဖွံ့ဖြိုးတိုးတက်မှုများလည်း ရှိသေးသည်။ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေခြင်း၊ တယ်လီဖုန်း၊ အင်တာနက်အသုံးပြုနိုင်ခြင်းတို့သည် ယခင်ကဒေသခံများ အိပ်မက်မျှပင်မမက်ဖူးသော အခြေအနေမျိုးဖြစ်သည်။ မြို့တွင်းလမ်းများ ကတ္တရာလမ်းဖြစ်လာသည်။ လူနေအိမ်များ သစ်လွင်တောက်ပလာသည်။ ရေနုတ်မြောင်းတွေ စနစ်တကျဖြစ်လာသည်။ မြို့ရေပေးဝေရေးလုပ်ငန်းစနစ်တကျဖြစ်လာသည်။ ယခင်က ဒေသခံများ၏ နေအိမ်များကို ငှားရမ်းပြီး ရုံးအဖြစ်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရသော ဌာနဆိုင်ရာရုံးများသည် ယခုအခါ သီးခြားဌာနဆိုင်ရာ ရုံးအဆောက်အအုံသစ်များဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးနေကြပြီဖြစ်သည်။ အထပ်မြင့်စုပေါင်းဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးထားသဖြင့် နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေး အဆင်ပြေနေကြပြီဖြစ်သည်။ ယခင်က ဒေသခံများအတွင်း ဘွဲ့ရပညာတတ်မရှိသလောက်နည်းပါးခဲ့သဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းအများစုမှာ အခြားဒေသမှ ပြောင်းရွှေ့လာရောက်ကာ တာဝန်ထမ်းဆောင်သူများဖြစ်ကြပြီး ဒေသခံများမှာ ရုံးအကူ၊ ညစောင့်ရာထူး တာဝန်များတွင်သာ တာဝန်ထမ်းဆောင်နိုင်ခဲ့ကြသည်။ ယခုအခါ ဒေသခံများအတွင်း ဘွဲ့ရပညာတတ်သူ တိုးပွားလာပြီး စာရေးရာထူးမှ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲတာဝန်အထိ တာဝန်ထမ်းဆောင်သူဒေသခံများ ပေါ်ထွက်လာကြပြီဖြစ်သည်။ မိမိတို့ဒေသအကျိုးကို မိမိတို့ကိုယ်တိုင်ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။ ဝမ်းမြောက်ဖွယ်ပင်။

ရှားတောမြို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယခင်က အခြေအနေနှင့် နှိုင်းစာလျှင် အံ့မခန်းဖွံ့ဖြိုးတိုးတက်မှုဟုစာရေးသူက တင်စားပြောဆိုလိုပါသည်။ များမကြာမီကာလတွင် သံလွင်မြစ်ကူးတံတားကြီးတည်ဆောက်ကာ ထိုင်းနိုင်ငံနယ်စပ်အထိ လမ်းဖောက်လုပ်သွားရန်အခြေအနေရှိ၍ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်မှ တစ်ထောက်နားရာ ရှားတောမြို့သည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပေလိမ့်မည်။

ယခင်က နေအိမ်မှ တောင်ယာစိုက်ခင်းသို့ သွားရာလမ်းတစ်လျှောက်၊ တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာရာလမ်းတစ်လျှောက်၊ မြို့နှင့်ကျေးရွာ ကူးသန်းသွားလာရာ လမ်းတစ်လျှောက်စိုးရိမ်စိတ်ဖြင့် သွားလာခဲ့ရ၍ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခြင်းမရှိခဲ့သောဒေသသည် ယခုအခါ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုကို မျက်ဝါးထင်ထင်မြင်ကြရပြီ။ ဤကားငြိမ်းချမ်းခြင်းအရသာပင်တည်း။ အထက်ဖော်ပြပါဖွံ့ဖြိုးတိုးတက်မှုတို့သည်အိပ်မက်မဟုတ်တာသေချာပါသတည်း။ ။



မော်လမြိုင်ကျွန်းမြို့မုဒိတာပရဟိတ အကျိုးဆောင်လူငယ်အဖွဲ့မှ ကြီးမှူး၍ အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၈၀ ကျော်ဖြင့် စုစည်းကျင်းပသော စတုတ္ထအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုပွဲနှင့် အထူးဆွမ်းလောင်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က မော်လမြိုင်ကျွန်းမြို့ ရွှေပြည်အေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပစဉ်။

မော်ကျွန်း-မြင့်အောင်

### မူခင်းအသိပညာပေးဟောပြော

**မော်လမြိုင် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး မြင့်ဌေးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီလဒုတိယပတ်က မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရပ်ကွက် စက်မှုဇုန်စစ်ဆေးရေးဂိတ်အနီး မွန်ပြည်နယ်မော်လမြိုင်မှ ကရင်ပြည်နယ်သွားကားလမ်းဘေးတွင် မူခင်းအသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မွန်ပြည်နယ်အကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးထွန်းနိုင်ဦးက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးအကြောင်းကို လည်းကောင်း၊ စက်မှုဇုန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ရဲအောင်က အမှုကြီးမဖြစ်ပွားစေရေးနှင့် ခိုးမှုများမဖြစ်ပွားစေရေးအကြောင်းအားလည်းကောင်း၊ မွန်ပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့စု(၇၇) မော်လမြိုင်ရဲအုပ် ဇော်ဇော်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ လိုက်နာရန်စည်းကမ်းချက်များကို လည်းကောင်း၊ အသီးသီး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ပခုက္ကူမြို့၌ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair 2018) ပြသ

**ပခုက္ကူ ဖေဖော်ဝါရီ ၂၀**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းမှ လူငယ်များ အပါအဝင် ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair 2018) ကို ဖေဖော်ဝါရီ ၁၈ ရက်က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်အကိုင်ပြပွဲ ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင်က အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးတို့က ပြပွဲကို ဖွင့်လှစ်ကာ အလုပ်အကိုင်အခွင့်အလမ်း ပြသထားမှုများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

အဆိုပါအလုပ်အကိုင်ပြပွဲ ကျင်းပခြင်းဖြင့် အလုပ်အကိုင်နေရာကောင်း ဖန်တီးပေးနိုင်သော လုပ်ငန်းများနှင့် အလုပ်အကိုင်ကောင်းများရရှိရန် ရှာဖွေနေသော အရည်အချင်းရှိ လူငယ်များကို တစ်နေရာတည်းတွင် တိုက်ရိုက်တွေ့ဆုံပေးကာ အချိန်ကုန်ငွေကုန်သက်သာစွာဖြင့် အလုပ်ရရှိနိုင်စေရန် ရည်ရွယ်ပြီး ပြပွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန အနေဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်အကိုင် နေရာချထားရေး၊ လုပ်သားများအား ကျွမ်းကျင်မှုလေ့ကျင့်ပေးရေး၊ ဥပဒေပါအကျိုးခံစားခွင့်များ ရရှိစေရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းစေရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသာမက အလုပ်သမားရုံး ဖွင့်လှစ်ခြင်းမရှိသေးသော နယ်မြေဒေသများတွင် Mobile Team ဖြင့်ကွင်းဆင်း၍ အလုပ်သမားမှတ်ပုံတင် ပြုလုပ်ခြင်းကိုလည်း ဆောင်ရွက်ပေးနေကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများကို ဝင်ရောက်ကြည့်ရှုနိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုကိုလည်း လွှင့်တင်ပေးထားကြောင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများမှာ ပွဲစားများ၏ လိမ်လည်ခြင်း ခေါင်းပုံဖြတ်ခြင်းကို ခံနေရခြင်းများရှိသဖြင့် ယခုပြပွဲတွင် ပြည်ပအေဂျင်စီများကိုလည်း ဖိတ်ခေါ်ထားကြောင်း ညွှန်ကြားရေးမှူးကပြောသည်။



ပြပွဲသို့ လာရောက်လေ့လာသူ ပခုက္ကူမြို့ Action Aid Myanmar မှ စီမံချက်တာဝန်ခံ ဒေါ်နွယ်နွယ်လှိုင်က ယခုလို အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ပြုလုပ်ပေးခြင်းကြောင့် လူငယ်များအနေဖြင့် ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်း များစွာထဲမှ မိမိလုပ်ကိုင်ချင်သော အလုပ်အကိုင်ကို ရွေးချယ်ပြီး တစ်နေရာတည်းတွင် လျှောက်ထားနိုင်ကြောင်း၊ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသည့် ပွဲတစ်ခုဖြစ်ကြောင်း ပြောသည်။

အလုပ်အကိုင်ပြပွဲတွင် ပြည်တွင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီများ၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့်အတူ ဝန်ထမ်းလိုအပ်သော ဝန်ဆောင်မှုကုမ္ပဏီများ၊ ထုတ်လုပ်မှုကုမ္ပဏီများ၊ စက်ရုံများလည်း ပါဝင်ပြသပြီး လိုအပ်သောဝန်ထမ်းများ ခေါ်ယူခဲ့ကြသည်ကို တွေ့ရသည်။

**ဆလိုင်းကိုကီး**

# ပခန်းပွဲ(ခေါ်) ကိုကြီးကျော်ပွဲ ရေစကြိုမြို့၌ စည်ကားစွာကျင်းပလျက်ရှိ

**ရေစကြို ဖေဖော်ဝါရီ ၂၀**
မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသော နတ်ပွဲတစ်ခုဖြစ်သည့် ပခန်းပွဲ(ခေါ်) ကိုကြီးကျော်ပွဲ(ခေါ်)ရွှေကူနီပွဲကို ပခုက္ကူခရိုင် ရေစကြိုမြို့နယ် နန်းဦးကျေးရွာအုပ်စု ကူနီကျေးရွာရှိ ကိုကြီးကျော်နတ်နန်းရှိရာ နေရာတွင် တပေါင်းလဆန်း ၁ရက်မှစတင်ကာ တပေါင်းလပြည့်နေ့အထိ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနယ်နယ် အရပ်ရပ်မှ ယုံကြည်ကိုးကွယ်သော ပွဲလာသူများဖြင့် စည်ကားလျက်ရှိသည်ဟု သိရသည်။



အဆိုပါ ကိုကြီးကျော်ပွဲကို တပေါင်းလဆန်း ၁ ရက်မှ စတင်ကျင်းပကာ တပေါင်းလဆန်း ၃ ရက်နေ့ကို ချိုးရေတော်သုံးသောနေ့၊ လဆန်း ၄ရက်ကို ရွှေဘုံဆင်းခေါ်ရွှေချနေ့၊ လဆန်း ၅၊ ၆၊ ၇၊ ၈ ရက်များကို နတ်ချော့ကြသည့်နေ့၊ လဆန်း ၉ ရက်ကို ကြက်တိုက်နေ့၊ လဆန်း ၁၀ရက်ကို နတ်ချော့နေ့၊ လဆန်း ၁၁ရက်ကို တောင်ပြုံးမင်းနှစ်ပါး ကြိုဆိုသောနေ့၊ လဆန်း ၁၂ ရက်ကို နောင်တော်ကြီး နန်းတက်သောနေ့၊ လဆန်း ၁၃ ရက်ကို ရွှေကိုင်းမယ်တော်ကြီး လာသောနေ့၊ လပြည့်နေ့ကို ဆွမ်းတော်ကြီးလောင်းပွဲနေ့ဟူ၍ နှစ်စဉ်ကျင်းပလေ့ရှိသည်။

ပခန်းပွဲ(ခေါ်) ကိုကြီးကျော်ပွဲသို့ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ယုံကြည်ကိုးကွယ်သူများ လာရောက်ကြရာ ပွဲရက်များအတွင်း နတ်ပွဲလာသူ စုစုပေါင်း ၁၀ သိန်းကျော်ခန့် လာလေ့ရှိကြသည်ဟု သိရပြီး လဆန်း ၁၁ ရက်မှ ၁၃ ရက်အထိသည် အစည်ကားဆုံးရက်များ ဖြစ်ကြောင်း သိရသည်။

**အိမ့်နှင်းဆွေ(ရေစကြို)**

# ဦးပိန်တံတားပေါ်ရှိ ဆိုင်ခန်းများ ဖယ်ရှားရေး စိစစ်သုံးသပ်ချက်များ အမြန်ဆုံးတင်ပြရန် ညွှန်ကြား

**မန္တလေး ဖေဖော်ဝါရီ ၂၀**
တောင်သမန်အင်းပတ်ဝန်းကျင်နှင့် ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများအား ဖယ်ရှားရှင်းလင်းရေးအတွက် စိစစ်သုံးသပ်ချက်များ ပြုလုပ်၍ တိုင်းဒေသကြီးအစိုးရထံ တင်ပြသွားရန် ညွှန်ကြားထားကြောင်း တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ် (ခ) ဦးပါလေးက ပြောသည်။

အဆိုပါ ဆိုင်ခန်းများ ဖယ်ရှားရှင်းလင်းရေးအတွက် ဦးပိန်တံတားကြီးကြပ်မှုကော်မတီနှင့် တောင်သမန်အင်း လေ့လာစောင့်ကြည့်ရေးကော်မတီတို့ ဖေဖော်ဝါရီ ၁၇ ရက်က ညှိနှိုင်းဆွေးနွေးခဲ့ပြီး တောင်သမန်အင်း ပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးက လည်းကောင်း၊ ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့်ဆိုင်ခန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးကလည်းကောင်း စိစစ်၍ သုံးသပ်ချက်များနှင့်အတူ မည်သို့ဆောင်ရွက်သွားမည်ဆိုသည့် နည်းလမ်းများကိုပါ တိုင်းဒေသကြီးအစိုးရထံသို့ တင်ပြရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

"တောင်သမန်အင်းနဲ့ ဦးပိန်တံတားဆိုတာ မြန်မာနိုင်ငံရဲ့ အမှတ်တံဆိပ်တစ်ခုဖြစ်သလို မန္တလေးမြို့တော်ရဲ့ သမိုင်းပြယုဂ်တစ်ခုပါ၊ အခုဆိုရင် အင်းပတ်လည်မှာ ကျူးတွေက လက်လွတ်စပယ်ကို လာဆောက်နေကြတယ်၊ ဒါတွေကြောင့် တံတားရဲ့ မြင်ကွင်းကို ပျက်စေတယ်၊ တံတားပေါ်က ဆိုင်တွေကြောင့် လမ်းကိုကျဉ်းသွားစေတယ်၊ ဒါကြောင့် ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရက တာဝန်ယူဆောင်ရွက်ရတော့မယ်၊ သူတို့က ဆိုင်တစ်ခုချင်းရဲ့ အတိုင်းအတာနဲ့ ဘယ်သူက ဖွင့်ခိုင်းတာလဲဆိုတဲ့ စိစစ်သုံးသပ်ချက်နဲ့အတူ ဘယ်လိုဖြေရှင်းမလဲဆိုတာပါထည့်ပြီး အမြန်ဆုံး အစိုးရအဖွဲ့ကို တင်ပြရမယ်၊ စိစစ်သုံးသပ်တဲ့အဖွဲ့ထဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မြို့မိမြို့ဖတွေလည်း ပါပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် တောင်သမန်အင်း ပတ်ဝန်းကျင်နှင့် ဦးပိန်တံတားကြီးပေါ်တွင် ဆိုင်ခန်းများ ဖွင့်လှစ်ထားမှု တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာပြီး တံတားအဝင်ထိပ်မှ တိုင်အမှတ် ၂၅ အတွင်း ပျံကျဆိုင်ခန်းပေါင်း ၃၀ ခန့် ဖွင့်လှစ်ထားကြောင်း သိရသည်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားကြီး သန့်ရှင်းသာယာလှပရေးအတွက် ကော်မတီများ ဖွဲ့စည်းထားရာ ဦးပိန်တံတား ကြီးကြပ်မှုကော်မတီတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ် (ခ) ဦးပါလေးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး တောင်သမန်အင်း လေ့လာစောင့်ကြည့်ရေးကော်မတီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သတင်းတိုများ

### ယုဇနဉယျာဉ်မြို့တော်တွင် စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ယုဇနဉယျာဉ်မြို့တော် စာပေချစ်သူများပူးပေါင်း၍ စာပေဟောပြောပွဲကို အမှတ် ၉၄ ရပ်ကွက် မြသီတာလမ်း၌ ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းက ကျင်းပခဲ့သည်။

စာပေဟောပြောပွဲတွင် ကိုဂျင်မီ(၈၈မျိုးဆက်)က "ပညာတန်ခိုးနှင့် ပရဟိတလူမျိုး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အကယ်ဒမီ ဇေလုဝက "မြန်မာပြည်နိဒါန်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ မသီတာ(စမ်းချောင်း)က "လွတ်လပ်ရဲပါစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲကို မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ယုဇနဉယျာဉ်မြို့တော် စာပေချစ်သူများပူးပေါင်း၍ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကာ စာပေဟောပြောပွဲသို့ အမှတ်(၉၄)ရပ်ကွက်နေ ပြည်သူများ အပါအဝင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ စာပေချစ်သူများ လာရောက်နားထောင်ခဲ့ကြသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

### ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် လွယ်ကန်ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ အလုပ်အမှုဆောင် ဦးသိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီလ တတိယပတ်အတွင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် ၅ ဒသမ ၅ သန်းဖြင့် ရေတားတမံ ဆောက်လုပ်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆန့် ရေလှောင်ကန် ဒုတိယအကြိမ် မွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေ လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

### ချင်းအမျိုးသားနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲ ဟားခါး၌ ကျင်းပ

နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲအဖြစ် မီနီမာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ နံနက် ၆ နာရီခွဲက ဟားခါးမြို့ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ မီနီမာရသွန်ပြိုင်ပွဲတွင် အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇိုပါမောင်က သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးကာ ပြိုင်ပွဲဝင်များသည် အားကစားကွင်းမှ ဗိုလ်ချုပ်လမ်းအတိုင်း ဟားခါး- ထန်တလန် လမ်းခွဲအထိပြေး၍ ယင်းမှတစ်ဆင့် အားကစားကွင်း၌ ပြန်လည်ပန်းဝင်ကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးစောနေမင်းထွန်းနှင့် တာဝန်ရှိသူများက ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ် ၇၅၀၀၀ နှင့် တတိယဆု ကျပ် ၅၀၀၀၀ တို့ကို ဆုရသူများထံသို့လည်းကောင်း၊ နှစ်သိမ့် ဆုရသူ ၁၀ ဦးအား ကျပ်နှစ်သောင်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

### ငှက်ဖျားရောဂါကင်းဝေးရေးစီမံချက် မြို့နယ်အဆင့်ဆွေးနွေးပွဲပြုလုပ်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် URC Defeat Malaria တို့ ပူးပေါင်းဆောင်ရွက်သည့် ငှက်ဖျားရောဂါ ကင်းဝေးရေးစီမံချက်ဆိုင်ရာ မြို့နယ်အဆင့် လုပ်ငန်းအသိပေး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာစန်းလွင်က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စံကျော့ခိုင်က ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများ၊ ကာကွယ်ခြင်း၊ ကုသခြင်းဆိုင်ရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကချင်ပြည်နယ် ဗန်းမော်မြို့ ဗန်းမော်အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်း၍ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ဆောင်ရွက်ပေးနေစဉ်။ (စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ စုစုပေါင်း အင်အား ၇၀ ခန့် ပါဝင်ဆောင်ရွက်ပေးခဲ့သည်။)**

ခရိုင်(ပြန်/ဆက်)

# သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ကြီးလေးသောပြစ်ဒဏ်ပေးရေး ကမ်ပိန်းပြုလုပ်မည်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

သက်ငယ်မုဒိမ်းမှုများ ပပျောက်စေရန်အတွက် ပြစ်မှုကျူးလွန်သူများအား ကြီးလေးသောပြစ်ဒဏ် သတ်မှတ်ရေး လူထုအသိပညာပေးကမ်ပိန်းကို မန္တလေးအခြေစိုက် ပရဟိတအဖွဲ့များ ပူးပေါင်း၍ မန္တလေးမြို့၌ ဖေဖော်ဝါရီ ၂၃၊ ၂၄ နှင့် ၂၅ရက်များတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့များမှ သိရသည်။

"ကျွန်တော်တို့က ပြစ်ဒဏ်ပေါ့လျော့တာကို ကြီးလေးအောင် တွန်းအားပေးတဲ့အနေနဲ့ရော၊ မိဘတွေကိုလည်း သတိထားအောင် ပညာပေးဖို့အတွက်ရော ပြုလုပ်တာပါ"ဟု အွန်လိုင်းပရဟိတဖမ်မလီအဖွဲ့မှ ကိုဟန်ဇော်က ပြောသည်။

One To One ပရဟိတအဖွဲ့မှ ကိုဝမ်းကလည်း "ပြစ်မှုကျူးလွန်သူတွေကို သေဒဏ်ပေးမယ်ဆိုရင်လည်း ကလေးတွေကို သတ်ပစ်တဲ့အထိ ဖြစ်သွားနိုင်တယ်လို့ ဥပဒေပညာရှင်တွေက ထောက်ပြကြတယ်၊ မှုခင်းမဖြစ်အောင်လည်း အသိပညာပေးဖို့ ကြိုတင်ကာကွယ်ဖို့လိုတယ်"ဟု ပြောသည်။

လူထုအသိပညာပေး ကမ်ပိန်းကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်လုပ်ဆောင်မည်ဖြစ်ပြီး မန္တလေးမြို့၏ လူစည်ကားရာနေရာများဖြစ်သော ဦးပိန်တံတား၊ ဈေးချိုဒိုင်းမွန်းပလာဇာ၊ မင်္ဂလာမန္တလေးကျုံးဘေး၊ တိရစ္ဆာန်ဥယျာဉ်၊ မြို့တော်ဥယျာဉ် စသည့်နေရာတို့တွင် အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှသွားကြမည်ဖြစ်သည်။

ထို့နောက် ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မနော်ရမ္မ လူထုဟစ်တိုင်ကွင်း၌ ဓာတ်ပုံကမ်ပိန်းပြုလုပ်ခြင်း၊ သက်ငယ်မုဒိမ်းမှုများ ကာကွယ်ရေးအတွက် ဆောင်ရန် ရှောင်ရန်အချက်များ ပြသခြင်း၊ ဂရပ်ဖစ်တီရေးဆွဲခြင်းများ ပြုလုပ်ကြမည်ဖြစ်ပြီး ညှော့ပရိသတ်များအား မုန့်နှင့် အအေးများဖြင့် ကျွေးမွေးဧည့်ခံကြမည်ဖြစ်သည်။

သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ကြီးလေးသောပြစ်ဒဏ်ပေးရန်အတွက်လည်း ပြည်သူလူထုထံမှ လက်မှတ်များကို အဆိုပါသုံးရက်အတွင်း ကောက်ခံမည်ဖြစ်ပြီး လွှတ်တော်တွင် အရေးကြီးအဆို တင်သွင်းမေးမြန်းရန်အတွက်လည်း တိုင်းဒေသကြီးအစိုးရမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးငယ်များအား ခန္ဓာကိုယ်အတွက် ဆေးဝါးကုသမှုအပြင် စိတ်ဒဏ်ရာရရှိမှုကို ကုသပေးနိုင်ရန်အတွက်နှင့် ပတ်ဝန်းကျင်မှ ခွဲခြားဆက်ဆံမှု မရှိစေရေးအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများအား တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့နေ ပြည်သူများအနေဖြင့် အဆိုပါကမ်ပိန်းတွင် ပူးပေါင်းပါဝင်လိုလျှင်ဖြစ်စေ၊ ကူညီလှူဒါန်းလိုလျှင်ဖြစ်စေ ပရဟိတအဖွဲ့ဝင်များဖြစ်သော ကိုအောင်စိုးဦး ဖုန်း-၀၉-၇၉၇၂၂၈၆၅၄၊ ကိုဟန်ဇော် ၀၉-၂၀၁၃၉၅၇ နှင့် ကိုဝမ်း ၀၉-၄၅၆၅၆၇၈၇၈ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **အောင်စံမောင်**



# လောကမာရဇိန်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**သုံးခွ ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် ၁ ရပ်ကွက်နှင့် အမှတ် ၃ ရပ်ကွက်အတွင်းရှိ လောကမာရဇိန်ကျောင်းသစ် ကျောင်းတိုက် ပရိဝုဏ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကတည်းက စတင်တည်ထားကိုးကွယ်ခဲ့သော လောကမာရဇိန် ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်၌ ကျင်းပမည်ဟု သိရသည်။

လောကမာရဇိန်ကျောင်းသစ်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်၏ ဩဝါဒကိုခံယူ၍ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆွမ်းတော်ကြီးတင်လှူရန် လာရောက်ကြသူများ၊ ဘုရားဖူးများအား အလှူရှင်များက စတုဒိသာကျွေးကာ ဖေဖော်ဝါရီ ၂၅ ရက်တွင် သံဃာတော်များက ဦးဆောင်၍ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ပွဲ ကျင်းပပြီး ပင့်သံဃာ ၃၆ ပါးအား နေ့ဆွမ်းဆက်ကပ်မည်ဖြစ်ကြောင်း၊ ထို့နောက် သံဃာများအား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# ငါးဘွဲ့ရသာမဏေကျော်အား စလင်းမြို့၌ ဂုဏ်ပြုပူဇော်

**စလင်း ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ မြို့တောင်ပရိယတ္တိစာသင်တိုက်မှ ငါးဘွဲ့ရသာမဏေကျော် ရှင်အာစိဏ္ဏာလင်္ကာရအား ဂုဏ်ပြုမင်္ဂလာအခမ်းအနားကို အဆိုပါစာသင်တိုက် တရားဟောခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။ ထို့နောက် ငါးဘွဲ့ရ သာမဏေကျော်အား ကားဖြင့်ပင့်ဆောင်၍ မြို့တွင်းသို့ တခမ်းတနား လှည့်လည်အပူဇော်ခံရာ လမ်းတစ်လျှောက်တွင် မြို့နေပြည်သူအများအပြားက သာမဏေကျော်အား ဖူးမြော်ဂုဏ်ပြုခဲ့သည်။

အရှင်အာစိဏ္ဏာလင်္ကာရသည် သက်တော် ၁၇ နှစ်ရှိပြီး စလင်းမြို့အင်းတဲရွာဇာတိဖြစ်ကာ အင်းတဲဆရာတော် ဘဒ္ဒန္တတေဇဝန္တထံတွင် ပရိတ်ကြီး၊ ရှင်ကျင့်ဝတ် စသော အခြေခံဗုဒ္ဓစာပေများကို သင်ယူခဲ့သည်။ ထို့နောက် ၁၃၇၂ နှစ်တွင် ဇာတိရွာမှ စလင်းမြို့ ဈေးမရပ်ရှိ မြို့တောင်ပရိယတ္တိစာသင်တိုက်သို့ပြောင်းရွှေ့ပြီး မူကြို၊ မူလပထမငယ်စသော စာပေများကို မြို့တောင်ပရိယတ္တိစာသင်တိုက်ရှိ စာချဆရာတော်များထံမှ ဆက်လက်သင်ယူခဲ့သည်။ ထို့နောက် ၁၃၇၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်သို့ ပြောင်းရွှေ့၍ သာမဏေကျော်တန်းဆိုင်ရာ စာပေများကို ဆက်လက်သင်ယူခဲ့သည်။

ရှင်အာစိဏ္ဏာလင်္ကာရ အောင်မြင်ခဲ့သော စာမေးပွဲများမှာ (၁)အစိုးရပထမ ငယ်တန်း (၂)အစိုးရ ဝိနယဝိဒူတန်း (၃)မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနလင်္ကာရ သာမဏေကျော် (၄)သထုံ ရွှေပါရမီ ပရိယတ္တိ သာသနလင်္ကာရ သာမဏေကျော် (၅)ရန်ကုန်မြို့သာသနာ့ဝန်ဆောင် သာမဏေကျော် (၆)ရွာမပရိယတ္တိစာသင်တိုက် သဒ္ဓမ္မပါလဝံသ သာမဏေကျော် ဘွဲ့များဖြစ်သည်။

**စစ်ကြည်(စလင်း)**

# ပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး ပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မှုခင်းပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး ကွင်းဆင်းပညာပေးဟောပြောခြင်းကို တောင်ဥက္ကလာပမြို့နယ် ၄ ရပ်ကွက် နန္ဒဝန်ဈေးရှေ့၌ ဖေဖော်ဝါရီလ တတိယပတ်အတွင်းက ဆောင်ရွက်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်နှင့် အဖွဲ့ဝင်များ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက ပြည်သူများအား မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာများကို ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# မြင်းမူမြို့မဈေးမှ စားသောက်ကုန်များကို မိုဘိုင်းဓာတ်ခွဲခန်းဖြင့် ဓာတ်ခွဲစစ်ဆေး

**မြင်းမူ ဖေဖော်ဝါရီ ၂၀**

အများပြည်သူ ဝယ်ယူစားသုံးလျက်ရှိသော စားသောက်ကုန်ပစ္စည်းများတွင် ဓာတုဆေးဝါးများ ရောနှောကာ ရောင်းချခြင်းများ ရှိနေသောကြောင့် စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်ခြင်းများမှ ကာကွယ်နိုင်ရန်နှင့် စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့် ပိုင်ရှင်များအား အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဓာတ်ခွဲခန်းမော်တော်ယာဉ်(Mobile Lab)ဖြင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ မြင်းမူမြို့၌ ဖေဖော်ဝါရီ ၁၉ ရက်က ကွင်းဆင်း၍ စစ်ဆေးခဲ့သည်။




စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းတာဝန်ခံ ဒေါက်တာဒေါ်လဝင်းရွှေ ဦးစီးသော ဓာတ်ခွဲစစ်ဆေးရေးအဖွဲ့ဝင်များသည် မြင်းမူမြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင် ၃၄ ဆိုင်မှ လက်လုပ်ချဉ် ၆၂ မျိုးကို ဝယ်ယူကာ ဓာတ်ခွဲစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး ဓာတုဆေးဝါးများ ထည့်သွင်းအသုံးပြု ရောင်းချလျက်ရှိသော ဆိုင်ပိုင်ရှင်များအား ခေါ်ယူအသိပေးဆွေးနွေးခြင်းနှင့် နောက်နောင်တွင် ယခုကဲ့သို့ ရောင်းချခြင်းမပြုရန် ဝန်ခံကတိ လက်မှတ်ရေးထိုးစေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ စစ်ဆေးပြီးနောက် အသိပေး လက်မှတ်ထိုးစေခြင်းမှာ ပညာပေးခြင်းအဆင့်သာ ဆောင်ရွက်ခြင်းဖြစ်ပြီး နောက်တစ်ကြိမ် ယခုကဲ့သို့ စစ်ဆေးတွေ့ရှိပါက အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြင်းမူမြို့မဈေး၌ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းဦး၊ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ကေသီခိုင်၊ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူး စိုးမြင့်၊ ဈေးတာဝန်ခံ ဦးဇင်ကိုကိုလှိုင်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းကူညီခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ စစ်ဆေးရေး(Mobile Lab) အဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များသို့လည်း ဆက်လက်သွားရောက်ကာ ယခုလိုရှောင်တခင် ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

# စိုက်ပျိုးရေး ဆေးဝါး၊ မြေသြဇာနှင့် မျိုးစေ့ရောင်းချသည့် ဆိုင်ရှင်များအား အသိပညာပေး



**ကလေး ဖေဖော်ဝါရီ ၂၀**

ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ ဌာနဝန်ထမ်းများ၊ စိုက်ပျိုးရေးဆေး၊ မြေသြဇာနှင့် မျိုးစေ့အရောင်းဆိုင်ရှင်များနှင့် အခြားအဖွဲ့အစည်းများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ခရိုင်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ကြည်ဝင်းက မိတ်ဆက်စကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်ချိုချိုမာ၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်နှင့် တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်မြင့်မြင့်သန်းတို့က စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးသုံး ဆေးပစ္စည်းများအကြောင်းနှင့် ဓာတ်မြေသြဇာ သုံးစွဲမှု၊ ဖြန့်ဖြူးရောင်းချ သိုလှောင်ခြင်းများနှင့်ပတ်သက်သည့် နည်းဥပဒေများ စသည်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဂျူနိုင်း**

# ဘားအံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုများချီးမြှင့်

**ဘားအံ ဖေဖော်ဝါရီ ၂၀**

ဘားအံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘားအံတက္ကသိုလ် ဘူမိဗေဒအသင်းနှင့် ပထဝီအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် သင်္ချာအသင်းနှင့် သမိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ ထိုနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပကာ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမရရှိသော ပထဝီ အသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမရသော သင်္ချာအသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆု ငွေကျပ်နှစ်သိန်းကို ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းသန်းမြင့်က ပေးအပ်ချီးမြှင့်ပြီး ဒုတိယ၊ တတိယရရှိသော အသင်းများနှင့် အကောင်းဆုံးဆုရ ကစားသမားများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး ဘားအံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ အမျိုးသား ၁၂ သင်း၊ အမျိုးသမီး ရှစ်သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# မြန်မာနိုင်ငံတွင် ပထမဆုံး ပရဟိတအဖွဲ့ပိုင် အောက်ဆီဂျင်စက်ရုံ သထုံတွင် ဖွင့်လှစ်

**သထုံ ဖေဖော်ဝါရီ ၂၀**

အရေးပေါ်လူနာများအား အသက်ကယ်တင်နိုင်ရေးအတွက် အောက်ဆီဂျင်လိုအပ်ချက်မှာ တစ်လထက်တစ်လ ပိုများလာသောကြောင့် အောက်ဆီဂျင်ပိုမိုထုတ်လုပ်ပေးနိုင်ရန်အတွက် သထုံမြို့ရှိ အနှိုင်းမဲ့မေတ္တာ သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းက ပြည်သူများထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့သည့် မြန်မာနိုင်ငံ၏ပထမဆုံး ပရဟိတအဖွဲ့ပိုင် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံကို ဖေဖော်ဝါရီ ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါစက်ရုံကို သထုံမြို့ အထက(၁)ကျောင်းအနီးတွင် အများပြည်သူ ထည့်ဝင်ငွေများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ စက်ရုံမှာ မြန်မာနိုင်ငံတွင်ပထမဆုံး ပရဟိတအဖွဲ့ပိုင်စက်ရုံဖြစ်ပြီး ၂၀၁၇ ခုနှစ် မေလက စတင်တည်ဆောက်ခဲ့ကာ မြေနေရာအပါအဝင် ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၁၇၀၀ ကျော်ရှိကြောင်း သိရသည်။

“သထုံခရိုင်ထဲမှာရှိတဲ့ မြို့နယ်၊ တိုက်နယ် ပြည်သူ့ဆေးရုံတွေနဲ့ ကျေးလက်ဆေးပေးခန်းတွေမှာ တစ်လထက်တစ်လ အောက်ဆီဂျင်လိုအပ်ချက်က များနေတယ်၊ အသင်း စဖွဲ့ကတည်းက အပြင်ကဝယ်ပြီး အခမဲ့ ကူညီပေးခဲ့တာပါ၊ တစ်လကို သိန်းသုံးဆယ်ဖိုးလောက် ဝယ်နေရတော့ ကုန်ကျစရိတ်များတယ်၊ လစဉ်အလှူငွေတွေနဲ့ ရေရှည်ရပ်တည်ဖို့ အခက်အခဲဖြစ်လာတာကြောင့် ဒီစက်ရုံကို ဆောက်တာပါ”ဟု အနှိုင်းမဲ့မေတ္တာ သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ဖွင့်ပွဲတွင် ပြောကြားသည်။

အောက်ဆီဂျင်စက်ရုံဖွင့်ပွဲတွင် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်တို့က ဂုဏ်ပြုစကားများ ပြောကြားပြီး အလှူရှင်များက စက်ရုံအတွက်လိုအပ်သည့် အလှူငွေများကို ပေးအပ်လှူဒါန်းကာ တာဝန်ရှိသူများက စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အနှိုင်းမဲ့မေတ္တာ သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း စတင်ဖွဲ့စည်းကာ သထုံမြို့နယ်အပြင် နီးစပ်ရာ မြို့နှင့် ကျေးရွာများမှ အရေးပေါ်လူနာများအား သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီပေးခဲ့ရာ စတင်ဖွဲ့စည်းချိန်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းအထိ သွေးပုလင်းပေါင်း ၇၃၀၀ ခန့်၊ ၁၀ လီတာ အောက်ဆီဂျင်အိုး ၁၄၀၀၀ ခန့်နှင့် ၄၀ လီတာ အောက်ဆီဂျင်အိုး ၈၀၀ ခန့်တို့ကို အရေးပေါ်လူနာများအတွက် အခမဲ့ လှူဒါန်းပေးနိုင်ခဲ့ပြီးဖြစ်သည်။



ယခုတည်ဆောက်ပြီးစီးခဲ့သည့် စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်များကို ဒေသတွင်းလှူဒါန်းမှုများအပြင် မွန်ပြည်နယ်အတွင်း အခြားမြို့နယ်များနှင့် ကရင်ပြည်နယ်သို့လည်း လိုအပ်သလို အခမဲ့ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပရဟိတအဖွဲ့များ စုပေါင်း၍ ပုဂံဒေသတွင် သန့်ရှင်းရေးဆောင်ရွက်မည်

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**

ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်တစား ဝင်ထွက်သွားလာဖူးမြော်ရာ နေရာဒေသတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသ သန့်ရှင်းသာယာလှပမှုရှိစေရန် ရည်ရွယ်၍ ဥူးသုမင်္ဂလ(ဒယ်အိုးဆရာတော်)ဦးဆောင်ပြီး ပရဟိတအဖွဲ့များ စုပေါင်းပါဝင်သော ‘ရှင်းသန့်မြင့်စေ ပုဂံမြေ’ ပရဟိတစုပေါင်းအဖွဲ့က သန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ သတ္တမအကြိမ်မြောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



**ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသော ပရဟိတအဖွဲ့ဝင်များ**

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ကာ မတ် ၁၂ ရက်အထိ ၁၅ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုဂံဒေသရှိ ဘုရားစေတီပုထိုးများတွင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားဖူးဧည့်သည်များသွားရာ လမ်းတစ်လျှောက် မလွတ်ကင်းသည့်သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များ ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ‘ရှင်းသန့်မြင့်စေ ပုဂံမြေ’ ပရဟိတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်ပွေးက ပြောသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ရန်ကုန်မြို့သစ္စာမဏ္ဍိုင် ပရဟိတအသင်း၊ မြိတ်မြို့ အောင်မြင့်မိုရ်ရေခဲစက် နာရေးကူညီမှုအသင်း၊ တောင်သာမြို့ သန်တန်ကျေးရွာ ဆန္ဒမွန် ပရဟိတအသင်း၊ ပခုက္ကူမြို့ မိဘမေတ္တာ သွေးလှူရှင်အသင်း၊ ညောင်ကျစ်ပင်ကျေးရွာနှင့် အေးသာယာကျေးရွာ ပင်မသုခလူမှုကူညီရေးအသင်း၊ ညောင်ပင်လှကျေးရွာနှင့် ရေမြက်ကျေးရွာတို့မှ ပရဟိတအသင်းများ၊ ပေါက်မြို့ အိုင်ကိုင်းကျေးရွာမှ ပရဟိတအသင်း၊ မြိုင်မြို့နယ် ဝက်ပုပ်ကျေးရွာနှင့် ဝါးရင်ချိုင်းကျေးရွာမှ ပရဟိတအသင်းများ၊ ညောင်ဦးမြို့နယ် မီးလောင်ပြားကျေးရွာမှ ပရဟိတအသင်းနှင့် ညောင်ဦးမြို့ပေါ်ရှိ ပရဟိတအသင်းများမှ အဖွဲ့ဝင်များ စုပေါင်းပါဝင်ကာ တစ်ရက်လျှင် လူ ၆၀၀ ကျော်နှင့် အမှိုက်သိမ်းမော်တော်ယာဉ် များဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပုဂံဘုရားများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ရှင်းသန့်မြင့်စေ ပုဂံမြေ ပရဟိတအဖွဲ့အနေဖြင့် ယခင်က ခြောက်ကြိမ် ပြုလုပ်ခဲ့ပြီး ယခုအကြိမ်မှာ သတ္တမအကြိမ်မြောက်ဖြစ်ကြောင်း၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် လုပ်အားဒါနပြု ကုသိုလ်ပြုပါဝင်ဆောင်ရွက်လိုသူများ ရှိပါက မည်သူမဆို လုပ်အားဒါန ပါဝင်ကူညီဆောင်ရွက်နိုင်အောင် ကြိုတင်အသိပေး နှိုးဆော်ခြင်းများကိုလည်း ပြုလုပ်ထားကြောင်း ရှင်းသန့်မြင့်စေ ပုဂံမြေ ပရဟိတအဖွဲ့ အဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ယာဉ်မတော်တဆမှုများ လျော့နည်းစေရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် အစိုးရရုံးများရှိရာ နေပြည်တော်တွင် ယခင်ကထက် ယာဉ်အစီးရေ ပိုမိုများပြားလာသလို ယာဉ်တိုက်မှုများသည်လည်း နေ့စဉ်ဖြစ်ပွားလျက်ရှိလာသဖြင့် ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရေးအတွက် မြေပြင်ကွင်းဆင်း၍ ယာဉ်စည်းကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကို နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ကိုဦး၏ ဦးဆောင်မှုဖြင့် အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီးက အနီးကပ်ကြီးကြပ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုများဖြစ်ပွားရသည့် အကြောင်းရင်းများမှာ မိုးလေဝသကြောင့်သော်လည်းကောင်း၊ လမ်းများ မကောင်းခြင်းကြောင့်သော်လည်းကောင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုမရှိသည့်အတွက်ကြောင့်သော်လည်းကောင်း ဖြစ်ပွားလေ့ရှိကာ နေပြည်တော်၌ ယာဉ်တိုက်မှုများဖြစ်ပွားသည့် အကြောင်းရင်းကို ပြန်လည်ဆန်းစစ်ကြည့်ရာတွင် ယာဉ်စည်းကမ်းလိုက်နာခြင်း မရှိသည့်အတွက် ဖြစ်ရသည့်အမှုက အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ယာဉ်မောင်းသူများနှင့် စီးနင်းလိုက်ပါသူများ ယာဉ်စည်းကမ်း လိုက်နာစေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၈ ရက်က စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူးကိုယ်တိုင် အနီးကပ်ကြီးကြပ်၍ ဇမ္ဗူသီရိမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးနှင့် တပ်ဖွဲ့ဝင်များက ဇမ္ဗူသီရိမြို့နယ်၏ ယာဉ်အသွားအလာများပြားသော သပြေကုန်းဈေးရှေ့ လမ်းမကြီးတွင် ဖြတ်သန်းသွားလာနေသည့် ယာဉ်များနှင့်ဝန်းကျင်ရှိ Taxi ဂိတ်များ၊ သုံးဘီးဆိုင်ကယ်ဂိတ်များမှ ယာဉ်မောင်းများအား ယာဉ်စည်းကမ်း အသိပညာပေးခြင်းများ ဆောင်ရွက်ကာ လက်ကမ်းစာစောင်များ အခမဲ့ပေးဝေခဲ့သည်။ ထို့အတူ ဖေဖော်ဝါရီ ၁၇ ရက်ကလည်း ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှေ့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်တွင် ယာဉ်မောင်းသူများအား ယာဉ်စည်းကမ်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



# ရန်ကုန်မြို့တွင်းဖြတ် YBS (၇၈) ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ၍ ခရီးသည်များ ပိုအဆင်ပြေလာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန် ရွှေပြည်သာမြို့နယ် လိန်ကုန်းမှစ၍ မြို့လယ်ရှိ ဆူးလေ၊ ရန်ကုန်ဘူတာကြီးအထိ သွားသော YBS ယာဉ်လိုင်းအမှတ်(၇၈)ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းမှ စတင်ပြေးဆွဲရာ အဆိုပါယာဉ်လိုင်းသစ်ကြောင့် ခရီးသည်များ ပို၍ အဆင်ပြေလာကြကြောင်း သိရသည်။

အဆိုပါယာဉ်လိုင်းသစ်မှာ ရွှေပြည်သာ လိန်ကုန်းမှ ဘုန်းကြီးလမ်း စံပြရုပ်ရှင်ရုံမှတ်တိုင်အထိ ကားခ ကျပ် ၂၀၀ ဖြစ်ပြီး စံပြမှ မဟာဗန္ဓုလလမ်းအတိုင်း မြို့လယ် ဆူးလေ၊ ဘူတာကြီးအထိကို တစ်ရာကျပ်ဖြစ်ကာ မြို့တွင်းမှ ပြန်ထွက်ရာတွင် အနော်ရထာလမ်းမအတိုင်း ပြန်ထွက်ပြီး ကားခမှာ စံပြအထိ ၁၀၀ ကျပ်နှင့် စံပြမှ လိန်ကုန်းအထိ ၂၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။




ယခင်က ရန်ကုန်မြို့လယ်အထိ ဝင်ရောက်သော ခရီးရှည်ယာဉ်လိုင်းမှာ မော်ဘီ၊ ထောက်ကြံ့မှထွက်သည့် အမှတ် (၃၇) တစ်လိုင်းသာရှိကာ အင်းစိန်ဘက်မှလာသော ယာဉ်လိုင်းများဖြစ်သည့် (၂၁)၊ (၃၅)၊ (၃၉) တို့မှာ ဘုန်းကြီးလမ်းအထိသာရောက်ပြီး ဘုန်းကြီးလမ်းတွင် မြို့တွင်းဆက်မဝင်ဘဲ မော်တင်ဘက်သို့ ကွေ့သွားရာ မြို့တွင်းသို့ သွားမည့် ခရီးသည် အများအပြားမှာ မော်တင်တွင် ကားပြောင်းစီးရသဖြင့် ရုံးတက်ရုံးဆင်းချိန်များတွင် အဆင်မပြေမှုများ ရှိခဲ့သည်။

ယခု ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ (၇၈) ယာဉ်လိုင်းသစ်က မဟာဗန္ဓုလလမ်းအတိုင်း ဆူးလေ၊ ဘူတာကြီးအထိ ပြေးဆွဲသဖြင့် မြို့တွင်းသို့ဝင်မည့် ခရီးသည် အများစုအတွက် ကားတစ်ဆင့်တည်းဖြင့် အဆင်ပြေသွားသလို ကားခမှာလည်း နှစ်ဆင့်စီးရသည်ထက် ပိုကုန်ကျခြင်းမရှိကြောင်း ခရီးသည်တစ်ဦးက ပြောသည်။

YBS (၇၈) ယာဉ်လိုင်းသစ်ကို ပြေးဆွဲသည့် လူထုမိတ်ဆွေကုမ္ပဏီ၏ အသိပေးချက်အရ (၇၈) ယာဉ်လိုင်းကို ကားသစ်အစီးရေ ၅၀ ဖြင့် ပြေးဆွဲမည်ကြောင်း သိရသည်။

**ခင်ဆိုင်**

# ဝမ်းမြောက်ဂုဏ်ယူအနုမောဒနာပြုခြင်း

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်းသည် ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်ရပါသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ရှမ်းပြည်တောင်ပိုင်း၊ ဘော်ဆိုင်းဒေသတွင် လမ်းတံတားများ၊ ရေတွင်း ရေကန် (အဝီစိစက်ရေတွင်း)များ၊ လျှပ်စစ်မီးများ၊ ဘုရား ရဟန်း သံဃာ သိမ် ကျောင်း ဇရပ်များ၊ စာသင်ကျောင်းများ၊ တိုက်နယ်ဆေးရုံကြီး၊ ဈေးသစ်ကြီး၊ သာရေး နာရေး လူမှုရေးသုံး မော်တော်ယာဉ်များနှင့် အားကစားမကျန် လှူပြီး၊ လှူဆဲ၊ လှူလတ္တံ့သော သုံးတန်စေတနာဖြင့် ပံ့ပိုးကူညီထောက်ပံ့လှူဒါန်းပေးခဲ့ခြင်းအတွက်လည်း များစွာကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ဆက်လက်၍ ဘာသာ၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးနှင့် မပြီးဆုံးနိုင်သော လူမှုရေးအကျိုးများကို အကြိမ်ပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ဆောင်ရွက်နိုင်ပါစေ၊ သက်တော်ရာကျော်ရှည်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ဆုတောင်းမေတ္တာပို့သ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ဆရာတော်၊ သံဃာတော်များ**

**နှင့်**

**ဒေသခံ ရပ်မိ ရပ်ဖ၊ ပြည်သူများ**

**ဘော်ဆိုင်း၊ ကလောမြို့နယ်၊ ရှမ်းပြည်တောင်ပိုင်း**


MYANMAR MARINE ENGINEERS' ASSOCIATION

(၁၉၈၅ – ခုနှစ်တွင် စတင်တည်ထောင်သည်။)

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း

(၃၂) နှစ်ပြည့် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ညစာစားပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း (၃၂)နှစ်ပြည့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ညစာစားပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်များအတိုင်းကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

နေ့စွဲ - ၂၄. ၀၂. ၂၀၁၈ (စနေနေ့)

နေရာ - မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းရုံး၊ အမှတ် (၂၆/၂၇)၊ လယ်ယာ (၃)လမ်း၊ ၁၀-မြောက် ရပ်ကွက်၊သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

အချိန် - (၀၉:၀၀) နာရီ

ညစာ စားပွဲလက်မှတ်ကို MMEA-TC စာကြည့်တိုက်တွင် ဝယ်ယူအားပေးနိုင်ပါသည်။

နှစ်ပတ်လည်ညစာစားပွဲ

နေ့စွဲ - ၂၈. ၀၂. ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

နေရာ - Dolphin Restaurant မြေပဒေသာကျွန်း၊ နတ်မောက်လမ်းမိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အချိန် - (၁၉:၀၀) နာရီ (ညစာသုံးဆောင်နေစဉ် ကံစမ်းမဲဖောက်ပေးမည့် အစီအစဉ်ရှိပါသည်။)

အလုပ်အမှုဆောင်အဖွဲ့



ဝမ္မ ဗုဒ္ဓ သံဃ San brotherhood

"စစ်ဆေးစမ်းသပ် (အခမဲ့)"

Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

တပ်ဆင်ပြီးဈေးနှုန်း (၃နှစ်အာမခံ)

1HP 300000Ks

၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)

ပါဝင်သောပစ္စည်းများ

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City(လှိုင်သာယာ)709373,09-5084831,3682445(Ext)1421

ကျောင်းလမ်း(အလုံ) 01-704101 , 09-5002738, 09-450023810

သမိုင်းလမ်းဆုံ(မရမ်းကုန်း) 3681854, 706193, 09-73116475

ကျောက်မြောင်း(တာမွေ) 01-704649, 09-73066836, 09-73004800

Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842

ရွှေဂုံတိုင်မီးပွိုင့်အနီး(ဗဟန်း) 09-43083868, 01-703241

သုဓမ္မာလမ်းဆုံအနီး(မြောက်ဥက္ကလာ) 09-5190383, 09-73251535

ဟံသာဝတီ CNG အနီး(ကြည့်မြင်တိုင်) 01-703684, 09-43130068

ဒညင်းကုန်းလမ်းဆုံအနီး(ရွှေပြည်သာ) 09-5012419, 09-73126244

Super 1 အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035

တောင်/မြောက်လမ်းဆုံအနီး(တ/ဒဂုံ) 01-709114, 09-5019316



ပင်လယ်ကမ်းခြေမြို့ရှိ Beauty Salon, Unplugged Entertainment & KTV တွင် အမျိုးသမီးဝန်ထမ်းများအမြန်အလိုရှိသည်။

09 952225350


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/8146 Suzuki carry P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှမြင့် ၁၂/ဗဟန(နိုင်)၀၃၉၂၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/7930 Daihatsu Hijet S321V, Van (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာနိုင် ၁၂/ရကန(နိုင်)၀၅၃၉၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/8946 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၆၃၈၄ Honda Scoopyi M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက်ချို ၉/ခမစ(နိုင်)၀၁၃၅၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**


CROWN EDUCATION YOUR DOOR TO THE FUTURE

JCU SINGAPORE

"မြန်မာ+စင်ကာပူ+ဩစတြေးလျ (၃)နိုင်ငံ အတွေ့အကြုံဖြင့် ကုန်ကျစရိတ်သက်သာစွာ ဩစတြေးလျဘွဲ့ရယူနိုင်မည့်နည်းလမ်းများ"



Saturday 24 February

10:00 Am - 12:00 Noon

CROWN Education & Royal Academic Institute

ဆယ်တန်း၊ IGCSE အောင်မြင်ထားသော ကျောင်းသား ကျောင်းသူနှင့် မိဘများ

HND, NCC,abe လက်မှတ်ရ ကျောင်းသား ကျောင်းသူများ

MBA (Master of Business Administration), MIT (Master of Information Technology) တက်ရောက်လိုသည့် Bachelor ဘွဲ့ ရရှိထားသူများ

စင်ကာပူ၊ဩစတြေးလျ ပညာရေးကို စိတ်ဝင်စားသူများ

Call us : 01 527 838, 09 44 55 66 701, 09 44 55 66 702

၂၀၁၃ ခုနှစ်အတွင်း Foreign Policy မဂ္ဂဇင်း၏ "ကမ္ဘာ့ထိပ်တန်းတွေးခေါ်ပညာရှင် (၁၀၀)" အဖြစ် ရွေးချယ်ခြင်းခံရသူ ဒေါက်တာသန့်မြင့်ဦး၏ စာပေလက်ရာဖြစ်သော "The Making of Modern Burma" အား ဆရာ အယ်ရိုး(တောင်ကြီး) ဘာသာပြန်သည့်

**ခေတ်သစ်မြန်မာပြည်အား ဖန်တီးပုံဖော်ခြင်း**

Myanmar Book Centre နှင့်
အမြို့မြို့အနယ်နယ်ရှိဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ၊

ထွက်ရှိပါပြီ

Myanmar Book Centre
အမှတ် (၅၅)၊ ဗဟိုလမ်း၊ အလုံလမ်းနှင့်ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၂၂၁ ၂၇၁၊ ၂၁၂ ၄၀၉၊ ၀၉-၇၃၁၄ ၇၇၃၂၊ ၇၃၀၁ ၅၉၉၃

**ရွှေဘုန်းပြည့် Travel & Tour 2018**
SPP အမှတ်(၇၄၈)ပထမထပ်၊ဧဋ္ဌီလလမ်း(၁၆/၁)ရပ်ကွက်၊သဃ်န်းကျွန်း
01.8566101, 09421014616, 09 73060048 , 09 443060048

*ဗုဒ္ဓဂယာ(၅ရက်/၈ရက်/၁၂ရက်/၁၅ရက်) *ပီနန်း-လန်ကာဝီ(၆ရက်)
*သီရိလင်္ကာ(စွယ်တော်)(၇ရက်) *ဗန်ကောက်-ဟွာဟင်(၅ရက်)
*စင်ကာပူ-မလေးရှား(၆ရက်) *ဗန်ကောက်-ကချနဘူရီ(၅ရက်)
*ဗီယက်နမ်(၅ရက်) *ဗန်ကောက်-ပတ္တရား-ခေါင်ရှိုင်(၅ရက်)
*ဘာလီ(၆ရက်) *ဗန်ကောက်-စင်ကာပူ-မလေးရှား(၁၀ရက်)
*ချင်းမိုင်(၄ရက်) *လာအို-ကမ္ဘောဒီးယား-ဘန်ကောက်(၅ရက်)
* စစ်တွေ-ကျောက်တော်(မဟာမုနိဘုရား)-မြောက်ဦး(၃ရက်)
* ထားဝယ်(ရှင်ကိုးရှင်)မောင်းမကန်-ဖိုးဖိုးကျောက်ကမ်းခြေ(၃ရက်)

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ရုံးခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယာမှုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊
09254009334,
09254009335,
09254009336

**ဆီးချိုနှီးနွယ်ခြေထောက်ပြဿနာပညာပေးလှုပ်ရှားမှုအစီအစဉ်**

ဆေးတက္ကသိုလ်(၁)နှင့် ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်၊ ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါအထူးကုဌာနတို့ ပူးပေါင်း၍ "ဆီးချိုနှီးနွယ်ခြေထောက်ပြဿနာပညာပေးလှုပ်ရှားမှုအစီအစဉ်" ကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ဆီးချိုလူနာများတက်ရောက်နိုင်ရန် အသိပေးကြေငြာအပ်ပါသည်။

**နေ့ရက်** – ၂၅.၂.၂၀၁၈(တနင်္ဂနွေနေ့)၊ နံနက်(၈း၃၀–၁၂း၀၀)နာရီ
**အချိန်** – သူနာပြုတက္ကသိုလ်ခန်းမဆောင်၊ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
**အစီအစဉ်**– ပညာပေးဟောပြောခြင်း ၊ အခမဲ့ခြေထောက်စမ်းသပ်ပေးခြင်း သိလိုသည်များကိုဆွေးနွေးပေးခြင်း

**ပျောက်ဆုံးကြောင်း**
ကျွန်တော် တင်အေး၏ (CDC-28216) P.P.MC 237766 နှင့် သဘော်သားကျွမ်းကျင်မှု လက်မှတ်စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၅၆၅၀၈

**( ဒဂုံမြို့သစ် )**
ဆိပ်ကမ်း၊တောင်ပိုင်း
မြောက်ပိုင်း၊အရှေ့ပိုင်း
မြေကွက်များဝယ်လိုသည်
(ပွဲခမယူပါ)
Ph:09 43083879
09 420963466


**THREE STAR**
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်း။
Split Type Air-con
Brand New
1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 300000-Ks
(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ပုဇွန်တောင်မြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932
မ/ဥက္ကလာပ - 0943131601, 09400882811

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 6F/8694 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ECOPOWER
မင်္ဂလာပါ မုံရွာမြို့
စွမ်းအားအီလက်ထရောနစ် S.A.E.W
Showroom ၂၂.၂.၂၀၁၈ တွင်စတင်ဖွင့်လှစ်ပါတော့မည်ခင်ဗျာ...
အမှတ်(၃ဃ)၊ကျောက္ကာလမ်းနှင့် သီတာလမ်းထောင့်၊မြဝတီရပ်၊မုံရွာမြို့။ ဖုန်း ၀၇၁ - ၂၄၅၃၂

တက္ကသိုလ်ဝင်တန်း TopTen နှင့်ဘာသာစုံဂုဏ်ထူးရှင်များထွက်ရှိရာ...
သဉ္ဇာသန်းနိုင် တည်ထောင်သည့် ကော်မင်း ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)
ကျောင်း ၁ မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
မင်္ဂလာ ကော်မင်း ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၂ အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈ ၈၉ ၂၀ – ၂၅
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ပြေ ၂၆)၊ ၈၊ ၇၊ ၆၊ ၅ တန်း (မေ ၃)၊ မူလတန်း(မေ ၂၉) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် အတွက်
ကျောင်းအပ် လက်ခံပါပြီ
ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ
အဆင့်မြင့် ဘော်ဒါ
KG မှ တက္ကသိုလ်ဝင်တန်းအထိ
[ပြေ ၂၆ ကျောင်းသူ၊ ပြေ ၂၈ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ပြေ ၂၆)၊ ၈ တန်း(ပြေ ၂၈) စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939



**၂၀၁၈ စာအုပ်**




**ထွက်ပြီ**

www.yangondirectory.com
The YANGON DIRECTORY
Everything U Need

## ဒေါ်ကျင်ပွင့် (မြောင်းမြမြို့)
### အသက်(၇၈)နှစ်

မြောင်းမြမြို့၊ ဘောင်ဒရီလမ်း၊ အမှတ် ၁၅နေ (ဦးလှသင်း)၏ဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၈လမ်း၊ အမှတ် ၂၂၂နေ ဦးခင်မောင်ဝင်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လင်းလင်းသန့်၊ ဦးခင်မောင်စိုး-ဒေါ်ချိုချို၊ ဦးမြလွင်-ဒေါ်စန်းစန်းနွယ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ပွင့် (မြောင်းမြမြို့)
### အသက်(၇၈)နှစ်

မြောင်းမြမြို့၊ ဘောင်ဒရီလမ်း၊ အမှတ် ၁၅နေ (ဦးလှသင်း)၏ဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၈လမ်း၊ အမှတ် ၂၂၂နေ ဦးခင်မောင်ဝင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လင်းလင်းသန့်၊ ဦးခင်မောင်စိုး-ဒေါ်ချိုချို၊ ဦးမြလွင်-ဒေါ်စန်းစန်းနွယ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁၀း၁၀နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်ဇနီး
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ချိုချို
### မော်လမြိုင်၊ မောင်ငံရပ်၊ အောင်တော်မူအမက ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက်(၈၇)နှစ်

ဒုတိယရဲမှူးကြီးတင်ဇော်ထွန်း(ဦးစီးအရာရှိ၊ ပထမတန်း၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်မိုးမိုးခိုင်တို့၏မိခင် ဒေါ်ချိုချိုသည် ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၂း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ

## ဦးမျိုးညွန့် အသက်(၈၀)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဝါကင်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၈၀ နေ (ဦးသိန်း-ဒေါ်နှင်းမြ)တို့၏သား၊ ဒေါ်တင်တင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းကိုကို-ဒေါ်ငြိမ်းငြိမ်းဝင်း၊ မဆုထက်ဝေတို့၏ ချစ်လှစွာသောဖခင်သည် ၁၈-၂-၂၀၁၈ရက် နံနက် ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ ရက် မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စန်း
### အသက်(၆၇)နှစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးအောင်ကောင်းဆက်-ဒေါ်ဝါဝါရှိန်တို့၏မိခင် ဒေါ်ခင်စန်း အသက်(၆၇)နှစ်သည် ၁၉-၂-၂၀၁၈ရက် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## ဦးကျော်ဝင်းမြင့်
### ဆဋ္ဌမသုတ်၊ သမဝါယမအလုပ်သင်အရာရှိ
### လက်ထောက်ကထိက(ငြိမ်း)
### သမဝါယမတက္ကသိုလ်၊ သန်လျင်
### အသက်(၇၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း(မော်တင်)၊ အမှတ် ၄၉၊ ပထမထပ်နေ (ဦးကျော်စိန်-ဒေါ်ကြည်ကြည်)တို့၏သား၊ ဒေါ်နန်းကောင်ခမ်း(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး၊ သ/မဦးစီး)၏ခင်ပွန်း၊ ဒေါ်ဖြူဖြူဝင်း(ခ) အေးအေးကျော်(Vimpex Ltd /HO)၏အစ်ကို၊ မောင်ကျော်မင်းဟိန်း(MTES)၏ ချစ်လှစွာသောဖခင်သည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂း၀၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၈ရက် နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ကိုးဖိတ်ဝိုး(ခ) ဒေါ်တင်တင်မြင့်
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၉၆၊ (၉/၁၀ လွှာ)နေ ဦးအောင်ထွန်း၏ဇနီး၊ မဆွေမွန်အောင်၊ ကိုကျော်သီဟ၊ မအိမွန်ခိုင်တို့၏ချစ်လှစွာသောမိခင်သည် ၂၀-၂-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
## ဦးသောင်းငွေ
### ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
### အသင်းဝင်နံပါတ်(၀၀၄၉)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်နေ ဦးသောင်းငွေသည် ၁၉-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်နွဲ့ (သပြူ)
### အသက်(၉၀)

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြူကျေးရွာနေ (ဦးဘမောင်-ဒေါ်ချစ်မေ)တို့၏သမီး၊ (ဦးသောင်းတင်)-ဒေါ်ရင်နွဲ့၊ ဗိုလ်မှူးသောင်းလွင်(ငြိမ်း)-ဒေါ်ခင်ဝင်း၊ ဦးဘိုသောင်း-ဒေါ်အေးသန်းတို့၏အစ်မ၊ ဒေါ်လွင်မာဦး၊ ဦးကြည်မင်းဟန်-ဒေါ်တင်မိမိလွင်၊ ဦးမြတ်နိုင်-ဒေါ်မေဝင်းလွင်၊ ဦးညီညီထွေး(သံတွဲခရိုင်အုပ်ချုပ်ရေးမှူး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်အေးအေးလွင်၊ ဦးအောင်မျိုးလွင်တို့၏ကြီးကြီး၊ မောင်ဥက္ကာမင်းဟန်(ဒု-နှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မရွှန်းလဲ့မင်းလွင်(တက္ကသိုလ်ဝင်တန်း၊ အထက-၂၊ ဗိုလ်တထောင်)၊ မကြည်ဖြူရှင်းသန့်(Grade-1၊ ထ-ခွဲ၊ မြို့မသံတွဲ)၊ တူ၊ တူမ ၁၈ယောက်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၈ရက် နံနက် ၁၀း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်သီလဝတီ(ခ)ဒေါ်မသာနု
### မောင်တော-ရန်ကုန်မြို့
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်(ရခိုင်ကျောင်း)တွင် သီတင်းသုံးနေထိုင်သော (ဦးမောင်ရှီ-ဒေါ်မခိုင်)တို့၏သမီး၊ [ဦးမောင်ဘေလှ-ဒေါ်မွှီးသူ(ခ)ဒေါ်စန္ဒာသီရိ]တို့၏ချွေးမ၊ ရန်ကုန်မြို့၊ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ အမှတ် ခ/၅၅နေ [ဦးဘထွန်း(ခ)ဦးမောင်သာကျော်]၏ဇနီး၊ (ဒေါ်ဦးမ)၏ညီမ၊ (ဒေါ်အေးမေ)၊ ဒေါ်မနု၊ ဦးမောင်လှအောင်၊ ဦးလှကျော်တို့၏အစ်မ၊ ဦးဦးလှမြင့်-ဒေါ်ဦးသိန်းမြ(ရခိုင်သားကြီးစာပေ၊ မြောက်ဦးမင်းသမီးဟိုတယ်)၊ ဦးကျော်မြင့်-ဒေါ်ပန်းနုစိန်၊ ဦးကျော်တင်မောင်-ဒေါ်သန်းသန်းကြည်(ရွှေခြင်္သေ့ဆီဆိုင်)၊ ဒေါ်မာမာချို-ဦးစောရွှေဘ(MPPE လေယာဉ်ဆီ)၊ [ဦးကျော်ဆန်း(ခ)ဦးမောင်လှ]-ဒေါ်ဝင်းဝင်းငွေ၊ ဘိုတင်ဝင်း(ခ)ဦးကျော်လှိုင်-ဒေါ်အေးအေးစု၊ ဒေါ်မာမာဝင်း(ခ)မိမာ-ဦးညီညီလွင် (ဝင်းသစ္စာကုန်စုံဆိုင်)၊ ရခိုင်ထွီး(ခ)ကျော်မင်းခိုင်တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၁၉-၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါ မင်္ဂလာသီရိမဟာသတိပဋ္ဌာန် ရခိုင်ကျောင်းမှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းမြင့် အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သဒ္ဒါရုံ ၃လမ်း၊အမှတ် ၁၅နေ(ဦးလှဖေ-ဒေါ်ကြည်)တို့၏သမီး၊ (ဦးရွှေကြီး-ဒေါ်ကျန့်)တို့၏သမီးချွေးမ၊ ဦးအောင်မြတ်၏ချစ်လှစွာသောဇနီး၊ (ဦးသိန်းဦး)-ဒေါ်တင်တင်မိုး၊ ဗိုလ်မှူးသိန်းစိုး(ငြိမ်း)-ဒေါ်ခင်မာစိုး၊ ဦးသိန်းမိုး-ဒေါ်စိုးစိုးသန်း၊ ဦးသိန်းဇော်-ဒေါ်မြမြစိုး၊ (ဦးကျော်ဆန်းဝင်း)-ဒေါ်မြမြမိုးတို့၏မိခင်၊မြေး ၁၀ယောက်တို့၏အဘွားသည် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့)ည ၈း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ထားဝေ (B.Com.AA) 1975
### စာရင်းစစ်မှူး(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဟီရိလမ်း ၂၀၊ အမှတ် ၅၂၆(က)နေ (ဦးဗလ-ဒေါ်တင်ကြည်)တို့၏သမီး၊ (ဦးစော်ဘွား-ဒေါ်လှနှင်းသာ)တို့၏ချွေးမ၊ ဦးအောင်သန်း-(ဒေါ်အေးမိ)၊ (ဦးညွှန့်ကြည်)-ဒေါ်ခင်ငွေးဝင်း၊ (ဦးတင့်ဆွေ)-ဒေါ်ခင်ထားကြွေတို့၏ညီမ၊ ဒေါ်လှလှရီ(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)၊ (ဦးတိုးလွင်)တို့၏အစ်မ၊ ဦးတင်မြင့်(ရောဟသ်ာဟိုလ်ဒင်းကုမ္ပဏီလီမိတက်)၏ဇနီး၊ ဗိုလ်မှူးအောင်ကိုကိုဝင်း-ဒေါက်တာအိဖြိုးဝေ(ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)တို့၏မိခင်၊ မအိမ့်သီရိကို၊ မသွန်းရတီကိုကိုတို့၏အဘွားသည် ၁၉-၂-၂၀၁၈ရက် ညနေ ၃း၁၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက် နံနက် ၁၀နာရီတွင်ေ ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်းနွဲ့ အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ပန်းခြံစုရပ်နေ(ဦးတင်အေး-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ အင်္ဂပူမြို့နေ (ဦးချင်းနယား-ဒေါ်ခလေးမ)တို့၏သမီးချွေးမ၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်း၊ အမှတ် ၄၅၇နေ ဦးမျိုးအောင်-ဒေါ်မို့မို့အောင်(မြို့နယ်တရားသူကြီး၊ မော်လမြိုင်ကျွန်းမြို့)၊ မအိအိမြင့်အောင်(VSK int'L Co.,Ltd.)တို့၏မိခင်၊ မသွန်းသံစဉ်အောင်၏အဘွားဘွား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်၏ချစ်လှစွာသောဇနီးသည် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)

ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံ
ထိန်းသိမ်းစောင့်ရှောက်ရေး၊ အကျိုးတော်ဆောင်အဖွဲ့

## ဦးခင်မောင်ချို(ခ)မောင်ချို
### အသက်(၅၀)

ရန်ကုန်မြို့၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ စံချိန်သစ်လမ်း၊ အမှတ် (၅၀၂/က)နေ (ဦးသိန်းမောင်) - ဒေါ်လှတို့၏သား၊ ဒေါ်ခင်ခင်ဝင်း၊ (ဒေါ်အေးအေးမြင့်)၊ ဦးသိန်းလွင်-ဒေါ်စိုးစိုးသွယ်၊ ဦးအေးကျော်-ဒေါ်နီနီဝင်းရွှေတို့၏ ညီ/မောင်၊ ဦးနေဝင်း-ဒေါ်တင်ဇာနွယ်တို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးကြီးသည် ၁၉-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သွပ်ဝိုင်းကြီးရပ်ကွက်၊ စံချိန်သစ်လမ်း၊ အမှတ် ၅၀၂/က နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမနော်နောနောဝေ
### (ဟင်္သာတကရင်နှစ်ခြင်းအသင်းတော်)
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့၊ တောင်သုကုန်းရပ်ကွက်၊ အမှတ် ၁၊ သာယာအေး ၂လမ်းနေ (သိက္ခာတော်ရ ဆရာစောဘလေး-နော်ဖေရေ)တို့၏ တစ်ဦးတည်းသောသမီး၊ (စောဒီစိန်ဘ-ဆရာမဂျူအဲနာထော)တို့၏သမီးချွေးမ၊ နော်ဆာဟေသား၏ချစ်လှစွာသောမိခင်၊ ဒေါက်တာနော်စေးစေးဖော (ပါမောက္ခ၊ ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)-ဦးစောအီးနော့တို့၏ညီမ၊ နော်ခူဆဲ(IRC, Myanmar)-စောလယ်မူး၊ စောအယ်မူးဒါး(Pan PaciFic Hotel)-မယဉ်မွန်ခိုင်တို့၏အစ်မ၊ စောဆာလောလ(Norwegian Cruise Line)၏ချစ်လှစွာသောဇနီးသည် ၁၉-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်မေ (ပြည်မြို့)
### အသက်(၉၂)နှစ်

ပြည်မြို့၊ ဆံတော်ရပ်၊ ပန်းပဲတန်းလမ်း၊အမှတ် ၃၀၂နေ(ဦးရန်ကြီးအောင်)၏ဇနီး၊(ဦးအောင်ရင်-ဒေါ်ရင်မေ)တို့၏မိခင်၊ ဦးမောင်မောင်အေး-ဒေါ်ဝင်းဝင်း(ဂယာရွှေပြည် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)၊ ဦးမောင်မောင်ဝင်း(ပြည်မြို့၊ဈေးကြီး ၁ ရုံ)၊ ဦးမြင့်ကို(ဘုရင့်နောင်ပွဲရုံ)-ဒေါ်မြသက်မှူး၊ ကိုညီညီနိုင်တို့၏ အဘွား၊ ကိုသန့်စင်၊ကိုဟန်မင်းထက်၊ကိုစစ်ပိုင်ဇော်၊ မသက်စုဟန်တို့၏ ဘွားဘွားကြီးသည် ၂၀-၂-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### မြေပုံမြို့နယ်အသင်း(ရန်ကုန်)
### ရဟန်းဒါယိကာမကြီး
## ဒေါ်မေနုစိန်
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ (၁) ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ် ၂၄၁ (ခ)နေ(ဦးဦးဘခင်)-ဒေါ်မပု၊ ဦးအောင်စိုးကြည်-ဒေါ်ခင်သန်းကြည်၊ ဒေါ်ခင်မေနု(အထက-၆၊ အင်းစိန်)၊ (ကိုသန်းဝင်း)၊ ကိုဘဝင်း-မန္တယ်နွယ်၊ ကိုဇော်ဇော်-မသိန်းနုတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ (ဦးမောင်ထွန်းနု)၏ဇနီးသည် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသား၊ အသင်းသူများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## ဒေါ်ခင်စိုး အသက်(၇၅)နှစ်
### ရန်ကင်းမြို့နယ်
### သမဝါယမဦးစီးဌာန(ငြိမ်း)

ဝါးခယ်မမြို့၊ ရွာသစ်ရပ်ကွက်နေ (ဦးဘိုးဝင်း - ဒေါ်သိန်းမြ)တို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆) ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ အမှတ် ၉၂၅ နေ ဦးဘုန်းဆွေ(J & C Export Co., Ltd) - ဒေါ်နန်းခင်ထွေး (ပညာရေး၊ ငြိမ်း)၊ (ဦးဘုန်းဝေ-ဒေါ်မြင့်မြင့်သိန်း)တို့၏အစ်မ၊ ချမ်းမင်းဝင်း (ခေတ္တ-မလေးရှား)၊ ချမ်းဝင်းဟိန်း (ခေတ္တ-အင်္ဂလန်)၊ စိုင်းသီဟ (ခေတ္တ-ဂျပန်)၊ ရဲဝင်းသူ(ဝါးခယ်မ)တို့၏ အဒေါ်သည် ၁၉-၂-၂၀၁၈ရက် ညနေ ၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်မြနိုင် အသက်(၇၀)
### B.A (Eco) (Q) အလပြ(ငြိမ်း)
### အထက(၁)မြောက်ဥက္ကလာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊စက္ကဝတ် ၃လမ်း၊ အမှတ် ၂၄၂နေ (ဦးဘိုးရှင်-ဒေါ်စိန်မြိုင်)တို့၏ သမီး၊ (ဦးဟဲသာ-ဒေါ်မြကြည်)တို့၏ သမီးချွေးမ၊ (ဒေါ်ခင်စမ်း)၊ (ဦးလှမင်း-ဒေါ်ယဉ်ယဉ်ကြည်)တို့၏ညီမ၊ ဦးဆန်းညွှန့်(လ/ထညွှန်မှူး၊ စာပေစိစစ်၊ငြိမ်း)-ဒေါ်အေးအေးမြင့် (လ/ထ လဝကမှူး၊ ငြိမ်း)၊ ဦးဇော်ဝမ်း(ဂါးဒီးယန်းသတင်းစာတိုက်၊ ပုံနှိပ်အရာရှိ၊ ငြိမ်း)-ဒေါ်မြင့်မြင့်ထွေး(ဌာနမှူး၊ ငြိမ်း၊ MPPE)တို့၏ အစ်မ၊ ဦးသက်နိုင်-ဒေါ်သင်းသင်းဟော် (Production Supervisor-Myanmar GR. Co.,Ltd.)၊ ဦးအောင်သန်းအုန်း (ပစ္စည်းထိန်း-၁၊ ဗဟိုပစ္စည်းထိန်းဌာန စိတ်၊ လေကြောင်းဦးစီးဌာန)၊ ဦးဖြိုးကျော်သူလင်း(Software developer)-ဒေါ်မူဟာလင်း၊ဒေါ်မူယာဝင်းတို့၏မိခင်၊ မောင်ရဲလင်းသိန်း၏အဘွား၊ [ဦးကြင်ဟော်(ဒုမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီးသည် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့)ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်တွင် အမှတ် ၁၅၅၊ စက္ကဝတ် ၄လမ်း၊ (ဈ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဓမ္မိက မဟာထေရ်
### သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဝဲပုံစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက မဟာအောင်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မိက မဟာထေရ်သည်(၁၃၇၉ခုနှစ် တပေါင်းလဆန်း ၅ရက်) ၁၈-၂-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၅း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၉ရက်) ၂၃-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအင်္ဂျေပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေး
တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ဦးသောင်းငွေ
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၁၁၀၅/၁၁၀၇နေ (ဦးကြီးဆိုင်-ဒေါ်နု)တို့၏သား၊ (ဦးဘိုးလွင်-ဒေါ်ရှုရင်)တို့၏သားသမက်၊ ဒေါ်မြမြအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဆွေ-ဒေါ်ချိုချိုအောင်၊ ဒေါ်ဝင်းဝင်းမြင့်-ဦးစိုးနိုင်၊ ဦးဘမြင့်၊ ဦးသက်မြင့်၊ ဦးဇော်မြင့်-Eileen တို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသောင်းရွှေ
### (ညွှန်မှူး-ငြိမ်း)၊ လူမှုဝန်ထမ်းဦးစီးဌာန
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဝါယာလက် ၃လမ်း၊ တိုက် ၆၊ အခန်း ၂၀၁နေ(ဦးမောင်နု-ဒေါ်ကြင်ယုံ)တို့၏သား၊ ဒေါ်သိန်းတင်၏ခင်ပွန်း၊ (ဦးသိန်းသောင်းဇော်)၊ ဦးဝင်းမြင့်အောင်-ဒေါ်သူဇာသောင်းဇော်တို့၏ဖခင်၊ မောင်ဝေယံမြင့်အောင်၏အဘိုးသည် ၁၉-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးသန်းဦး(ငြိမ်း)
### DSA အပတ်စဉ်(၂၀)
### အသက်(၆၂)နှစ်

ချောင်းဦးမြို့၊ မကျီးဇင်ရပ်ကွက်နေ ဦးတင်မောင်-ဒေါ်သိန်းနွဲ့တို့၏သားကြီး၊ မုံရွာမြို့၊ ဈေးလမ်း၊ ရုံးကြီးရပ်နေ ဒေါ်မြင့်မြင့်တင်(အောင်သီဟအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ခင်ပွန်း၊ ဦးအောင်ချိုဦး၊ ဦးအောင်စိုးဝင်း-ဒေါ်ထားထားဦးတို့၏အစ်ကို၊ ဗိုလ်ကြီးဝေဖြိုးအောင်-မပွင့်သဇ္ဈာဦး၊ မောင်ဝေယံဦး၏ဖခင်၊ မောင်ချာန်ဘုန်းနိုင်၊ မီးငယ်လေးတို့၏အဘိုးသည် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကြည်လွင်
### Internet Wallet Company
### အထက(၂)သဃ်ာန်းကျွန်း ကျောင်းသားဟောင်း
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏနေ(ဦးအုန်းသာ-ဒေါ်အုန်းနု)တို့၏သား၊ ဦးမောင်မောင်အေး(အလ်ကာဝတ်ရည်)-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ခင်စောမူတို့၏ညီ/မောင်၊ ဦးစိုးမြင့်လွင်-ဒေါ်ခင်လေးမေ၊ ဒေါ်တင်နွဲ့မူ၊ ဦးတင်ညွှန့်-ဒေါ်ခင်ဝေမူတို့၏အစ်ကို၊ ဦးစိုးမြင့်-ဒေါ်ပြုံးမမလွင်တို့၏ဖခင်၊ ဒဂုံမြောက်ပိုင်း၊ (၄၉)ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ် ၄၂နေ ဒေါ်မာလာအောင်၏ခင်ပွန်း၊ မောင်ခန့်အောင်၏အဘိုးသည် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင်(ခုတင်-၅၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (မြောက်ဒဂုံနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမျိုးညွန့်
### အသက်(၄၈)နှစ်

မော်လမြိုင်မြို့၊ ဖားအောက်ကျေးရွာနေ(ဦးတင်ငွေ)-ဒေါ်စန်းငွေတို့၏သား၊ ရန်ကုန်မြို့နေ (ဦးထွန်းကျော်)-ဒေါ်အေးမိတို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်၊ (၅)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် ၅/ပထပ်(ဝဲ)နေ ဒေါ်ခင်သန္တာကျော်၏ချစ်လှစွာသောခင်ပွန်း၊ မောင်နန္ဒအောင်(SKY NET)၊ မနန္ဒာဝင်း(First year BBA)၏ချစ်လှစွာသောဖခင်သည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ဝေယံ
### အသက်(၂၄)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ သစ္စာလမ်း၊ တိုက် ၃၇၊အခန်း ၃၃နေ ဒေါ်မြတ်သူဇာသိန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၏သား၊ မဝင်းပပသိမ်း(တတိယနှစ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)၏အစ်ကို၊ ရန်ကုန်မြို့နေ (ဦးသိန်းတင်)-ဒေါ်သန်းစိန်တို့၏မြေး၊ ဒေါ်နန်းဥမ္မာသိန်း၊ ဒေါ်ခိုင်မာလာသိန်း၊ ဦးတင်ထွဋ်-ဒေါ်မျိုးမျိုးဝင်း၊ ဦးတင်ရှိန်-ဒေါ်ကျော့ယဉ်မင်းသိန်း၊ ဒေါ်နီလာထွန်းတို့၏တူသည် ၁၇-၂-၂၀၁၈ရက်(စနေနေ့)ည ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၄း၃၀နာရီတွင် ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၂၃-၂-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာ-ဘင်္ဂလားဒေ့ရှ် ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေး၊ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံခရိုင်အဆင့် ပြန်လည်လက်ခံရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ ရောက်ရှိကြသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်များ တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် မြန်မာနိုင်ငံ တောင်ပြိုလက်ဝဲ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နှစ်နိုင်ငံ နယ်စပ်အာဏာပိုင် ခရိုင်အဆင့် တာဝန်ရှိသူများက အပြန်အလှန် မိတ်ဆက်စကားပြောကြားပြီး ဆွေးနွေးပွဲတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နှစ်နိုင်ငံနယ်စပ် Zero Line တွင် နေထိုင်ကြသူများ နေရပ်ပြန်ရေးတို့ကို ဆွေးနွေးကြသည်။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ခရိုင်အဆင့် နယ်စပ်အာဏာပိုင် အဖွဲ့ခေါင်းဆောင်က Zero Line Area အတွင်း ရောက်ရှိနေသူများ နေရပ်ပြန်ရေးကိစ္စနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်ဘက်မှ ကူညီပေးလိုကြောင်းနှင့် နှစ်နိုင်ငံ ပူးတွဲကင်းလှည့်ရေးကိစ္စ ဆောင်ရွက်စေလိုကြောင်း၊ ပြည်ပ INGO များကို Zero Line Area အတွင်းသို့ စေလွှတ်မှုနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်အစိုးရမှ စေလွှတ်ခြင်း မဟုတ်ကြောင်း၊ ၎င်းတို့ အစီအစဉ်ဖြင့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ် အစိုးရမှလည်း ထောက်ပံ့မှုများကို ဆောင်ရွက်နေကြောင်း ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများ Zero Line Area အတွင်း နေထိုင်သူများအား သွားရောက်ကွင်းဆင်းတွေ့ဆုံစဉ်။ သတင်းစဉ်



## လိုက်ဖ်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ခါးပတ်လုပွဲ၌ တိုက်ကွက်ဆန်းများဖြင့် အနိုင်ယူမည်ဟု အောင်လအန်ဆန် ကြုံးဝါး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

One Championship အဖွဲ့က ဦးဆောင်ကျင်းပလျက်ရှိသော MMA (Mix Martial Art) ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲကြီး၏ လိုက်ဖ်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ခါးပတ်လုပွဲတွင် အောင်လအန်ဆန် (မြန်မာစပါးအုံးမြွေ)အနေဖြင့် ယခု ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲ၌ ယခင်ပြိုင်ပွဲများကဲ့သို့ တိုက်ခိုက်သွားမည်မဟုတ်ဘဲ တိုက်ကွက်ဆန်းများနှင့် ပြိုင်ဘက်ကို အနိုင်ယူသွားမည်ဟု ကြုံးဝါးပြောဆိုသည်။

ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အထက် ပန်းဆိုးတန်းလမ်းရှိ The Rose Hotel ၌ ကျင်းပသော ပွဲကြိုမီဒီယာရှင်းလင်းပွဲတွင် အောင်လအန်ဆန် (မြန်မာစပါးအုံးမြွေ)က အထက်ပါအတိုင်း ကြုံးဝါးပြောဆိုလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်သည် ၂၀၁၃ ခုနှစ် မှစတင်ကာ မြန်မာနိုင်ငံ၌ စတင်ကျင်းပခဲ့သော MMA ပြိုင်ပွဲကို ယခုအကြိမ် ဝင်ရောက် ယှဉ်ပြိုင်ထိုးသတ်မှုမှာ ငါးကြိမ်မြောက် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ပြီး သုံးကြိမ်မြောက် ဝင်ရောက် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော MMA ကမ္ဘာ့ချန်ပီယံ မစ်ဒယ်ဝိတ်တန်း ခါးပတ်လုပွဲတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို

စာမျက်နှာ ၁၃ ကော်လံ ၃

## တစ်ရက်တည်း မြေငလျင်နှစ်ကြိမ်လှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ပြည်တွင်း၌ ယနေ့တွင် အင်အားအနည်းငယ်ရှိ မြေငလျင်နှစ်ကြိမ် လှုပ်ခဲ့ကြောင်း မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကနဦးလှုပ်ခဲ့သည့် မြေငလျင်သည် အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၉ မိနစ် ၂၇ စက္ကန့်က တောင်ကြီး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၇၀ ခန့်အကွာနှင့် မြန်မာနိုင်ငံပြည်တွင်း မောက်မယ်မြို့၏ အရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၀ ဒသမ ၀၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၈၁ ဒီဂရီ၊ မြေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍

စာမျက်နှာ ၇ ကော်လံ ၄

ဂုဏ်ထူး မြန်မာစာ
နွေ
မြန်မာစာ အတတ်သင်ကျောင်း
တရားဝင် အပ်နှံနိုင်ပြီ
+ တစီစာကုံး အထူးတန်းများ + သဒ္ဒါ + (၈၊၉၊၁၀)သင်ရိုးကုန် တစ်ခွဲစီသာ ပြီးလဲပြီးစေ ပိုင်လဲပိုင်စေသည်။
ကျန်းမာရေး၊ အသိ၊ သတိ အရ
နှစ်တိုင်းထက် တန်းခွဲ ထက်ဝက်မျှသာ ဖွင့်လှစ်နိုင်ပါသည်။
+ မတ်လ(၉)ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၈၈(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။
ဖုန်း ၃၇၅၅၀၉၊ ၀၉ ၅၅၀၀၅၅၈၅၂၊ ၀၉၅၀ ၁၂၆၁၁

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မုချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရုံ၊ ရမှတ်များရုံသာမက နိုင်ငံသားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ (အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
◆ နေ့တက် ဘော်ဒါ လက်ခံသည်၊ ကိုယ်တိုင်လာရောက် စုံစမ်းကြည့်ပါ။ ထူးခြား၍ ထူးချွန်ရမည်။
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ
ကျောင်းလိပ်စာ
● မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဇယန္တာလမ်းမကြီး၊ ဇွဲစိတ်အိမ်ရာ၊ (ORANGE SUPER MART ညာဘက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
◆ ဂုဏ်ထူးဦးသိန်းနိုင်
◆ ဆရာ နေအုပ်(စိန်ပေါလ်)
◆ ဂုဏ်ထူးဦးအောင်နိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ စိုင်းစိန်မြင့်အောင်

GRAND HANTHA INTERNATIONAL HOSPITAL
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး
GREEN, GRAND, CARE FOR THE PEOPLE
Now Open
ကင်ဆာရောဂါဓါတ်ရောင်ခြည်ကုသမှုစင်တာ



- ခေတ်မီစက်သစ်ကြီးဖြစ်သော (VARIAN Vital Beam)ဖြင့် ကုသနိုင်ခြင်း။
- ကင်ဆာဆဲလ်များကို အထိရောက်ဆုံးကုသနိုင်သော 3D CRT, IMRT, VMAT နည်းပညာများ အသုံးပြုနိုင်ခြင်း။
- ကောင်းမွန်သော ဆဲလ်များနှင့် ကိုယ်တွင်းအစိတ်အပိုင်းများကို ဓါတ်ရောင်ခြည်သင့်မှု အနည်းဆုံးဖြစ်အောင် ကာကွယ်ပေးနိုင်ခြင်း။
- Rapid Arc Technique ပါရှိသဖြင့် နေ့စဉ်ကုသမှုတွင် အချိန်တိုခြင်းကြောင့် လူနာ သက်တောင့်သက်သာရှိခြင်း။
- kV, MV, Cone Beam CT များဖြင့် ပုံရိပ်ဖော်၍ ကင်ဆာဆဲလ်ရှိသော နေရာအား တိကျစွာ စစ်ဆေးကုသနိုင်ခြင်း။

အမှတ် (၁)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂

# ရန်ကုန်မြို့ပြအလှကို ဝေဖြာစေမည့် ရန်ကုန်ဘူတာကြီးဘက်စုံစီမံကိန်း

ဝေယံဦး

**ရန်ကုန်** မြို့ကို နေရာပေါင်းစုံ ဘက်ပေါင်းစုံက တိုးချဲ့မှု၊ ပြုပြင်မှု၊ အသစ်တည်ဆောက်မှုတွေနဲ့ တိုးတက်ဖွံ့ဖြိုး အောင်ဆောင်ရွက်နေတာကြောင့် ရန်ကုန်မြို့ဟာ ခေတ်မီအလှကုန်ပစ္စည်းတွေနဲ့ ခြယ်မှုန်းထားတဲ့ မိန်းမပျိုငယ်တစ်ဦးရဲ့သွင်ပြင်လက္ခဏာကို မြင်တွေ့နေရသလိုဖြစ်နေပါတယ်။ အခုလည်း ရန်ကုန်မြို့လယ်မှာရှိတဲ့ ရန်ကုန်ဘူတာကြီးဘက်စုံစီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ဖို့ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီကို သတင်းထုတ်ပြန် လိုက်ပြီ ဖြစ်ပါတယ်။

ဒီစီမံကိန်းကို စင်ကာပူ Oxley Holdings၊ မြန်မာမင်း ဓမ္မ ကုမ္ပဏီ၊ တရုတ်



ဓာတ်ပုံ - ကေဇင်

Sino Great Wall Co., Ltd. တို့ ပူးပေါင်းထားတဲ့အဖွဲ့က တင်ဒါအောင်ခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်နဲ့ ဖေဖော်ဝါရီ ၈ ရက်မှာ ပြုလုပ်ခဲ့တဲ့ အစိုးရအဖွဲ့ အစည်းအဝေးမှာ အစိုးရအဖွဲ့ သဘောတူညီချက်နဲ့ ခွင့်ပြုခဲ့တာဖြစ်တယ်လို့ Oxley Holdings က ဖေဖော်ဝါရီ ၁၅ ရက်မှာ သတင်းထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ရန်ကုန်ဘူတာကြီးဆိုတာ ရန်ကုန်မြို့လယ်မှာ အထင်ကရနေရာတစ်ခုဖြစ်ပြီး ရန်ကုန်မြို့ရဲ့ထင်ရှားပြီး အရေးပါတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ဒ့ါအပြင် ရန်ကုန်ဘူတာကြီးဆိုတာ မြန်မာတစ်နိုင်ငံလုံးရထားစီးခရီးသွားပြည်သူတွေရဲ့အဓိကအမှတ်သညာပြု စိတ်ထဲမှာ စွဲစွဲဖြစ်နေတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ရန်ကုန်မြို့ကနေ တစ်နိုင်ငံလုံးရဲ့ ရထားခရီးစဉ်တွေကို ခွဲဖြာခြင်း၊ ဆုံစည်းခြင်းဖြစ်တဲ့ ဆုံမှတ်ဘူတာကြီးလည်း ဖြစ်ပါတယ်။

အခုဆိုရင် ဘူတာကြီးယာ့ဒ်ဝင်းဟာ ရန်ကုန်ရဲ့အစည်ကားဆုံး နေရာ၊ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တွေဝိုင်းရံနေတဲ့ ဗဟိုချက်နေရာတစ်ခုလို ဖြစ်တည်နေတဲ့ ဧရိယာဖြစ်လို့ အခုလို ရန်ကုန်ဘူတာကြီးဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ဖို့ ဆောင်ရွက်တာဟာ ရန်ကုန်မြို့တွင်းရဲ့ တိုးတက်မှုပုံရိပ်ကို ထပ်ဆင့်တွန်းအားပေး ခြယ်မှုန်းလိုက်သလို ဖြစ်စေတာတော့ အမှန်ပါပဲ။

ဒီစီမံကိန်းဟာ မြေဧရိယာ ၂၅ ဒသမ ၇ ဟက်တာ(၆၃ ဒသမ ၅ ဧက) အကျယ်အဝန်းပေါ်မှာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်ခန့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ အိမ်ရာ အဆောက်အအုံတွေ၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး စင်တာတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေနဲ့ ရထားသယ်ယူပို့ဆောင်ရေးဗဟိုနေရာတွေ စုံစုံလင်လင်ပါဝင်မှာဖြစ်တဲ့အတွက် နိုင်ငံတကာအဆင့်မီ အဆောက်အအုံတွေ ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။

အကောင်အထည်ဖော် ဆောင်ရွက်မယ့် ရန်ကုန်မြို့ကြီး ဘက်စုံစီမံကိန်းရဲ့နေရာအနေအထားကို ကြည့်ရင်တော့ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း တည်ရှိနေပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအနီး၊ ဆူးလေဘုရားလမ်း၊ ဗိုလ်မင်းရောင်လမ်း၊ အောင်ဆန်းကွင်းစတဲ့ ရန်ကုန်မြို့ရဲ့အချက်အချာကျတဲ့ လမ်းတွေအနီးမှာဖြစ်တာမို့ အချိန်တိုအတွင်း အရှိန်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးလာမယ့် စီမံကိန်းဖြစ်ပါတယ်။

ဒီစီမံကိန်းနဲ့ပတ်သက်ပြီး Oxley Holdings က ထုတ်ပြန်ခဲ့တဲ့ ဘက်စုံစီမံကိန်း ဒီဇိုင်းပုံစံငယ်ဟာ နိုင်ငံတကာအဆင့်မီ အထပ်မြင့် အဆောက်အအုံတွေ၊ ထူးခြားပြီးဆန်းသစ်တဲ့ အဆောက်အအုံဒီဇိုင်းပုံစံတွေကို တွေ့မြင်ရတာမို့ ရန်ကုန်မြို့လယ်မှာတော့ အသွင်သစ်၊ အမြင်သစ်နဲ့ အဆောက်အအုံပုံစံအသစ်တွေရဲ့အနေအထားကို ထိတွေ့အသုံးပြုခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။

“ဒီစီမံကိန်းကို နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်နဲ့အညီ ရွေးချယ်ခဲ့ပြီး လုပ်ကိုင်ခွင့်ရတဲ့ကုမ္ပဏီနဲ့ စာချုပ်ချုပ်နိုင်ရေးအတွက် ညှိနှိုင်းမှုတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု မြန်မာ့မီးရထားမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားထားပါတယ်။ အခုအနေအထားမှာ ဒီစီမံကိန်း ဆောင်ရွက်ဖို့

**အချပ်ပို (ဃ) သို့**

# ရန်ကုန်မြို့ပြအင်္ဂါနှင့်အညီ
# ရန်ကုန်မြစ်ကမ်းတစ်လျှောက်သာယာလှပရန်

မောင်သင်းပျံ့



ရန်ကုန်မြို့၏ ဆိပ်ကမ်းအလှကို ရန်ကုန်မြစ်ကမ်းနားတစ်လျှောက် တွေ့ရစဉ်။ ဓာတ်ပုံ - ငြိမ်းချမ်း

**မြန်မာပြည် ၏ စီးပွားရေးအချက်အချာဖြစ်သော ရန်ကုန်မြို့ပြသည် မြို့အင်္ဂါနှင့်အညီ လှပခေတ်မီစေရန် စီမံဆောင်ရွက်လျက်ရှိပြီး ရန်ကုန်-ဒလမြစ်ကူးတံတားကြီး ပြီးစီးသွားပါက မြို့ပြအလှနှင့် တွဲဖက်၍ ရန်ကုန်မြစ်ပြင်၏အလှမှာ ပို၍ပေါ်လွင်လာစေမည်ဖြစ်သည်။**

ရန်ကုန်မြစ်ဝမှ လှိုင်သာယာရွှေပြည်သာတံတား ငွေပင်လယ်စက်မှုဇုန်မြစ်ဆုံအထိ လှိုင်မြစ်ကမ်းတစ်လျှောက် မြစ်ကမ်းပါးများ ထိန်းသိမ်းခြင်း၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်စိစစ်ခြင်းနှင့် ပြုပြင်ရမည့်နေရာတို့ကိုပြုပြင်၍ ကမ်းပြိုကမ်းပျက် ဆက်လက်မဖြစ်ပေါ်စေရန် အချိန်မီထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။ မြစ်ကမ်းဘေး သင်္ဘောပျက်များ ထိုးဆိုက်ထားခြင်း၊ မြစ်ကူးတံတားအနီး သင်္ဘောလွန်းတင်လုပ်ငန်းနှင့်သဲလုပ်ငန်း၊ ကျောက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ မြစ်ကူးတံတားကြီးများအနီးတွင် စက်လှေ၊ သင်္ဘောများ ဆိုက်ကပ်လျက် စီးပွားရေးလုပ်ငန်းအဆောက်အအုံများ အခြေချလုပ်ကိုင်ခြင်းတို့သည် မြစ်ကူးတံတားများ ရေရှည်တည်တံ့မှုကို ထိခိုက်စေသည့်အပြင် ရန်ကုန်မြစ်၏အလှနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေလျက်ရှိသည်။ တစ်ချိန်တွင် ရန်ကုန်မြို့ပြအလှနှင့် လိုက်ဖက်ညီစွာဖြင့် ရန်ကုန်မြစ်ကမ်းတစ်လျှောက် ပန်းဥယျာဉ်များနှင့် အပန်းဖြေနေရာများ အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပါက ယနေ့တွေ့မြင်နေရသည့်မြစ်ကမ်းပေါ်မှ အရာများသည် ထိုသို့အကောင်အထည်ဖော်မည့်လုပ်ငန်းအတွက် အခက်အခဲတစ်ခုအဖြစ် ကြုံတွေ့ရနိုင်ပါသည်။

လှိုင်မြစ်ရှိ ရွှေပြည်သာတံတားအနီးတွင် သဲ၊ ကျောက်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာခြင်း၊ အောင်ဇေယျကြိုးတံတားအနီးတွင် သင်္ဘောကျင်းလုပ်ငန်း၊ ကျောက်ပြားလုပ်ငန်းစက်ရုံတို့ကြောင့် မြစ်ကမ်းပါးများ ပျောက်ကွယ်လာလျက်ရှိသည်။ သင်္ဘောများ ဆိပ်ကမ်းမဟုတ်သောနေရာတွင် ဆိုက်ကပ်ခြင်း၊ ပြုပြင်ခြင်းကြောင့် မြစ်ကမ်းများ ပြိုကျခြင်း၊ စေတီနှင့် သစ်ပင်များ လှိုင်မြစ်အတွင်း ပြိုကျပျက်စီးခြင်းတို့ကြောင့် လှိုင်မြစ်ကမ်း၏ အလှကို ထိခိုက်စေလျက်ရှိသည်။ လှိုင်မြစ်ကမ်း ထိခိုက်ပျက်စီးမှုသည် အင်းစိန်ဘက်ကမ်းထက် လှိုင်သာယာဘက်ကမ်းတွင် ပို၍များလျက်ရှိသည်။ လှိုင်သာယာဘက်ကမ်းတွင် ကုမ္ပဏီအချို့မှ မြို့ပြအိမ်ရာ တည်ဆောက်မှုအချို့ ဖော်ဆောင်လျက်ရှိ၍ ရန်ကုန်မြို့ပြ၏ အလှနှင့် လိုက်ဖက်ညီသော လှိုင်မြစ်ကမ်းကိုလည်း ပြုပြင်ဖော်ဆောင်နိုင်ပါက ရန်ကုန်မြို့ ခရီးသွားလုပ်ငန်းကို ဆွဲဆောင်ရာနေရာအဖြစ် နိုင်ငံခြားဝင်ငွေရရှိစေမည်ဖြစ်သည်။ လှိုင်မြစ်ကမ်းတစ်လျှောက်တွင် သီးနှံဈေး၊ ငါးဈေး၊ ငှက်ပျောသီးဒိုင်၊ ကမ်းနားဈေး၊ နိုင်ငံခြား၊ ပြည်တွင်း ရေကြောင်းခရီးသွားများ ဆိုက်ကပ်ရာ ဆိပ်ကမ်း၊ နိုင်ငံခြား ကုန်တင်သင်္ဘောများ ဆိုက်ကပ်ရာဆိပ်ခံများ၊ ပန်းဆိုးတန်း ကူးတို့ဆိပ်နှင့် သင်္ဘောကျင်းတို့ဖြင့် ရန်ကုန်မြို့ပြတိုက်တာ အဆောက်အအုံတို့နှင့်အတူ ရန်ကုန်မြစ်ပြင်မှာလှပလျက်ရှိသည်။



ရွှေပြည်သာတံတားကြီး ရေရှည်ကြံ့ခိုင်မှုကို ခြိမ်းခြောက်လျက်ရှိသည့် သဲကျောက် စီးပွားရေးလုပ်ငန်းများ တွေ့ရစဉ်။

ရန်ကုန်မြစ်အတွင်း ဆိုက်ကပ်ထားသော စက်လှေ၊ သင်္ဘောများ၊ သဲ၊ ကျောက်နှင့် ဆီတင်၊ ကုန်တင်သင်္ဘောများ စည်းကမ်းရှိစွာ ရပ်နားခြင်းဖြင့် ရေကြောင်းအတွင်း သွားလာကြသော ရေယာဉ်များ အန္တရာယ်ကင်းရှင်းစေမည်ဖြစ်သည်။ ပြီးခဲ့သောနှစ်ကုန်ပိုင်းတွင် ဆီတင်သင်္ဘောကြီးတစ်စင်း ရန်ကုန်မြစ်အတွင်းကွေ့ရာဘဲ ရေစစ်ချိန်ဖြစ်၍လိုရာသို့ သင်္ဘောဦးခေါင်းလိုက်ပါလာခြင်းမရှိပဲ ကမ်းရှိဇောကိုတိုက်မိကာ စက်လှေအချို့ကိုလည်း တိုက်မိသောကြောင့် စက်လှေနစ်မြုပ်၍ စက်လှေမောင်းသူတို့ အသက်ဘေးလွတ်အောင် ရေထဲဆင်းပြေးရသောဖြစ်စဉ်ကို သိရှိခဲ့ကြပြီးဖြစ်ရာ ရန်ကုန်မြစ်အတွင်း ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် အထူးအလေးထားဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။ ရန်ကုန်မြို့ပေါ် ကားလမ်းများ ယာဉ်ကြောကျပ်တည်းမှုဖြစ်ပွားပါက ရှင်းလင်းဆောင်ရွက်ရန် လွယ်ကူစေသော်လည်း မြစ်အတွင်းရေကြောင်းပိတ်ဆို့ပါက ရှင်းလင်းဆောင်ရွက်ရန် အချိန်ပေးရခြင်း၊ နိုင်ငံခြားသင်္ဘောများ ဝင်၊ ထွက်သွားလာခြင်းတို့ကြောင့် ရေကြောင်းသွားလာမှု အန္တရာယ်ကင်းရှင်းရေးသည် လှိုင်မြစ်အတွင်း သာယာလှပရေးနှင့် ရေကြောင်း အန္တရာယ်ကင်းရှင်းရေးအတွက် အရေးပါလျက်ရှိသည်။

မြစ်ကမ်းပါးတို့တွင် မေးတင်ထိုးထားသော ဆိပ်ခံဇောများ၊ ပျက်စီးနေသောသင်္ဘောများနှင့် သင်္ဘောကျင်းမဟုတ်သော သင်္ဘောကျင်းများကို ရှင်းလင်းဆောင်ရွက်နိုင်ပါက မြစ်ကြောင်း၏ အလှကိုပေါ်လွင်စေသည့်အပြင် မြစ်ပြင်အတွင်း အရေးပေါ်လုပ်ငန်းများဆောင်ရွက်ရန်ရှိပါက ထိုသို့သော အရာများကြောင့် အတားအဆီးများကို ရှင်းလင်းဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်းဆောင်ရွက်မှု မြန်ဆန်စေမည်ဖြစ်သည်။ ဗိုလ်တထောင်ဆိပ်ကမ်းသည် ရန်ကုန်မြစ်ဝ၏ ဆည်းဆာအလှကို အနီးဆုံးတွေ့မြင်ရသော နေရာဖြစ်သောကြောင့် ဆိပ်ကမ်းအင်္ဂါနှင့်အညီ ပြန်လည်ပြုပြင်နိုင်ပါက လာရောက်အပန်းဖြေသူတို့ဖြင့် ပြန်လည်စည်ကားစေမည်ဖြစ်သည်။ နိုင်ငံခြားဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည့် သာယာလှပသော ဆိပ်ကမ်းများရှိနေသည့် ရန်ကုန်မြစ်ကမ်းတစ်လျှောက် အခြားနိုင်ငံတို့ရှိ မြို့ပြဆိပ်ကမ်းအလှတို့ကဲ့သို့ ဖော်ဆောင်နိုင်ပါက ရန်ကုန်မြစ်ပြင်နှင့် ကမ်းနားတစ်လျှောက် ပြည်တွင်း၊ ပြည်ပမှလာရောက် အပန်းဖြေသူတို့ဖြင့် နေ့စဉ်စည်ကားနေမည်ဖြစ်သည်။

မြို့ပြအလှနှင့်အညီ လိုက်ဖက်ညီလျက်ရှိသော လှိုင်မြစ်ပြင်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ မြစ်ကမ်းတစ်လျှောက် ပြုပြင်ရှင်းလင်းဆောင်ရွက်ခြင်း၊ ကမ်းပြိုကမ်းလျှောခြင်းကို အချိန်မီကာကွယ်ထိန်းသိမ်းခြင်းနှင့် မြစ်ကမ်း၊ မြစ်ကူးတံတားအနီးရှိ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်းများကို စိစစ်ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြစ်ကမ်းအလှကို ပြန်လည်ဖော်ဆောင်မည့် အနာဂတ်စီမံကိန်းများဖြင့် ပုံဖော်မည်ဆိုပါက လှိုင်မြစ်ကမ်းတစ်လျှောက် စည်းကမ်းတကျရှင်းလင်းပြီးဖြစ်၍ အသင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့ပြအလှကို ခေတ်စနစ်နှင့်အညီ ဖော်ဆောင်လျက်ရှိရာ မြန်မာပြည်၏ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ရန်ကုန်မြစ်နှင့် မြစ်ကမ်းတစ်လျှောက်ကို ယနေ့မြင်ကွင်းထက် လှပတင့်တယ်စွာ ပြုပြင်ဖော်ဆောင်ခြင်းဖြင့် ရန်ကုန်မြို့ပြသည် ပြည်ပရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားရာနေရာအဖြစ် ပို၍စည်ကားလာမည်ဖြစ်သည်။

**စာမျက်နှာ (၈) သို့**

# တာဝန်ယူတာဝန်ခံရန် လိုအပ်နေသော မြို့ရန်ကုန်၏ အဆောက်အအုံများ



ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ထင်ပေါ်ဝင်း

**မြို့တော်ရန်ကုန်တွင် အဆောက်အအုံအသစ်များမှာ တစ်နေ့တခြား တိုးပွားများပြားလာလျက်ရှိသည်။ လူဦးရေသန်းချီနေထိုင်သော မြို့ကြီးတစ်မြို့ဖြစ်သည့် အားလျော်စွာ အဆောက်အအုံလိုအပ်ချက်ကလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုလိုအပ်လျက်ရှိသည်။ နေထိုင်သူလူဦးရေနှင့် အဆောက်အအုံမမျှတမှုကြောင့်လည်းကောင်း၊ မြေဈေး၊ အိမ်ဈေးကြီးမြင့်မှုကြောင့် လည်းကောင်း မြို့စွန်မြို့ဖျားများတွင် ကျူးကျော်ဟူသော လူတန်းစားတစ်ရပ် ပေါ်ပေါက်လာသည်။**

ခေတ်အဆက်ဆက် ပြောင်းလဲလာပြီးနောက် မြို့တော်ရန်ကုန်၏ လမ်းတိုင်းတွင် ကန်ထရိုက်တိုက်တို့က ခေတ်စားလာသည်။ လမ်းမကြီးများတွင် အထပ်မြင့် အဆောက်အအုံများအဖြစ် လည်းကောင်း၊ လမ်းသွယ်များတွင် သက်ဆိုင်ရာမှ ခွင့်ပြုအထပ်အရေအတွက်ဖြင့် ဆောက်လုပ်သော ကန်ထရိုက်တိုက်များမှာ ရန်ကုန်မြို့အနှံ့ နေရာယူထားကြသည်။

တစ်ချိန်က နေ့ချင်းညချင်း အားချင်းပြီး ဆောက်လုပ်ခဲ့ကြသော ကန်ထရိုက်တာကြီးများကြောင့် ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုများလည်း ရှိခဲ့သည်။ သတ်မှတ်ထားသည့် လမ်းပေအကျယ်ရရှိရေးအတွက် အတင်းအဓမ္မ အခြားသူများ၏ ခြံစည်းရိုးကိုဖျက်ပြီး လမ်းခင်းခဲ့ကြသည်။ ညလုံးပေါက် ကွန်ကရစ်ကြမ်းခင်းလောင်းသည့်အတွက် ပတ်ဝန်းကျင် အိပ်ရေးပျက်ခဲ့ရသည်။ သက်ဆိုင်ရာသို့ တိုင်ကြားခဲ့သော်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးဆိုသူက ယောင်လို့ပင်လှည့်မကြည့်ခဲ့။ ရေဆိုးစွန့်မြောင်းနေရာ မရှိသည့်အတွက် လမ်းလယ်မှ ကွန်ကရစ်မြောင်းဖောက်သည်။ တိုက်ဆောက်အပြီး အလှအပ မမွမ်းမံမီ စည်ပင်အရာရှိ၏ အတည်ပြုချက်ကို ယူသည်။ ပြီးမှနေကာအမိုးများ ထုတ်သည်။ အဆိုပါနေကာအမိုးများမှ ရေက ဘေးခြံအိမ်ခေါင်မိုးပေါ်ကျသည်။ ကန်ထရိုက်က မသိချင်ယောင်ဆောင်သည်။ မြေရှင်က သူနှင့်မဆိုင်ဟုဆိုသည်။ တာဝန်ယူ တာဝန်ခံမှု မရှိခဲ့ကြ။

**အချပ်ပို (ဃ) သို့**

စာမျက်နှာ (၁) မှ

လှိုင်မြစ်အတွင်း စီးဝင်သော ပန်းလှိုင်မြစ်သည်လည်း လှိုင်သာယာစက်မှုဇုန်နှင့် ရန်ကုန်မြို့တစ်ဖက်ကမ်းတွင် အိမ်ရာဖော်ဆောင်မည့် မြို့သစ်တို့အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရန် အရေးပါသောမြစ် တစ်ခုလည်းဖြစ်သည်။ ပန်းလှိုင်ဂေါက်ကွင်းအနီး မြစ်ပိတ်တမံမတည်ဆောက်မီ ပန်းလှိုင်မြစ်ကမ်းတစ်လျှောက်နှင့် မြစ်ပြင်ကို ထိခိုက်စေမည့် လူနေတဲများ၊ ငါးစည်ဖောင်းလုပ်ငန်းများ၊ သဲ၊ ကျောက်လုပ်ငန်းများနှင့် ကားဝပ်ရှော့လုပ်ငန်းများ၊ မြစ်အတွင်း စီးဝင်နေသော စက်ရုံများမှ ဓာတုစွန့်ပစ်ရည်များကိုလည်း အသိပေးတားမြစ်ရန် လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် ဆပ်ပြာလုပ်ငန်း၊ ဆိုးဆေးနှင့် ငါး၊ ပုစွန် လုပ်ငန်းများဖြစ်သည်။ ပန်းလှိုင်မြစ်ရေကို ရေချိုသိုလှောင်ထိန်းသိမ်း သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် စီမံကိန်းများ လျာထားပါက မြစ်အတွင်း ထိခိုက်စေမည့် အရာများကို ကြိုတင်ဆောင်ရွက်ခြင်းသည် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ထိရောက်သော အထောက်အကူတစ်ရပ် ဖြစ်စေမည်ဖြစ်သည်။ ရန်ကုန်မြစ်၊ လှိုင်မြစ်သည် နိုင်ငံခြားဝင်ငွေနှင့် ပြည်တွင်းဝင်ငွေရရှိရန် စောင့်မျှော်နေသကဲ့သို့ ပန်းလှိုင်မြစ်သည်လည်း ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်နှင့် မြို့သစ်ဖော်ဆောင်မည့် တွံတေး၊ ဒလမြို့တို့အတွက် အထူးပင် အရေးပါလျက် ရှိနေပါသည်။ ပန်းလှိုင်မြစ်ဝမှ ရန်ကုန်မြို့ပြ၏ အလှနှင့် ရွှေရောင်လွှမ်းနေသော ရွှေတိဂုံစေတီတော်မြတ်ကို ဖူးတွေ့နိုင်သောကြောင့် အပန်းဖြေနေရာများ တည်ဆောက်နိုင်ပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအတွက် ဝင်ငွေရရှိစေမည့်အပြင် အနီးရှိ ကျေးရွာနေပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိစေမည် ဖြစ်သည်။ ရန်ကုန်မြစ်ဖြစ်သော လှိုင်မြစ်နှင့် ပန်းလှိုင်မြစ်တို့သည် ရန်ကုန်မြို့ပြအလှကို ပို၍ပေါ်လွင်စေရန် အထောက်အပံ့များစွာ ရှိနေပြီဖြစ်သည်။ ဝမ်းသာဂုဏ်ယူစရာတစ်ခုမှာ ခေတ်မီလှပသော ရန်ကုန်မြို့ပြနှင့် လိုက်ဖက်ညီသော ရန်ကုန်မြစ်၊ လှိုင်မြစ်ကို အချိန်မီပြုပြင် ဖော်ဆောင်နိုင်သေးသောကြောင့် ဖြစ်သည်။ မြစ်ကမ်းတစ်လျှောက်ရှိ မြေနေရာများကို အချိန်မီ ဖော်ဆောင်ရန်သာ လိုမည်ဖြစ်သည်။ ရန်ကုန်-ဒလ မြစ်ကူးတံတားကြီး ပြီးစီးပါက ရန်ကုန်မြစ် (လှိုင်မြစ်)၏ အလှကို ပေါ်လွင်စွာ တွေ့မြင်ရလျက် နိုင်ငံခြားသားများ အထူးစိတ်ဝင်စားကာ အာရှတွင် မြန်မာ့ဆိပ်ကမ်းအလှသည် ပန်းသတင်း လေညင်းဆောင်သည့်ပမာ သင်းပျံ့ကြိုင်စေရန် မြစ်ကမ်းတစ်လျှောက် ကစားကွင်း၊ အပန်းဖြေရာနေရာများဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏ အရှိန်ကို ဆက်လက်လုပ်ဆောင်သွားနိုင်မည် ဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်မြို့နေပြည်သူများ ရန်ကုန်မြို့တွင်းရှိ အပန်းဖြေနေရာများတွင် သွားရောက်အပန်းဖြေကြသည့်နည်းတူ သန့်ရှင်းလတ်ဆတ်သော မြစ်ပြင်မှ လေကိုရှူရှိုက်၍ ကိုယ်စိတ်နွမ်းနယ်မှုကို ဖြေလျှော့စေမည့် ရန်ကုန်မြစ်ကမ်းအပန်းဖြေရာ နေရာတစ်ခုအဖြစ် မျှော်လင့်နေကြသူများလည်း ရှိမည်ဖြစ်သည်။ သန့်ရှင်းသပ်ရပ်လှပသော မြစ်ကမ်းတစ်လျှောက်ဖြစ်စေ၊ အပန်းဖြေရာနေရာများဖြစ်စေ၊ ရေပေါ်ဈေးများဖြစ်စေ ပေါ်ထွန်းလာပါက ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားသော မြန်မာပြည်၏ စီးပွားရေး အချက်အချာဖြစ်သည့် ပင်လယ်ထွက်ပေါက်ရှိရာ ရန်ကုန်မြို့ပြသည် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားရာနေရာအဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်မြို့ပြအင်္ဂါနှင့် အညီ ရန်ကုန်မြစ်ကမ်းတစ်လျှောက် သာယာလှပရန် အချိန်မီပြုပြင် ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပခရီးသွားများနှင့် ပြည်သူများ စိတ်လက် အပန်းဖြေရာနေရာများ ပေါ်ထွန်းစေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရန်ကုန်မြေမှ ထူးခြားသော ဒါနပန်းတစ်ခင်းကို တွေ့မြင်ရခြင်း

—— တင်ဝင်းလေး( ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး ——

**မြန်မာနိုင်ငံတစ်ဝန်း မည်သည့်ဒေသ၊ မည်သည့်ကျေးလက်၊ မြို့ ရွာတွင်မျှ မရှိသော ဒါနပန်းတစ်ခင်းကို မြို့ရွှေတိုင်းဟု တင်စားခေါ်ဝေါ်သည့် ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ ပွင့်လန်းလျက်ရှိနေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်လျက်ရှိနေသည်။**

တစ်လလျှင် နှစ်ကြိမ် လပြည့်၊ လကွယ်အဖိတ်နေ့မှာသာလျှင် လန်းဆန်းဝေဖြာလျက်ပွင့်နေသည်မှာ နှစ်ပေါင်း ၂၅ နှစ် ကျော် ငွေရတုကာလကိုပင် လွန်မြောက်လာခဲ့ပြီဖြစ်သည်။

တိပစ္စာဆိုရသော် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်အနောက်ရပ်ကွက် ဦးကြွယ်ဟိုးလမ်းအတွင်း၌ဖြစ်သည်။

စာရေးသူအနေဖြင့် ရောက်ခဲ့သည်မှာ ဖေဖော်ဝါရီ ၁၃ ရက် တပို့တွဲလပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့(အဖိတ်နေ့)ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မြန်မာရက်နှင့် အင်္ဂလိပ်ရက်ထပ်တူညီကျသောရက်ဖြစ်ခဲ့သည်။

နံနက် ၇ နာရီကျော်သည်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးမှ သီလရှင်ဆရာကြီးဆရာလေးများက ခြေကျင်တစ်သွယ်၊ ကားဖြင့်တစ်တန် အလှူခံကြွလာကြသည်။ နံနက် ၈ နာရီကျော်သည်နှင့် ပေ ၁၂၀၀ မျှ ရှည်လျားသော လမ်းမဝဲယာ တစ်လျှောက် အပြည့်ဖြစ်လာသည်ကို တွေ့ရသည်။

ယခုကဲ့သို့ သာသနာ့နွယ်ဝင် သီလရှင်များကို အဓိကထား ကုသိုလ်ပြုမှုမှာ မြင်ရခဲလှစွာသော ဒါနမှုတစ်ခုဖြစ်နေသည်။ ထို့ကြောင့် ထူးခြားသော အလှူပွဲတစ်ခုဟု ဆိုရခြင်းဖြစ်သည်။

ထိုသို့သော ဒါနပန်းခင်းကို စိုက်ပျိုးနေသော ဥယျာဉ်မှူးမှာ သုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်နှင့် ဇနီးဒေါ်အေးမြင့်သန်း မိသားစုတို့နှင့် အတူ တပည့်လုပ်သားများအပြင် လမ်းသူလမ်းသား ဝိုင်းဝန်းသူတို့ဖြစ်ကြသည်။

အလှူရှင်ဇာတိမှာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ထနီးကျေးရွာမှ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းအတွက် ရန်ကုန်မြို့သို့ ပြောင်းရွှေ့အခြေချလာသူဖြစ်သည်။ သာသနာ့နွယ်ဝင် သီလရှင်များသို့ လှူဒါန်းမှုကို ၁၉၉၁ ခုနှစ်က စတင်ခဲ့သည်ဟု သိရသည်။

နံနက်ခင်းအလုပ်မှ ပြန်လာချိန်တွင် ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ အလှူခံထွက်နေသော သီလရှင်များကို မြင်တွေ့ရသည်မှာ မိမိစိတ်ကို ကြည်နူးမှု ဖြစ်စေခဲ့သည်ဟု ဆိုသည်။ သီလရှင်ကြီးကြီး ငယ်ငယ်တို့၏ မေတ္တာပို့သံက ပင်ပန်းလာသမျှစိတ်ကို အေးချမ်းစေခဲ့သည်။ ခွန်အားများကို ပြန်လည်ပြည့်စေခဲ့သည်။ ထိုသို့ ကြည်ညိုသဒ္ဓါစိတ်များပွားများလာရသည်မှ အစပြုကာ လှူဒါန်းမှုဖြစ်လာခဲ့သည်ဟု သိရသည်။

၁၉၉၃ -၁၉၉၄ ခုနှစ်တွင် ကြည့်မြင်တိုင်မြို့နယ် ဗိုလ်သူရလမ်းနှင့် ပိတောက်ပင်လမ်းဆုံတွင် အထိုင်ချမှုဖြစ်လာခဲ့ပြီး ထိုစဉ်က အပါး ၂၀၀ ခန့်ကို တစ်ပါးလျှင် ငွေကျပ် ၂၀ တန်၊ ၅၀ တန်တို့ဖြင့် အဖိတ်နေ့တိုင်းတစ်လလျှင် လေးကြိမ်လှူဖြစ်ခဲ့သည်ဟု ဆိုသည်။

၂၀၀၁ ခုနှစ်တွင် သီလရှင်ကျောင်းတိုက်ကြီးနှင့် နီးရာ စမ်းချောင်းမြို့နယ် ဝေဠုဝန်လမ်းကျယ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး လှူဒါန်းလာခဲ့ရာ ထိုစဉ်က အပါး ၇၀၀ မှ ၈၀၀ ခန့်ကို ၂၀၀၆ ခုနှစ်အထိ အပတ်စဉ်အဖိတ်နေ့တိုင်း လှူဖြစ်ခဲ့သည်ဟု သိရသည်။

၂၀၀၉ ခုနှစ်တွင် ယခုနေထိုင်ရာ ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်းတွင် ပြန်လည်အခြေချ နေထိုင်ပြီး သီလရှင်များ အလှူခံပြန်လည်ကြွရန် လိုက်လံဖိတ်မန္တကပြုခဲ့ရာ အပါး ၂၀၀ မှ ၃၀၀ အတွင်း ပြန်လည်ကြွလာခဲ့သည်ဟု ဆိုထားသည်။ ထိုနှစ်အတွင်းမှာပင် ရပ်နီးရပ်ဝေးမှ သီလရှင်အပါး ၇၀၀ မှ ၈၀၀ အကြား ရှိလာခဲ့ပြီး တစ်ပါးလျှင် ငွေကျပ် ၅၀၀ တန်၊ ၁၀၀၀ တန်အထိ လှူဒါန်းမှုပြုခဲ့သည်။

ယနေ့ကာလဝယ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလရှင် စာသင်တိုက်အားလုံးပင် အလှူခံရောက်ရှိလာရာ အပါး ၃၀၀၀ ကျော်ကို တစ်လလျှင်နှစ်ကြိမ် ကုသိုလ်ပြုနေခြင်းဖြစ်သည်ကို မြင်တွေ့နေရသည်။

အလှူရှင်က "အခုဆို အပါး ၃၀၀၀ ကျော်လောက်အထိ အလှူခံကြွလာကြတယ်၊ ငွေကျပ် ၁၀၀၀ တန်အုပ်ထဲမှာ ငါးရွက်စီခြားပြီး ကျပ် ၅၀၀၀ တန် တစ်ရွက်တစ်ရွက်စီညှပ်ထည့်ထားတယ်၊ ကံထူးသူက ကျပ် ၅၀၀၀ ရသွားတာပေါ့၊ ဒါက ပုံမှန်လှူဒါန်းမှုပါ၊ အခုဆို အတန်းလိုက် မလှူမီမှာအသက် ၆၀ နဲ့ အထက် သီလရှင်ကြီးတွေကို တစ်ပါး ကျပ် ၁၀၀၀ စီ အရင်လှူသွားတယ်၊ သီလရှင်ကြီးတွေ အနေနဲ့ အနည်းဆုံးကျပ် ၂၀၀၀ စီတော့ ရသွားမယ်၊ ဒီထက် ကံထူးရင် ကျပ် ၅၀၀၀ တန် အလှည့်နဲ့ ကြုံရင် စုစုပေါင်း ကျပ် ၆၀၀၀ အထိ ရသွားနိုင်ပါတယ်၊ လှူဒါန်းမှုအနေနဲ့ဆို ၁၅ ရက် တစ်ကြိမ်မှာ ငွေကျပ်သိန်း ၅၀ ကျော်ပါတယ်" ဟု ဆိုပါသည်။

ဆက်လက်၍ " သီလရှင်တွေက သံဃာတော်တွေလို နေ့စဉ် အပြင်ထွက်ခွင့်ရှိတာမဟုတ်ဘူး၊ တစ်ပတ်တစ်ခါ တောဖိတ်နဲ့ မြို့ဖိတ်နှစ်ရက်ထဲပဲ ထွက်ခွင့်ရထားတယ်၊ ကျောင်းတိုက်တွေမှာလည်း လာလှူတဲ့သူ နည်းပါးတယ်၊ ဒါကြောင့် အမြဲတမ်း ဆွမ်း၊ ဆေးအတွက် လိုအပ်မှုတွေရှိနေပါတယ်၊ ဒီလိုကြောင့် သီလရှင်တွေကို ဦးစားပေးအဓိက လှူဒါန်းနေတာဖြစ်ပါတယ်" ဟု ရှင်းပြခဲ့သည်။

ဤကဲ့သို့ ပုံမှန်လှူဒါန်းနေမှုအပြင် သီလရှင်ဆရာကြီးများ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေရသည်ဟု သိရှိပါက သိသည်နှင့် ဆေးရုံသွားရောက်ကာ ဆေးကုသမှုစရိတ်မှန် သမျှကိုတာဝန်ယူလှူဒါန်းမှု ပြုနေသူတစ်ဦးလည်း ဖြစ်သည်။

ထို့အပြင် စမ်းချောင်းမြို့နယ်မှ မြန်အောင်သီလရှင်စာသင်တိုက်၊ မရမ်းကုန်းမြို့နယ် ကိုးမိုင်ရွှေမြိုင်သီလရှင်စာသင်တိုက်၊ ဗဟန်းမြို့နယ်မှ အလယ်တောရ သီလရှင်စာသင်တိုက်၊ အင်းစိန်မြို့နယ် ဓမ္မဝါဒီသီလရှင်စာသင်တိုက်တို့မှ နွေရာသီစာမေးပွဲပြီး၍ မိမိဒေသသို့ ပြန်ကြွလိုသော သီလရှင်လေးများအား လမ်းစရိတ်အဖြစ် အပါးအရေအတွက် အကန့်အသတ် တစ်ပါးလျှင် ငွေကျပ် ၂၀၀၀၀ စီ လှူဒါန်းမှုလည်း ကြားသိရသူမှန်သမျှ သာဓုခေါ်ဆိုဖွယ်ပင် ဖြစ်ခဲ့သည်။

ကြည့်မြင်တိုင် ညဈေးဆိုက်ကားဂိတ်မှ ဂိတ်မှူး၏ ပြောပြချက်အရ သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် ကထိန်ရာသီတွင် ဆိုက်ကားဂိတ် ၂၀ ကို တစ်ဂိတ်လျှင် ငွေကျပ် သုံးသိန်းစီ မတည်၍ နှစ်စဉ် ကထိန်ခင်းစေခဲ့ခြင်းပင် ဖြစ်သည်။

ထို့အပြင် မိမိဇာတိမြေ၌ ငွေကျပ်သိန်း တစ်သောင်းကျော် အကုန်အကျခံကာ စေတီကြီးတစ်ဆူ တည်ပေးခြင်းအပြင် နှစ်စဉ်အိမ်ခြေ ၃၀၀၀ ကျော်ကို တစ်အိမ်ထောင်လျှင် ဆန်ငါးပြည်နှင့် ငွေကျပ် ၅၀၀၀ စီ ထောက်ပံ့လှူဒါန်းမှုသာမက ကံစမ်းမဲအဖြစ် ငွေကျပ် ငါးသိန်း၊ သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်း၊ ငါးသောင်း၊ သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်း၊ ငါးထောင် အထိ ဆုမဲပေါင်း ၅၀၀ ပြုလုပ်ကာ နှစ်ရက် နှစ်ကြိမ်တိုင်တိုင် လှူဒါန်းမှုဖြင့် အမိမြေကို ကျေးဇူးဆပ်ခဲ့သည်မှာ ရှစ်နှစ်မြောက်ခဲ့ပြီဟု သိခွင့်ရခဲ့သည်။

နောက်ဆုံး နေ့စဉ် နွမ်းပါးသူတို့အား နံနက်မုန့်စားရန် ငွေကျပ် ၃၀၀ တန် လက်မှတ်လေးများကို ဝေငှနေသည့်အပြင် အလုပ်ပြန်လမ်းတစ်လျှောက် သူ့အလာကို စောင့်မျှော်နေသော ခိုငှက်လေးများကို အစာကျွေးလာသည်ကပင် ငွေကြေးဖြင့် ပြန်လည်ဆန်းစစ်မိသည့် အချိန်၌ ကျပ်သိန်း ၁၅၀၀ ပင် ကျော်ခဲ့ပြီဟု ကုန်လွန်ခဲ့ပြီးသောကာလများကို ပြန်လည်မှန်းဆလျက် ပြောပြမှုကလည်း သာဓုအကြိမ်ကြိမ် ခေါ်ဆိုဖွယ် ဖြစ်ခဲ့ရသည်။

ထိုကောင်းမှုကုသိုလ် အထွေထွေတို့၏ အကျိုးဆက်က မနှေးမကြာ တုံ့ပြန်လာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်မှ ချီးမြှင့်သော သာသနာရေးဆိုင်ရာ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

၎င်း၏ ပြုပြုသမျှ ကုသလကို အားကျလျက် ဒါနပန်းခင်းမှ အပြန်လမ်းတစ်လျှောက်၌ သုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်၏ နိဂုံးကမ္ပတ် အဆုံးသတ်စကားလေးကို ပြန်လည်ကြားယောင်လာခဲ့သည်။

"လူတစ်ဦးတစ်ယောက် အခုလို လှူဒါန်းနိုင်မှုဆိုတာ ရှေးဘဝက ပြုခဲ့ဖူးတဲ့ ကုသိုလ်ကံနဲ့လည်း ဆိုင်ပါတယ်၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက် ဖြစ်လာပြီဆိုရင် ဒါန၊ သီလ၊ ဘာဝနာကို ပြုနေမှသာ နိဗ္ဗာန်မရောက်မီစပ်ကြား မြတ်သောဘဝကို ပြန်ရကြမှာပါ၊ ဒါမှ သံသရာတစ်ဖက်ကမ်းကို မပင်မပန်းဘဲ ကူးနိုင်ကြမှာပါ၊ အဲဒီမှာ ပြောခဲ့တဲ့ သုံးမျိုးအနက် တစ်မျိုးမျိုးမှာ ထုံမွှေ့ပြီး သက်ဆုံးတိုင် နေထိုင်သွားမယ်ဆို နောက်ဆုံး ဖြစ်လေရာရာ ဘဝတိုင်းမှာ ကောင်းသောအကျိုး၊ တူသောအကျိုးတွေနဲ့ ချမ်းချမ်းသာသာ နေထိုင်သွားနိုင်မယ်လို့ ယုံကြည်မိပါတယ်" ... ဟု။



အသက် ၆၀ နှင့်အထက် သီလရှင်များအား လှူဒါန်းနေသည့် အလှူရှင်ကို တွေ့ရစဉ်။



သီလရှင်များ အလှူခံရန် တန်းစီစောင့်ဆိုင်းနေကြစဉ်။

# ပြီးခဲ့သည့်အပတ်က အနည်းငယ်လှုပ်ခတ်သည့် ကားဈေးကွက်

## မူဝါဒကြောင့် ပြန်လည်ရပ်ဆိုင်းပြန်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

မင်းသော်

**ယခုသီတင်းပတ်အတွင်း ကားဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး အနည်းငယ်လှုပ်ခတ်စပြုလာသည့် ကားဈေးကွက်မှာ ပြန်လည် အနည်းထိုင် အေးစက်သွားရကြောင်း ကားဈေးကွက်အတွင်းမှ သိရှိရသည်။ လက်ရှိကားအရောင်းအဝယ် အေးစက်ရခြင်းမှာ မူဝါဒအပြောင်းအလဲတစ်ရပ်အပေါ် အခြေခံပြီး ရန်ကုန်လိုင်စင်ကားများမှာမူ ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်မားဆုံးဖြစ်နေကြောင်း သိရှိရသည်။**

အဓိကမှာ လာမည့်ဧပြီလဆန်းမှ စတင်၍ စီအိုအီးစနစ်ဖြင့် ရန်ကုန်လိုင်စင်ချထားပေးရန် စီစဉ်ဆောင်ရွက်မှုနှင့် နယ်လိုင်စင်ရရှိထားသည့် သက်တမ်း နှစ် ၂၀ ၊ တိုက်ကြေယာဉ်အိုယာဉ်ဟောင်း အပ်ကားများအား ရန်ကုန်လိုင်စင်ပြောင်းရန် ခွင့်မပြုတော့သည့် မူဝါဒများ ကြောင့် အရောင်း



အဝယ်မှာ ပြန်လည်အေး စက်ခဲ့ရခြင်း ဖြစ်ကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း အရောင်းအဝယ် အနည်းငယ်ဖြစ်သည့်ကားများမှာ ရန်ကုန်လိုင်စင် အင်ဂျင်ပါဝါနိမ့် မော်တော်ကားများနှင့် နယ်လိုင်စင် ပုံမှန်ပေါက်ဈေးထက် လျှော့ကာ ရောင်းချသည့် မော်တော်ကားများ ဖြစ်ကြသည်။ ရန်ကုန်လိုင်စင်ကားများတွင်လည်း လိုင်စင်ဟောင်း အလယ်အလတ်နံပါတ်များသာ အရောင်းအဝယ် အနည်းငယ်ရှိပြီး စတိကားများမှာမူ အရောင်းအဝယ်မရှိသလောက် ရပ်တန့်လျက်ရှိသည်။

အရောင်းပြခန်းများတွင်လည်း ရန်ကုန်လိုင်စင်ရရှိလိုသဖြင့် စလစ်လိုအပ်ချက်များကြောင့် ဈေးလျှော့မရောင်းနိုင်ကြသကဲ့သို့ အချို့ကားသစ်အရောင်းပြခန်းများမှာမူ အရစ်ကျ စနစ် အားကောင်းစေရန် ဘဏ်များနှင့် ပိုမိုချိတ်ဆက်၍ ဈေးကွက် အရောင်းမြှင့်တင်ခြင်းဖြင့် နယ်ဝယ်လက်များအထိ ဈေးကွက်ချဲ့ထွင်နေကြောင်း သိရသော်လည်း အများစုမှာ ဈေးနှုန်းမြင့်မားသဖြင့် ထင်သလောက် ခရီးမပေါက်ကြောင်းလည်း ကားဈေးကွက်ကျွမ်းကျင်သူအချို့က ပြောသည်။

ယခုသီတင်းပတ်အတွင်း စလစ်ဈေးမှာမူ နယ်စလစ်များ ဝယ်ယူသူမဲ့သည့် အနေအထားဖြစ်နေပြီး ရန်ကုန်လိုင်စင်စလစ်များမှာမူ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။ အကြောင်းမှာ ရန်ကုန်လိုင်စင် ပြန်လည်ရရှိရေးအတွက် ကားသစ်များ တင်သွင်းရာတွင် ရန်ကုန်လိုင်စင် စလစ်မှာ လိုအပ်ခြင်းကြောင့် ဖြစ်သည်။ လက်ရှိတွင် သက်တမ်းနှစ် ၂၀ အမည်ပေါက် စလစ်တစ်စောင်ဈေးနှုန်းမှာ ငွေကျပ်သိန်း ၁၃၀ ရှိနေပြီး စလစ်လိုအပ်ချက်မှာ များပြားလာနိုင်သေးကြောင်း သိရသည်။

လာမည့်နှစ် မော်တော်ယာဉ်တင်သွင်းခွင့်ကို ဇန်နဝါရီ ၂ ရက်က စတင်ခွင့်ပြုပေးခဲ့သော်လည်း ဘယ်မောင်းနှင့် အသားမကျသူများအတွက် တင်သွင်းရန် အားယူနေကြရမည့် ကာလဖြစ်ခြင်းကြောင့် ညာမောင်းများအတွက် အခွင့်သာ နေချိန်ဖြစ်သည်။ သို့သော် လက်ရှိ တွင် ဈေးမှာ အတက်ဈေးဖြင့် ငြိမ်သက်နေပြီး ပွင့်လင်းရာသီ အရောင်းအဝယ်ကောင်းချိန်တွင် တက်ဈေးကားများသည် အရောင်းအဝယ် အလွန်အားနည်းနေသည်။ ယခုအချိန်တွင် စတိကားများ၊ နံပါတ်ထွက်ပြီးသား ရန်ကုန်လိုင်စင်ကားများလည်း ယခင်လို အရောင်းအဝယ် အားမကောင်းဘဲ ငြိမ်သက်နေသည်ဟု သိရသည်။

"ကားဈေးကွက်ကတော့ ပုံမှန်အတိုင်း အေးစက်ဆဲပါပဲ၊ အဓိကကတော့ မူဝါဒအသစ်ပေါ့ဗျာ၊ လေးလပိုင်းကုန်လောက်အထိကတော့ ပုံသဏ္ဌာန် မပြောင်းနိုင်သေးဘူး၊ အများစုက ဘယ်မောင်းကားလည်း မတင်သွင်းနိုင်၊ ညာမောင်းကားလည်း မတန်ဈေးမို့ မပေးနိုင်၊ စလစ်ကစားဖို့ကြပြန်တော့လည်း ရန်ကုန်စလစ်က ရှားနေပြန်ဆိုတော့ ကားဈေးကွက်အတွင်းမှာ ရေတိုတစ်ကွက်စား အလုပ်အကိုင်လောက်ပဲ ဖြစ်တယ်၊ ရေရှည် ရင်းနှီးမြှုပ်နှံဖို့အတွက်ကတော့ အခက်အခဲတွေ အများကြီးပဲ၊ စွန့်စားဖို့ကျပြန်တော့လည်း လက်ရှိတောင် ညာမောင်းတစ်ပတ်ရစ်တွေ၊ ငွေအိပ်တာတွေ များနေတော့ အသစ်ထပ်ပြီး မမြှုပ်နှံနိုင်ကြတော့ဘူး"ဟု ကားဝယ်ရောင်းတစ်ဦးကလည်း လက်ရှိအခြေအနေကို သုံးသပ်ပြောပြသည်။ ။

### တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့်ဈေးနှုန်းများ

| ယာဉ် အမျိုးအစား | Model | လိုင်စင် | အင်ဂျင် ပါဝါ | နေရာ | ဈေးနှုန်း ကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2017 | ရန်ကုန် | 3000cc | အရောင်းပြခန်း | ၇၄၀ |
| Crown | 2008 | ရန်ကုန် | 3000cc | အရောင်းပြခန်း | ၇၄၀ |
| Parado | 2001 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၅၇ |
| Fit GK3 | 2013 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၉၉ |
| Harrier | 2004 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၀ |
| Wish | 2006 | ရန်ကုန် | 1800cc | အပြင်ဈေး | ၃၄၀ |
| Vitz | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၀၀ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၅ |
| Mark II | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၆၅ |
| Hijet | 2006 | ရန်ကုန် | 600cc | အပြင်ဈေး | ၁၁၀ |

**" ယခုအချိန်တွင် စတိကားများ၊ နံပါတ်ထွက်ပြီးသား ရန်ကုန်လိုင်စင်ကားများလည်း ယခင်လို အရောင်းအဝယ် အားမကောင်းဘဲ ငြိမ်သက်နေ "**

**အချပ်ပို (ခ) မှ**

ကန်ထရိုက်တိုက်ခန်းများဆောက်၍ လမ်းကို ကွန်ကရစ်ခင်းအပြီး မိမိတိုက်ရှေ့မျက်နှာစာမှလွဲ၍ အခြားနေရာများတွင် အရံအတားအဖြစ် ကွန်ကရစ်တုံးများ ကားမရပ်နိုင်ရန် ချသည်။ တိုက်ခန်းတစ်ခန်းလျှင် ကားတစ်စီးသာ နေရာပေးပြီး ကျန်ကားများ လမ်းပေါ်တွင်ညသိပ်သည်။ လမ်းက ကျဉ်းကျဉ်း ကွန်ကရစ်တုံးရှောင်ရ ကားရှောင်ရနှင့် အခြားကားနှင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်းက သူငယ်ချင်းဖြစ်သူ၏ အဖေ၊ အမေနှင့် တွေ့သည်။ ရန်ကုန်မြို့တော် စည်ပင်ရုံး ဘားလမ်းဘက်ရှိ အပေါက်တစ်ပေါက်၏အောက်တွင် အခြားသူများနှင့်ရော၍ ထိုင်နေသည်။ လာရင်းကိစ္စကို မေးကြည့်တော့ ကန်ထရိုက်တာက တိုက်ဆောက်အခန်းရောင်းပြီး ထွက်သွားသည်။ မြေပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပြန်မပေးခဲ့။ လူနေထိုင်ခွင့်လျှောက်မပေးခဲ့သည့်အတွက် မိမိတို့ကိုယ်တိုင် လာလုပ်ခြင်းဖြစ်ကြောင်း ပြောသည်။ အသက် ၇၀ ကျော် လူကြီးနှစ်ဦးကို နှုတ်ဆက်ထွက်ရင်း ပတ်ဝန်းကျင်ကိုကြည့်မိတော့ အလားတူ သက်ကြီးရွယ်အိုများကို တွေ့ရပြန်သည်။ တာဝန်ယူမှု တာဝန်ခံမှုရှိသော ကန်ထရိုက်တာများ မြို့တော်ရန်ကုန်အတွက် လိုအပ်လှသည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ကျင်းပခဲ့သော ဆောက်လုပ်ရေးကဏ္ဍတွင် တွေ့ကြုံနေရသော အခက်အခဲများ ဖြေရှင်းရေးနှင့် လုပ်ငန်းများ ရေရှည်တိုးတက်ရေးအတွက် နိုင်ငံတော်မှ ကူညီဖြေရှင်းပံ့ပိုးပေးနိုင်ပါရန် တင်ပြခြင်း အခမ်းအနားတွင် "အကြောင်းအမျိုးမျိုးကြောင့်၊ အခက်အခဲအမျိုးမျိုးကြောင့် ရင်ဆိုင်ပြီးတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းတွေဟာ ၂၀၁၅ ခုနှစ်ကစပြီး နှစ်နှစ်ခွဲကျော် အချိန်ကာလကစပြီး တဖြည်းဖြည်း ကျဆင်းလာပါတယ်၊ ကျဆင်းလာတဲ့အချိန်မှာ လုပ်ငန်းရှင်တွေအားလုံးဟာ ဘဏ်တိုးတွေ၊ ဝန်ထမ်းစရိတ်တွေ၊ လုပ်ငန်းစရိတ်တွေနဲ့ အချိန်ကုန်ပြီးတော့ အားလုံးပေးဆပ်နေရတာကို စိတ်မကောင်းဖွယ် တွေ့ရှိရပါတယ်။ နောက်ပိုင်းမှာ ဆောက်လုပ်ရေးတစ်ခေတ်ပြောင်းဖို့အတွက် မျှော်လင့်ချက်များစွာနဲ့ တမ်းတစောင့်မျှော်နေခဲ့ရပါတယ်၊ အင်အားအကြီး အသေးအပေါ်မူတည်ပြီးတော့ အချို့ဆိုလျှင်လုပ်ငန်းတွေ လျှော့ချလိုက်ပါပြီ၊ အချို့ဆိုရင် ရပ်ဖို့ပြင်ဆင်နေကြပါပြီ၊ အချို့ဆိုရင်လည်း ရပ်သွားကြပါပြီ" ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးရှိန်ဝင်းက ပြောသည်။

ဆောက်လုပ်ရေးကန်ထရိုက်တာလုပ်ငန်းများ ပြန်လည်စန်းထလာစေရန် လုပ်ငန်းရှင်များဘက်ကလည်း တာဝန်ယူတာဝန်ခံရန် လိုအပ်လှသည်။ မိမိတိုင်းဒေသကြီးအစိုးရများ၏ အသစ်ဖော်ဆောင်မည့် မြို့သစ်စီမံကိန်းများတွင် အားနှင့်အင်နှင့် ပူးပေါင်းရန် လိုအပ်သည်။ အလုပ်မဖြစ်တော့သော တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းများမှ အစုရှယ်ယာအသစ်များ ဖိတ်ခေါ်၍ အများပိုင်အဖွဲ့အစည်းများဖွဲ့ရန် လိုအပ်သည်။ တစ်ချိန်တည်းမှာပင် လူနေထိုင်ရန်သာမက လူမှုပတ်ဝန်းကျင်အဖွဲ့အစည်းတစ်ခု နေထိုင်ရန်အတွက်ပါ ရည်ရွယ်ဆောက်လုပ်ရန် လိုအပ်လာသည်။ ဈေး၊ ကျောင်း၊ ဆေးရုံ၊ ရဲစခန်း၊ ရုပ်ရှင်ရုံ၊ စာကြည့်တိုက်၊ ပန်းခြံအစရှိသော လူ့အဖွဲ့အစည်းအတွက် လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားတည်ဆောက်ရန် လိုအပ်လာသည်။

မြို့တော်ရန်ကုန်ကြီးကို ခေတ်မီအောင်တည်ဆောက်ရာတွင် မြို့သူ မြို့သားများ၏ လူနေမှုဘဝများကိုပါ ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ ခေတ်မမီတော့သော လမ်းများတွင် အထပ်မြင့်တိုက်များ ထပ်မံဆောက်လုပ်ရန် မသင့်တော့ချေ။ လူနေထိုင်မှု သိပ်သည်းသော မြို့နယ်များကို ရှောင်ရှား၍ လူနေကျဲပါးသော မြို့ကွက်သစ်များတွင် သပ်ရပ်လှပသော အဆောက်အအုံသစ်များကို ဆောက်လုပ်ရင်း ရန်ကုန်ဆောက်လုပ်ရေးလုပ်ငန်းများ တစ်ခေတ်ပြန်လည် ဆန်းသစ်နိုင်ကြပါစေကြောင်း . . . ။ ။

**အချပ်ပို (က) မှ**

ကနဦးရွှေ့ချယ်လိုက်ခြင်းဖြစ်ပြီး အသေးစိတ် ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ရဦးမှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းတည်ဆောက်တဲ့အခါ ရထားလမ်းကို နဂိုအတိုင်းထားရှိပြီး ကျန်တဲ့နေရာတွေပေါ်မှာ အဆောက်အအုံတွေ တည်ဆောက်မှာဖြစ်တာမို့ တည်ဆောက်ရေးကာလဟာ အနည်းဆုံးရှစ်နှစ်နဲ့ ၁၀ နှစ်ခန့်လည်း ကြာနိုင်တယ်လို့လည်း သိရပါတယ်။ စီမံကိန်းဧရိယာမှာ စုစုပေါင်း ၆၃ ဒသမ ၅ ဧကခန့်ရှိပြီး ကြမ်းခင်းဧရိယာ စုစုပေါင်း ၁ ဒသမ ၉ သန်း စတုရန်းမီတာ ကို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ တည်ဆောက် အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

ဒီလို ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းမှာတော့ ရန်ကုန်မြို့ပြ အမွေအနှစ် အဆောက်အအုံအဖြစ်သတ်မှတ်ထားတဲ့ လက်ရှိရန်ကုန်ဘူတာကြီး အဆောက်အအုံက ပါဝင်မှာမဟုတ်ဘဲ နဂိုရှိရင်းစွဲအတိုင်း ဆက်လက်ထားရှိသွားမှာ ဖြစ်တယ်လို့ သိရတာမို့ စိတ်အေးဝမ်းသာမှု ဖြစ်ရပါတယ်။

တကယ်တော့ ရန်ကုန်ဘူတာကြီးကို ပထမဆုံးအနေနဲ့ ၁၈၇၇ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၁၉၄၇ ခုနှစ်မှာတော့ မြန်မာအင်ဂျင်နီယာ ပညာရှင်ဦးတင်က မြန်မာဒီဇိုင်းပညာရှင်ဦးလှသွင်ရဲ့ ဗိသုကာပုံစံအတိုင်း ပြန်လည်ပြင်ဆင် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒီဇိုင်းပညာရှင်ဦးလှသွင်ရဲ့ဘူတာကြီး ဒီဇိုင်းကို ရထားအာဏာပိုင်အဖွဲ့က ၁၉၄၆ ခုနှစ် မေလအ ၇ ရက်မှာ ခွင့်ပြုခဲ့တာဖြစ်လို့ အဲဒီပုံစံအတိုင်း ဦးတင်က တည်ဆောက်ခဲ့ရာမှာ ၁၉၅၄ ခုနှစ်မှာ ပြီးစီးခဲ့ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၄ ဒသမ ၇၅ သန်းရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီလို တည်ဆောက်ခဲ့တဲ့ ရန်ကုန်ဘူတာကြီးကို ၁၉၅၄ ခုနှစ် ဇွန် ၅ ရက်မှာ စတင်ဖွင့်လှစ်ခဲ့တာကြောင့် အခုဆိုရင် ရန်ကုန်မြို့ပြ အမွေအနှစ်အဖြစ်သတ်မှတ်ထားတဲ့ အဆောက်အအုံတစ်ခု ခံ့ထည်စွာ တည်ရှိနေခြင်းဖြစ်ပါတယ်။

အခုဘက်စုံစီမံကိန်းမှာတော့ အထပ်မြင့်အဆောက်အအုံပေါင်း ၂၀ ခန့်အပါအဝင် ဒီဇိုင်းပုံစံအသစ်နဲ့ ရထားဘူတာရုံအသစ်တစ်ခုလည်း ပါဝင်မှာဖြစ်တာကြောင့် ရန်ကုန်ဘူတာကြီးရဲ့အဟောင်းနဲ့ အသစ် ဒီဇိုင်းလက်ရာတွေ နှိုင်းယှဉ်လေ့လာနိုင်မှာ ဖြစ်သလို ဒီစီမံကိန်းကြောင့် မြို့ပြဖွံ့ဖြိုးမှု၊ ပြည်သူများ ခရီးသွားလာမှုနဲ့ ခရီးသွားလုပ်ငန်းတွေပါ အဆင်ပြေချောမွေ့နိုင်မှာ ဖြစ်တာကြောင့် ရန်ကုန်မြို့ရဲ့အလှကတော့ လှချင်တိုင်းလှပနေတော့မှာဖြစ်ပါတယ်။ ။

ရန်ကုန်ဘူတာကြီး

